# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၈၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ ကြာသပတေးနေ့။


**အေးစေ မြဲစေ မေတ္တာရေ**

- ❖ နှစ်ရှာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုအား ခရစ်တော်မွေးနေ့အကြို မေတ္တာပို့ဆုတောင်းကောင်းချီးပေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့်မိသားစုတို့ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့် မိသားစုတို့အား ခရစ်တော်မွေးနေ့အကြိုအဖြစ် မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ အမှုဆောင် အတွင်းရေးမှူးနှင့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က ယနေ့ ညနေ ၆ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ လာရောက်ကောင်းချီးပေး ဆုတောင်းကြသည်။

ဆုတောင်းပွဲတွင် ဦးဖေဇင်အောင်နှင့် ဦးလင်းထက်တို့ ဦးဆောင်သော တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က ဓမ္မတေးသီချင်းများသီဆို၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်သမ္မတတို့အတွက် မေတ္တာပို့ဆုတောင်းကောင်းချီးပေးကြသည်။

***စာမျက်နှာ ၃ ကော်လံ ၁ ✻***



# ဒေါ်လာသန်း ၁၀၀ ခန့်ကုန်ကျခံ ပြင်ဆင်မည့် ရန်ကုန်မြို့မှ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)

**ဘာသာပြန် - ကျော်သဲအိမ်**

ဒီဇင်ဘာ ၁၅ ရက်ထုတ် ပြင်သစ်နိုင်ငံ သတင်းစာတစ်စောင်ဖြစ်သည့် International New York Times (France) က မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ကိုလိုနီခေတ်အဆောက်အအုံများစွာရှိသည့်အနက် အတွင်းဝန်ရုံး (ဝန်ကြီးများရုံး)မှာ ထင်ရှားသည့် သမိုင်းဝင်အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ကိုလိုနီခေတ်က ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်ခဲ့သော်လည်း ၂၀၀၅ခုနှစ် နေပြည်တော်သို့ အစိုးရပြောင်းရွှေ့သွားချိန်တွင် မြန်မာနိုင်ငံ၏မြို့တော်မှာ နေပြည်တော်အဖြစ်ထင်ရှားခဲ့ကြောင်း၊ ယင်းနောက်ပိုင်းအစိုးရ၏ အသည်းနှလုံးအဖြစ်တည်ရှိခဲ့သော အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)မှာ ရန်ကုန်မြို့တွင် ထီးတည်းကျန်ရစ်ခဲ့ပြီး ပြင်ဆင်မွမ်းမံမှုများ လိုအပ်နေကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ မြေးဖြစ်သူဦးသန့်မြင့်ဦး၏ ပြောကြားချက်အရ ယင်းအဆောက်အအုံ၏ ပြင်ဆင်မွမ်းမံစရိတ်မှာ ဒေါ်လာသန်း ၁၀၀ ခန့်ကုန်ကျမည်ဟုသိရကြောင်း၊ အာဆီယံထိပ်သီးအစည်းအဝေးဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော အမေရိကန်သမ္မတ အိုဘားမားနှင့်တွေ့ဆုံစဉ် ဦးသန့်မြင့်ဦးက ရန်ကုန်မြို့နှင့်

***စာမျက်နှာ ၇ ကော်လံ ၆ ✻***


"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ **Future Auto** မှာ ကား ဝယ် စို့"

- ❖ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- ❖ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခံဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- ❖ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀) ... Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - ... Ph: 09-254346475, 01-8500492
Show Room(3) - ... Ph: 09-254342979
Mandalay - ... Ph: 09-795594006, 09-795594008

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအလေးထား

လူ၊ တိရစ္ဆာန်နှင့် အပင်တို့သည် အညမညသဘောအားဖြင့် အပြန်အလှန်အကျိုးပြုလျက်ရှိပါသည်။ အထူးသဖြင့် အပင်နှင့် တိရစ္ဆာန်တို့သည် လူသားတို့အား များစွာအကျိုးပြုလျက်ရှိပါသည်။ သို့ရာတွင် လူတို့၏အကျိုးစီးပွားများတစ်စုံတစ်ရာအတွက် အပင်နှင့် တိရစ္ဆာန်များကို အသုံးချမှုများပြားလာ၍ ဂေဟစနစ်များ ထိခိုက်ပျက်စီးကာ လူသားတို့အား တစ်ဖန်သဘာဝဘေးအန္တရာယ် အမျိုးမျိုးက ခြိမ်းခြောက်လျက်ရှိသည်။

လူ၊ တိရစ္ဆာန်နှင့် အပင်တို့သည် အပြန်အလှန်အကျိုးပြုနေကြသည့်အလျောက် လူတို့အနေဖြင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းကို လူတိုင်းအလေးထားဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် သားငှက်တိရစ္ဆာန်များ မှီခိုကျက်စားရာနေရာများအား သဘာဝနယ်မြေများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးတို့ဖြင့် ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဒီရေတောများသည် ကုန်းတွင်းပိုင်းနှင့် အဏ္ဏဝါဂေဟစနစ်များအကြား ဆက်စပ်ပေးသည့်နေရာတွင် ရပ်တည်လျက်ရှိပြီး ကုန်းနေရေနေ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ရပ်တည်နိုင်သည့် ဂေဟစနစ်လည်းဖြစ်ပါသည်။ နိုင်ငံအတွင်းနှင့်ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဆိုင်ရာ အရေးပါသည့် သဘာဝနယ်မြေများအား ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်များ (Asean Heritage Park) အဖြစ်သတ်မှတ်ဆောင်ရွက်ခဲ့ရာ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

သစ်တောဦးစီးဌာနက မိန်းမလှကျွန်းဘေးမဲ့တောအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်တည်ရှိမှုအခြေအနေကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး သယံဇာတ စာရင်းကောက်ယူခဲ့ရာ ဘေးမဲ့တောအတွင်း ဒီရေတောသစ် ၂၉ မျိုး၊ ပရဆေး ၃၈ မျိုး၊ သစ်ခွခုနစ်မျိုး ရှင်သန်ပေါက်ရောက်လျက်ရှိသည့်အပြင် နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ရေချိုရေငန် မိကျောင်းအပါအဝင် တွားသွားသတ္တဝါ ၃၆ မျိုး၊ ငှက်မျိုးစိတ်၁၄၈မျိုး၊ လိပ်ပြာမျိုးစိတ် ၃၅ မျိုး၊ ရေနေသတ္တဝါ ၇၂ မျိုး ကျက်စားလျက်ရှိကြောင်း သိရသည်။

ယခုအခါ၌မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း သစ်တောဦးစီးဌာနက သစ်တောပြန်လည်ပြုစုစိုက်ပျိုးခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း၊ အသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အပြင် အပင်နှင့်တိရစ္ဆာန်များ သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် ဤကဲ့သို့ဘေးမဲ့တောများအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း အပင်နှင့်တိရစ္ဆာန်များ မျိုးသုဉ်းမပျောက်ကွယ်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း



# ရန်ကုန်မြို့တွင်းမှ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ကျောင်းသို့ ခရီးသည်တင်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲပေးရန် လိုလားလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်မြို့တွင်းမှ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ကျောင်းသို့ ယခင်ပြေးဆွဲပေးနေသော ရွှေအင်းဝခရီးသည်တင် ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်အမှတ် (၁၉၇)၊ မထသ ခရီးသည်တင်ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်အမှတ် (၂၁၀ အထူး) နှင့် ပါရမီခရီးသည်တင်ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်အမှတ် (၁၈၂) တို့ကြောင့် စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများမှာ ခရီးသွားလွန်စွာအဆင်ပြေချောမွေ့ခဲ့ကြကြောင်း သိရသည်။

ယခုအခါ အဆိုပါခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်သုံးမျိုးစလုံးမှာ ပြေးဆွဲပေးခြင်းမရှိသောကြောင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများမှာ လွန်စွာအခက်အခဲ ဖြစ်နေကြကြောင်း၊ နေ့စဉ်ကျောင်းသို့ တိုက်ရိုက်ပြေးဆွဲပေးနေသော ခရီးသည်တင်ယာဉ် တစ်စီးတလေမျှ မရှိသဖြင့် အခက်အခဲဖြစ်နေကြကြောင်း ကြားသိရသည်။ ထို့အပြင် ကမာရွတ်၊ ကြည့်မြင်တိုင်၊ အလုံ၊ လသာမြို့နယ်နှင့် ပန်းဆိုးတန်းအစရှိသည့် ယာဉ်မှတ်တိုင်များမှ တက်ရောက်ကြသော ကျောင်းသား ကျောင်းသူများမှာလည်း ခရီးသည်တင်ယာဉ်ကို အနည်းဆုံး နှစ်ဆင့်ပြောင်းစီးနေကြရသည်။

ကျောင်းသား ကျောင်းသူများက ယခင်သတ်မှတ်လမ်းကြောင်းများအတိုင်း ပြေးဆွဲပေးခဲ့သော ခရီးသည်တင်ယာဉ်လိုင်းများကို ပြန်လည်ပြေးဆွဲပေးရန် လိုလားလျက်ရှိနေကြောင်း သိရသည်။

**တင်လှမောင်**



# တောင်ပေါ်ကျေးရွာရှိ တိုင်းရင်းသားများအား စိစစ်ရေးကတ်ပြား ပြုလုပ်ပေး

**နမ့်ခမ်း ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် (မြောက် ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့ (၂၇) မိုင်ကျော်ဝေးသည့် မိုင်းဝီကျေးရွာအုပ်စု တွန့်ဟုန်းကျေးရွာအုပ်စုရှိ တိုင်းရင်းသားပြည်သူများအား နမ့်ခမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးဦးစီးအရာရှိ ဦးဘီနော်လီနှင့် ရုံးအဖွဲ့သည် မိုးပွင့်အဆင့် (၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မိုးပွင့်အဆင့် (၇) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် မူဆယ်ခရိုင် ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကို၊ နမ့်ခမ်းမြို့နယ် တအာင်း(ပလောင်) စာပေယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကျော်တို့နှင့်အတူ ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျေးရွာအုပ်စုနှစ်စုကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးခဲ့ရာ နိုင်-၃(က) အသက် (၁၀) နှစ်ပြည့် ၁၇ ဦး၊ နိုင်-၆ အသက်(၁၈) နှစ်ပြည့် ၂၃၇ ဦးတို့ကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**




# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းနှင့် မှုခင်းကျဆင်းရေးဆွေးနွေး

**စလင်း ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက စလင်းမြို့မရဲစခန်း ဓမ္မာရုံတွင် မှုခင်းကျဆင်းရေးနှင့် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းများကို ဆွေးနွေးပွဲကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် စလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ရှိန်နှင့် မြို့မရဲစခန်းမှူးဒုရဲမှူး ဝင်းတင့်တို့က ၂၀၁၃-၂၀၁၄ ခုနှစ် မှုခင်းများဖြစ်ပွားမှုနှိုင်းယှဉ်ချက်များနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော ရဲတပ်ဖွဲ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။တက်ရောက် လာသော လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများကလည်း ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးကြသည်။ ၎င်းဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လွင်၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးအေးဟန်ချိုနှင့် စလင်းမြို့မှမီဒီယာများ တက်ရောက်ကြကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ





✻ ရှေ့ဖုံးမှ

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ အမှုဆောင်အတွင်းရေးမှူး သိက္ခာတော်ရဆရာ ဦးစောဒိုးဒိုးဝါးက နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အတွက် မေတ္တာပို့ ဆုတောင်းကောင်းချီးပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား ဓမ္မတေးအဖွဲ့မှ ကလေးငယ်တစ်ဦးက ခရစ္စမတ် လက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုတို့က ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစုတို့အား ခရစ်တော်မွေးနေ့ အကြိုအဖြစ် ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က လာရောက်ကောင်းချီးပေး ဆုတောင်းကြစဉ်။**

(သတင်းစဉ်)

# ကျေးလက်ပြည်သူများနှင့် ထိတွေ့ဆက်ဆံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်





**ပြင်ဦးလွင် ဒီဇင်ဘာ ၂၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ် (၁၁၀)နှင့် မြန်မာနိုင်ငံမြေတိုင်းကျောင်း၊ အရာရှိသင်တန်းအမှတ်စဉ်(၄၉)၊ အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ် (၇၃) ကျောင်းဆင်းပွဲစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်းစစ်ရေးပြကွင်း၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အလံကိုင်တပ်ဖွဲ့နှင့် သင်တန်းဆင်းတပ်ခွဲများက ပြည်ထောင်စုဝန်ကြီးအား အလေးပြုကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသစ်တောကျောင်းနှင့် မြေတိုင်းကျောင်းမှ ဘက်စုံထူးချွန်ဆု၊ စာပေထူးချွန်ဆု၊ လက်တွေ့ထူးချွန်ဆု၊ အားကစားထူးချွန်ဆုရ အကောင်းဆုံး စစ်ရေးပြတပ်ခွဲဆုရ သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းဆင်းပွဲစစ်ရေးပြအခမ်းအနား၌ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၈၉၈ ခုနှစ်ကစ၍ စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့အချိန်တွင် (၁၁၆)နှစ်ရှိခဲ့ပြီး သစ်တောဝန်ထမ်း ၅၈၆၄ ဦးအထိ မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ သစ်တောဝန်ထမ်းများသည် ကျေးလက်ဒေသအနှံ့ တာဝန်ထမ်းဆောင်နေကြရသည့်အတွက် ကျေးလက်ပြည်သူများနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

မြေအသုံးချမှုမူဝါဒနှင့် မြေယာစီမံခန့်ခွဲရေးတို့တွင် စနစ်တကျဖြစ်စေရန် အမျိုးသားမြေအသုံးချမှုမူဝါဒရေးဆွဲခြင်းလုပ်ငန်းကို အချိန်ကာလ၊ လုပ်ငန်းစဉ်များ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြေယာမဲ့ပြည်သူများကို မြေအသုံးချခွင့်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာရောက်ကြောင်း။

ထို့အပြင် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သီးနှံသစ်တောစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားမည်ဖြစ်ကြောင်း။

သစ်တောပြုန်းတီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုပမာဏသည် ကမ္ဘာ့အသီးသီးမှထုတ်လွှတ်မှု၏ ၁၇ ဒသမ ၄ ရာခိုင်နှုန်းရှိနေသောကြောင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးတွင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ၂၀၁၄ ခုနှစ် ဧပြီလမှစ၍ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းခဲ့သည့်အပြင် သစ်ထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိအောင် ဆောင်ရွက်ခြင်းမပြုတော့ဘဲ ပြည်တွင်းလိုအပ်ချက်အတွက်သာ ထုတ်လုပ်သုံးစွဲသွားမည် ဖြစ်ကြောင်း၊ တရားမဝင် သစ်ခိုးထုတ်မှုများကြောင့် သစ်တောသယံဇာတများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် တရားဝင်သစ်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် "သစ်တောဥပဒေသက်ရောက်မှု၊ စီမံခန့်ခွဲမှုနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်" ကိုဥရောပသမဂ္ဂ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

သင်တန်းတက်ရောက် အောင်မြင်ပြီးကျရာဒေသတွင် ကျောင်းဆင်းသင်တန်းသားများအနေဖြင့် ကိုယ်ကျင့်တရား၊ စိတ်ဓာတ်၊ စာရိတ္တ၊ လုပ်ရည်ကိုင်ရည်ကောင်းမွန်စွာနှင့် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ရိုးသားကြိုးစားစွာဖြင့် စေတနာထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမြေတိုင်းကျောင်း၊ အရာရှိသင်တန်းအမှတ်စဉ်(၄၉)နှင့် အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ်(၇၃) တို့မှ သင်တန်းသားများအား မှာကြားသည်။ ထို့နောက် အလံကိုင်တပ်ဖွဲ့နှင့် သင်တန်းဆင်းတပ်ဖွဲ့များက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်ရတနာခန်းမတွင် ကျောင်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပခဲ့ပြီး အခြေခံသစ်တော ပညာသင်တန်းအမှတ်စဉ် (၁၁၀) မှ သင်တန်းသား ၁၀၄ ဦး၊ မြန်မာနိုင်ငံ မြေတိုင်းကျောင်းအရာရှိသင်တန်းအမှတ်စဉ်(၄၉)မှ သင်တန်းသား ၁၅ ဦး၊ အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ် (၇၃)မှ သင်တန်းသား ၂၈ ဦးတို့အား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး AEC နိုင်ငံ ခရီးသွားလုပ်ငန်းဆု လက်ခံရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ Lonely Planet Traveller မဂ္ဂဇင်း၏ Lonely Planet Traveller Destination Awards 2014 တတိယအကြိမ်မြောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံကို အကောင်းဆုံး AEC နိုင်ငံ ခရီးသွားဆု ( Best in Travel - AEC Country ) ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုကို Lonely Planet Traveller မဂ္ဂဇင်း၏ Online စာဖတ်သူများက ဇူလိုင်လမှ စက်တင်ဘာလအတွင်း လေ့လာဆန်းစစ်ချက်များအပေါ် အခြေခံ၍ ဆုရွေးချယ်ပေးအပ်ခြင်း ဖြစ်သည်။

Lonely Planet Traveller မဂ္ဂဇင်းမှ Destination Awards-International ခေါင်းစဉ်ဖြင့် ဆုအမျိုးအစားကိုးမျိုးနှင့် Destination Awards For Thailand ခေါင်းစဉ်ဖြင့် ဆုအမျိုးအစား ၁၀ မျိုးတို့ကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်ရာ မြန်မာနိုင်ငံမှ လက်ခံရရှိသောဆုမှာ Destination Awards- International ခေါင်းစဉ်တွင် ပါဝင်သော ဆုအမျိုးအစားဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


**လူပျောက်**



အထက်ပါဓာတ်ပုံရှင် သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်စီမံကိန်း(၂)၊ ဗိုလ်တေဇလမ်းသွယ် ၃၊ အမှတ် ၃၁၇နေ ဦးညွန့်မောင်-ဒေါ်ဟိုး၏သား ကိုယဉ်ထွေး အသက်(၃၉)နှစ် (စိတ်ဝေဒနာရှင်)သည် ၂၈-၉-၂၀၁၄ရက် ၁၉းဝဝနာရီခန့် နေအိမ်မှ တောင်ဥက္ကလာပမြို့နယ်ရှိ ၄င်းဆေးခန်းသွားရောက်ပြသနေကျ ဆေးခန်းသို့ထွက်သွားရာ ပြန်မလာပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ကိုဌေးလွင် ဖုန်း-၀၉-၄၂၅၀၁၄၇၄၉**

GOLDEN STAR Travels & Tours
Scania, Volvo, Yutong အဆင့်မြင့်ကားများဖြင့်...
ကျိုက်ထီးရိုး (နေ့စဉ်) သံသာတော် / ဆီလရှင် အစရှိ
ချောင်းသာ (နေ့စဉ်) ငွေဆောင် (သော်ကြာ)
Ph: 209200,430480,544383,703448,705968

**ယာဉ်မောင်းအလိုရှိသည်**
မေတ္တာညွှန့်၊ ကျောက်မြောင်း၊ တာမွေအနီး ဦးစားပေးမည်။
လစာ- ညှိနှိုင်းဈေး
ဖုန်း-၅၁၃၈၈၁၇၊ ၂၅၈၀၀၀၄၄၂

**ဖုန်း SIM CARD ဝယ်သည်။**
၅၀/၇၃/၄၉/၆၇
မင်းကိုနိုင်
ဖုန်း-၀၉-၅၀၆၀၁၈၉၊ ၀၉-၅၄၀၄၅၉၆

**CLAIMS DAY NOTICE**
**M.V CITY OF MUMBAI VOY:NO(14)**

Consignees of cargo carried by M.V CITY OF MUMBAI VOY: NO. (14) are here by notified that the vessel will arrive on about 27-12-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၃၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

■ *ကျောဖုံးမှ*

အောက်မေ့သတိရသောအားဖြင့် နှစ်မိနစ် ငြိမ်သက်ဂါရဝပြုခြင်း၊ နိုင်ငံတော်သမ္မတ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့မိန့်ခွန်း နာယူခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုခြင်း၊ နိုင်ငံတော်သမ္မတအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံ ကင်းထောက်လူငယ်၊ မြန်မာနိုင်ငံ ကြက်ခြေနီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားပြု စစ်ရေးပြတပ်ဖွဲ့များ ပါဝင်ချီတက်အလေးပြုခဲ့ကြပြီး စုစုပေါင်းအင်အား ၇၁၂၈ ဦးရှိကြောင်း သိရသည်။

ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ အဆုတ်မနစ် ကြိုးပမ်းမှုများကြောင့် ရရှိခဲ့သည့် လွတ်လပ်ရေးကြီးတည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးစေရန်သည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ဖြစ်သည်နှင့်အညီ မမေ့မလျော့ဆောင်ရွက်ရန် သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ်ထိုနေ့တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများကို ဆင်ယင်ကျင်းပခြင်းဖြစ်သည်။

၁၉၄၈ ခုနှစ်မှစ၍ လွတ်လပ်ရေးအောင်ပွဲနှင့် ဗိုလ်ရှုသဘင်အခမ်းအနားများကို ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပခဲ့ရာ ယင်းအချိန်က နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သမ္မတစဝ်ရွှေသိုက်နှင့် သမ္မတဒေါက်တာဘဦးတို့ တက်ရောက်ခဲ့ကြကြောင်းနှင့် ၁၉၅၄ခုနှစ်မှစ၍ ၁၉၆၂ ခုနှစ်အထိ လွတ်လပ်ရေးအောင်ပွဲနှင့် ဗိုလ်ရှုသဘင် အခမ်းအနားများကို ရန်ကုန်မြို့ပြည်လမ်းရှိ ဗိုလ်ရှုခံစင်မြင့်၌ ကျင်းပခဲ့ရာ ယင်းအချိန်က သမ္မတတာဝန်ထမ်းဆောင်ခဲ့သည့် သမ္မတ ဒေါက်တာဘဦးနှင့် သမ္မတမန်းဝင်းမောင်တို့ တက်ရောက်ခဲ့သည်။



(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုလေ့ကျင့်နေမှုကိုတွေ့ရစဉ်။

ဓာတ်ပုံ- သန်းဦး (လေးမျက်နှာ)

လွတ်လပ်ရေးနေ့ အခါသမယတွင် ဗိုလ်ရှုသဘင်အခမ်းအနားများ ကျင်းပ၍ နိုင်ငံတော်သမ္မတအား ချီတက်အလေးပြု၍ ဂုဏ်ပြုရခြင်းသည် မြန်မာနိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော တန်ဖိုးကြီးမားသည့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရယူပေးခဲ့ကြသည့် တိုင်းရင်းသား ပြည်သူအပေါင်းတို့နှင့်တကွ အသက်သွေးချွေးပေးဆပ်ခဲ့ကြသော တပ်မတော်သားများအား ဂုဏ်ပြုမြှင့်တင်သောအားဖြင့် တပ်မတော်သားနှင့် ပြည်သူတစ်ရပ်လုံးပါဝင်ချီတက်အလေးပြုကြကာ မြန်မာနိုင်ငံ၏ အကြီးအကျယ်အခမ်းအနားဆုံး အောင်ပွဲကြီးအဖြစ် ဖော်ထုတ်ပြသနိုင်ခဲ့သည်။

ထိုသို့ နှစ်ပေါင်း (၅၀)ကြာ တိမ်မြုပ်နေသော မြန်မာနိုင်ငံ၏ ကောင်းမြတ်သည့် အစဉ်အလာတစ်ခုကို ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြန်လည်ဖော်ထုတ် ပြသနိုင်တော့မည်ဖြစ်၍ မျက်မှောက်ခေတ် ပြည်သူများအနေဖြင့် ဝမ်းပန်းတသာ မြင်တွေ့ကြရတော့မည် ဖြစ်သည်။

**(သတင်းစဉ်)**

# ဆရာအတတ်ဖြင့် အနာဂတ်ကိုတည်ဆောက်မည့်ဆောင်ပုဒ်နှင့်အညီ ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်

ခင်ချိုဝင်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

စွမ်းဆောင်ရည်ထက်မြက်သော ကျောင်းသားလူငယ်များအား ရှေ့ဆောင်လမ်းပြဆရာကောင်း ဆရာမွန် ဘက်စုံထူးချွန်သည့်ဆရာ ဆရာမများ အခြေခံပညာရေးရင်ပြင်တွင် စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေးကိုရည်ရွယ်ကာ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့နှင့်



ဦးတင်လှိုင်

တော်ဝင်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်သည့် "ထူးချွန်ဆရာဆု" ရွေးချယ်ချီးမြှင့်ရေးကို ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်၍ ပထမဆုံးအကြိမ်အဖြစ် ချီးမြှင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ထူးချွန်ဆရာဆုချီးမြှင့်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရွေးချယ်ခံခဲ့ရသည့် ဆရာ ဆရာမ ၅၄ ဦးတို့သည် ဗဟိုအဆင့်ယှဉ်ပြိုင်ပွဲအတွက် ရန်ကုန်မြို့၌ နေရာများခွဲ၍ ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် စာတွေ့လက်တွေ့ ရေးဖြေနှုတ်ဖြေ ဖြေဆိုခဲ့ကြပြီးဖြစ်သည်။

"ထူးချွန်ဆရာဆု"ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က သိလိုသည်များကို ရန်ကုန်ပညာရေး ကောလိပ်၌သွားရောက်တွေ့ဆုံ၍ သိရှိရသည်များကို ဖော်ပြလိုက်ပါသည်။

**ဦးတင်လှိုင် (စီမံကိန်းဒါရိုက်တာ၊ ပညာတန်ဆောင်အဖွဲ့)**

မြန်မာနိုင်ငံမှာ ထူးချွန်ဆရာရွေးချယ်တဲ့အစီအစဉ်က ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူများကိုတော့ ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများဆိုပြီး ရွေးချယ်ခဲ့တာကတော့ ၁၉၉၆ ခုနှစ်ကစပြီး ရွေးချယ်ခဲ့တာ။ အဲဒီအချိန်ကစပြီး ဒီဘက်အထိကို ဆရာထူးချွန်ဆိုတာ တစ်ခါမျှ မရွေးချယ်ခဲ့သေးပါဘူး။ ဒါနဲ့ပတ်သက်လို့လည်း ပညာရေးဝန်ကြီးဌာနကလည်း လိုလိုလားလားရှိတယ်။ တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းအဖွဲ့ကလည်း စေတနာသဒ္ဓါတရားထက်သန်တယ်။ ကျွန်တော်တို့ ပညာတန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးသန်းဦးကိုယ်တိုင်ကလည်း ဒါကို တက်တက်ကြွကြွပါဝင် ကူညီချင်တယ်ဆိုတဲ့ သုံးဦးသုံးဖလှယ်ပေါင်းလိုက်တဲ့အခါ ဒီလုပ်ငန်းတစ်ခုက အောင်မြင်လာတာပါပဲ။

ရည်ရွယ်ချက်ကတော့ သက်



ဆရာ ဦးအောင်ဇေယျ

ဆိုင်ရာကျောင်းအလိုက်၊ တိုင်းဒေသကြီးအလိုက်၊ မြို့နယ်အလိုက်၊ အမျိုးသား အဆင့်အလိုက် ထူးချွန်တဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြ ဆရာ ဆရာမတွေ ပေါ်ထွက်လာဖို့ပါပဲ။

နောက်တစ်ချက်ကတော့ သူတို့ကို အကြောင်းပြုပြီးတော့ ကျန်တဲ့ ဆရာ ဆရာမတွေကလည်း အားကျလာအောင် အတုယူလာအောင် ဒီလိုနည်းပေးလမ်းပြသဘောမျိုး စံပြနမူနာသဘောမျိုး လုပ်ဆောင်ပေးခြင်းဖြစ်ပါသည်။

နောက်တစ်ချက်က ပညာရေးမြှင့်တင်မှုတွေ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ဆရာ ဆရာမများက အဓိကကျပါတယ်။ ဒါကြောင့်မို့ ဆရာ ဆရာမများရဲ့ သင်ကြားမှုအရည်အချင်းတွေ၊ ဆရာ ဆရာမများရဲ့ စွမ်းဆောင်ရည် မြင့်မားလာတာနဲ့အမျှ ရေမြင့်ရင်ကြာသင့်ဆိုသလိုပဲ ကလေးတွေရဲ့ စွမ်းဆောင်ရည်တွေကလည်း ပိုမိုတိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အဲဒီလို ရည်ရွယ်ချက်တွေနဲ့ ဒီလိုထူးချွန်ဆရာ ရွေးချယ်မှုတွေကို လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ပထမဦးဆုံးအကြိမ်မှာလည်း ခုလိုအောင်အောင်မြင်မြင် ဖြစ်လာတဲ့အခါကျတော့ ကျန်တဲ့အလှူရှင်တွေကလည်းပဲ တော်တော်စိတ်ပါဝင်စားလာကြတယ်။ ခုလိုပင်စင်ယူထားတဲ့ ဆရာကြီး ဆရာမကြီးတွေရဲ့ ပါဝင်ကူညီပံ့ပိုးမှု၊ ပညာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်ပေးမှုတွေကြောင့် သမာသမတ်ကျကျနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့အခါကျတော့ နောက်နှစ်နောက်နှစ်တွေမှာ အလှူရှင်တွေလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ နောက်တစ်ခုက ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း တာဝန်ယူဆောင်ရွက်နိုင်တဲ့ အနေအထားတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်တော်တို့ ပညာတန်ဆောင်အနေနဲ့ကတော့ မည်သူကပဲ ဦးဆောင် ဦးဆောင် ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးဖို့ ရည်ရွယ်ထားပါတယ်။

အခြေခံပညာမှာ အခုလိုထူးချွန်ထက်မြက်တဲ့ ဆရာ ဆရာမတွေ ပေါ်ပေါက်လာပြီ၊ဒီလိုအောင်အောင်မြင်မြင်နဲ့ဖြစ်လာပြီ ဆိုလို့ရှိရင် အဆင့်မြင့်ပညာကဏ္ဍမှာလည်း ဒီလိုအလှူရှင်တွေ ပေါ်ပေါက်လာမယ်။ ဦးစီး ဆောင်ရွက်ပေးမယ့်သူတွေ မပေါ်နိုင်ဘူးလို့ မပြောနိုင်ပါဘူး။ ဒါဟာဖြစ်လာနိုင်ပါတယ်။

ကျွန်တော်တို့ပညာရေးဌာနမှာ ၃၈ နှစ်တာကာလ တာဝန်ထမ်းဆောင်တဲ့အခါမှာ ဆရာ ဆရာမတစ်ဦးဟာ သိန်း ၄၀ ဆိုတဲ့ဆုကို ရဖို့ဆိုတာ မလွယ်ပါဘူး။ ပညာရေးဌာနမှာ ၃၈ နှစ်တာ အလုပ်လုပ်တာတောင်မှ လုပ်သက်ဆုသိန်း ၃၀ ကျော်ပဲရပါတယ်။ ထူးချွန်ထက်မြက်တဲ့ ဆရာ ဆရာမတွေကို ဒီလို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးခြင်းအားဖြင့် ဆရာ ဆရာမတွေရဲ့ လူနေမှုဘဝတွေ မြင့်မားတိုးတက်လာမယ်။ အားကျလာမယ်။ အပြိုင်အဆိုင်လေးတွေဖြစ်လာမယ်။ ဆရာ့ဘဝ ဆရာ့အလှနဲ့ ဆရာ့ဂုဏ်သိက္ခာတွေကိုလည်း ထိုက်ထိုက်တန်တန် ထိန်းသိမ်းလာနိုင်တဲ့ အနေအထားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလိုထူးချွန်ဆရာ ဆရာမရွေးချယ်ပွဲတွေကို နှစ်စဉ် နှစ်စဉ်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

**ဆရာဦးအောင်ဇေယျ(အထက-၃၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း)**

အရင်က ရွာကျောင်းအထက အင်းတကောကနေ အထက-၃ ကို ပြောင်းရွှေ့ တာဝန်ထမ်းဆောင်တာ နှစ်လလောက်ပဲရှိသေးတယ်။ အဲ့ဒီမှာ ထူးချွန်ဆရာသတင်းကို ကြားတာ၊ ဆရာမကြီးကလည်း အားပေးတယ်။ ကျောင်းမှာစာမေးပွဲစနစ်နဲ့ ဖြေရပါမယ်။ ကျောင်းမှာ ပထမရတဲ့ဆရာက မြို့နယ်မှ တိုင်းဒေသကြီး နောက်ဆုံးအဆင့် ဗဟိုမှာ ယှဉ်ပြိုင်ရတာပါ။ ပဲခူးတိုင်းဒေသကြီးက မူလတန်းဆရာတစ်ယောက်၊ အလယ်တန်း တစ်ယောက်၊ အထက်တန်း

*စာမျက်နှာ ၈ ကော်လံ ၇ သို့*

## မိုးလေဝသ အခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် နယ်စပ်ရေးရာဝန်ကြီး ဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီး ဌာနတို့ပူးပေါင်း၍ အဆင့်မြင့်စက်ချုပ် သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လေ့ကျင့် ရေးသင်တန်းခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က သင် တန်းဆင်းအမှာစကား ပြောကြားရာ အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့နည်းစေရေး ဆောင်ရွက်လျက်ရှိသည့် အသေးစား ချေးငွေလုပ်ငန်းနှင့် အသက်မွေးဝမ်း ကျောင်းသင်တန်းများ ဖွင့်လှစ်၍ အမျိုးသမီး အခွင့်အရေး ဆိုင်ရာများ အပြည့်အဝရရှိစေရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ သင်တန်းသူများအနေဖြင့် စက်ချုပ်သင်တန်းမှ သင်ကြားပေး ခဲ့သော ပညာရပ်များကို အစဉ် တစိုက် လေ့ကျင့်စေရန်နှင့် မိမိ ပတ်ဝန်းကျင်ရှိ အမျိုးသမီးငယ်များ အား ဆင့်ပွားသင်တန်းများ ပြန်လည် ပို့ချစေလိုကြောင်း ပြောကြား သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသား ရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်မြင့်မြင့်စိုးက နယ်စပ်ရေးရာ ဝန်ကြီးဌာနက တိုင်းရင်းသားလူငယ် များဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့ စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသလို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ချုပ်ကလည်း အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေး၊ ဝင်ငွေတိုးတက်ရေး တို့ကို ရည်ရွယ်၍ ဆောင်ရွက်နေ ကြောင်း၊ ယင်းရည်ရွယ်ချက်များနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သင် တန်းဆင်းပြီးသူများအနေနှင့် တတ် ထားသည့် အိမ်တွင်းမှုပညာဖြင့် ရိုးသားကြိုးစားစွာ ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီ ဝင်း၊ ဒေါ်မြသီ၊ ဒေါ်ကျင်ခိုင်တို့က အဆင့်မြင့် စက်ချုပ်သင်တန်းတွင် ဆုရရှိသည့် သင်တန်းသူများအား ဆုများချီးမြှင့်ခြင်း၊ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခြင်း၊ သင်တန်းပို့ချပေးသည့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆရာမများ အား အမှတ်တရလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မူဆယ်မြို့တွင် ရဲလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများ ရှင်းလင်း

**မူဆယ် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ မြို့မရဲစခန်းဝင်းရှိ အောင်ဆန်း သူရိယအေးချိုရဲရိပ်သာခန်းမ၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ရဲလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများကို သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦးက အမှာ စကားပြောကြားပြီး တက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းကြရာ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မစခန်း မှူး ဒုရဲမှူးမြစိန်တို့က ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ မူဆယ်မြို့ဟာ တရုတ်နိုင်ငံနဲ့ထိစပ်နေပြီး တရားမဝင် ဝင်နိုင်ထွက်နိုင်တဲ့နေရာတွေရှိတာကြောင့် ဒုစရိုက်မှုတွေတားဆီးဖော်ထုတ် ဖမ်းဆီးရာမှာ အခက်အခဲရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူတွေရယ် သတင်းမီဒီယာတွေနဲ့ တာဝန်ရှိသူတွေ ပူးပေါင်းပါဝင်မှသာ ထိရောက်မှာဖြစ် တယ်ဆိုတာ ခံယူထားပါတယ်။ မူဆယ်မြို့အနေနဲ့ တာဝန်ရှိသူတွေ၊ ပြည်သူတွေ၊ သတင်းထောက်တွေကို ဖိတ်ကြားပြီးမှုခင်းဖြစ်စဉ်တွေ ဖြစ်ရပ်မှန်တွေ၊ ဒုစရိုက်မှု ဖြစ်တတ်မှုတွေအပြင် ကြိုးစားကာကွယ်မှုတွေ ပွင့်လင်းမြင်သာစွာ အခုလို ရှင်းလင်းပြတာ နှစ်ကြိမ်ရှိပါပြီ။ ဒါကြောင့် အကြံပြုချက်တွေ၊ ဆွေးနွေးချက် တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်လာနိုင်မှုတွေကြောင့် ဒီလိုရှင်းလင်းပွဲမျိုးဟာ ကျွန်တော်တို့လိုဒေသများအတွက် အလွန်အကျိုးရှိပါတယ်"ဟု တက်ရောက် လာသူ ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။ **သိန်းဇော်(ရွှေလီဦး)**

# စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ စဉ်ဆက် မပြတ် ဆေးပညာသင်ကြားရေးအစီ အစဉ် (Symposium on Professionalism, Bioethics and Medicolegal issue) နှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဒီဇင် ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်-၂၄၉ ရှိ မြန်မာနိုင်ငံဆရာဝန် အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပ မည်ဖြစ်ရာ ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

**(ဆရာဝန်အသင်း)**

# ဟန်လင်း ပျူမြို့ဟောင်း၌ မိုးပွင့်အဆင့်(၇) နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ဝက်လက် ဒီဇင်ဘာ ၂၄**

မိုးပွင့်အဆင့်(၇) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်း ဆင်းပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲ က စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက် မြို့နယ် ဟန်လင်းပျူမြို့ဟောင်းဒေသ ၌ ကျင်းပခဲ့သည်။

အဆိုပါပေးအပ်ပွဲတွင် ဟန်လင်း ပျူမြို့ဟောင်းနေ ပြည်သူများနှင့် ကျောင်းသားကျောင်းသူ ၂၁၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၁၀ ကို စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသ ကြီး ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်၊ ရွှေဘို ခရိုင်ဦးစီးဌာနမှူး ဦးသန်းဝင်း၊ ဝက် လက်မြို့နယ် ဦးစီးဌာနမှူး ဦးမျိုးညွန့်၊ ဗီဒီယိုသရုပ်ဆောင် မင်းသား နေမင်း၊ သရုပ်ဆောင်ကင်းကောင်၊ ဒါရိုက်တာ နေသူရိန်၊ စာရေးဆရာ သိုးဆောင်း တို့က ပြည်သူများထံ ပေးအပ်ခဲ့ရာ ဤကဲ့သို့ ကျေးရွာအရောက် ကွင်း ဆင်းဆောင်ရွက်ပေးသဖြင့် ကျေးဇူး တင်ရှိကြောင်းကို ကျေးရွာအုပ်ချုပ် ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် ယင်း ကျေးရွာသား ဦးဇော်မြစိမ်းတို့က ပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တန့်ယန်းမြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာ ၂၁ ရက်က မူးယစ် တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ ရပ်ကွက်(၂)အထွက် ထင်းရှူးတောဖြတ်လမ်း၌ နမ့်လန်ရွာ ဘက်မှ တန့်ယန်းဘက်သို့ စိုင်းထွန်း နော်(ခ)ဆန်နော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ် ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ခေါက်ဆွဲဂျပ်ဖာအတွင်းမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် ဘိန်းဖြူ ဆပ်ပြာခွက် ၂၂ ခွက် စုစုပေါင်း ဘိန်း ဖြူ အလေးချိန် ၂၆၄ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။



စစ်ဆေး ဖော်ထုတ်ချက်အရ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား များ သယ်ဆောင်ခိုင်းသူ တန့်ယန်း မြို့နယ် မိုင်းကောင်ကျေးရွာနေ စိုင်း ခမ်းလှအား တန့်ယန်းမြို့နယ် ခို ယောင်းကျေးရွာအနီး တန့်ယန်း-လားရှိုးသွား ကားလမ်းမတွင် ဖမ်းဆီး ရမိသဖြင့် စိုင်းထွန်းနော်(ခ)ဆန်နော် (၃၅ နှစ်)နှင့် စိုင်းခမ်းလှ(၃၀ နှစ်) တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေအရ အရေးယူထား ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

ဒီဇင်ဘာ ၂၂ ရက်က မူးယစ် တပ်ဖွဲ့စု(၁၈) မန္တလေးတောင်မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မဟာအောင်မြေမြို့နယ် ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ ပေါ်လုလင် စားသောက်ဆိုင်ရှေ့ လမ်းမတွင် မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ အောင်ဇော်မိုးအား ရပ်တန့်စစ်ဆေး ရာ ၄င်းဝတ်ဆင်ထားသည့် အနွေး ထည်အိတ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၁၃၈ ပြား သိမ်းဆည်းရမိ သဖြင့် အောင်ဇော်မိုး(၃၃ နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အရ အရေးယူထားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်များအား စစ်ဆေးအရေးယူရာတွင် မော်တော်ယာဉ်များပေါ်၌ ဥပဒေနှင့်ဆန့်ကျင်သော မော်တော်ယာဉ်သုံးကိရိယာမဟုတ်သည့် တုတ်၊ ဓား၊ လက်နက် များ တင်ဆောင်ထားပြီး တာဝန်ရှိသူများအား အဆိုပါပစ္စည်းများ အသုံးပြု၍ ပြန်လည်ရန်ပြုလျက်ရှိနေပါသည်။

သို့ပါ၍ ယာဉ်ပေါ်(သို့မဟုတ်) လက်ဝယ်တွင် တုတ်၊ ဓား၊ လက်နက်များ သယ်ဆောင်လာကြောင်း စစ်ဆေး တွေ့ရှိပါက တာဝန်ရှိသူ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် မော်တော်ယာဉ်စီးနင်းသူများအား တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**






ဥပဒေရေးရာ

*ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ့ဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# မဏ္ဍိုင်များအကြား ဆက်ဆံရေးနှင့် အမေရိကန်နိုင်ငံရေးစနစ်

ဒေါက်တာ သီတာတင်

ယနေ့မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က)တွင် "နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်။" ဟု ပြဋ္ဌာန်းထားသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ မဏ္ဍိုင်သုံးရပ်ကိုပိုင်းခြားပြီး အပြန်အလှန်ဟန်ချက်ညီညီ ထိန်းကျောင်းသည့် နိုင်ငံရေးစနစ်ကို စတင်ကျင့်သုံးခဲ့သည့် အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းကို တစေ့တစောင်း လေ့လာတင်ပြလိုပါသည်။

**နိုင်ငံရေးစနစ်ပုံစံ (Political System)**

**အမေရိကန်နိုင်ငံသည် မြို့တော်တည်ရှိရာ ခရိုင်တစ်ခု၊ အခြားနယ်မြေများနှင့် ပြည်နယ်ပေါင်း ၅၀ ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုအစိုးရပုံစံစနစ် (Federal Government) ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအခွင့်အာဏာတို့ကို ကွန်ဂရက် (Congress)၊ သမ္မတနှင့် တရားရုံးချုပ်အပါအဝင် ဖက်ဒရယ်တရားရုံးများတွင် ခွဲဝေအပ်နှင်းထားသည်ကို တွေ့ရှိရပါသည်။**

**ဟန်ချက်ညီသော အပြန်အလှန်ထိန်းကျောင်းခြင်းစနစ် (Check and Balance System)**

နိုင်ငံ၏ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့သည် တစ်ခုနှင့်တစ်ခု မည်သည့်မဏ္ဍိုင်ကမျှ အခွင့်အာဏာ (သို့) လုပ်ပိုင်ခွင့်ပို၍ မရှိစေရန် အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ရေးဆွဲခဲ့ကြသည့်သူများ (The Founding Fathers) က ဟန်ချက်ညီသော အပြန်အလှန်ထိန်းကျောင်းခြင်းစနစ် (Check and Balance System) ကို ထည့်သွင်းရေးဆွဲခဲ့ကြခြင်းဖြစ်ပါသည်။ မဏ္ဍိုင်တစ်ခုစီတွင် အခြားမဏ္ဍိုင်များ၏ လုပ်ဆောင်မှုနှင့် အခွင့်အာဏာ(သို့) လုပ်ပိုင်ခွင့် ဟန်ချက်ညီစေရန်နှင့် အပြန်အလှန်ထိန်းကျောင်းခြင်း ပြုလုပ်နိုင်ရန် အခွင့်အာဏာပေးအပ်ထားပါသည်။

ဥပဒေပြုရေးမဏ္ဍိုင်က အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဟန်ချက်ညီသော အပြန်အလှန် ထိန်းကျောင်းမှုဖြစ်စေသည့် အချက်အချို့မှာ သမ္မတ၏ ဗီတိုအာဏာ (Veto Power) ကို ကွန်ဂရက်၏ သုံးပုံနှစ်ပုံသောမဲဖြင့် ပယ်ချခွင့်အာဏာရှိခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် ဘဏ္ဍာငွေဆုံးဖြတ် ပေးပိုင်ခွင့် အာဏာရှိခြင်း၊ သမ္မတကိုစွပ်စွဲပြစ်တင်နိုင်သည့် အာဏာရှိခြင်း၊ ဆီးနိတ် (လွှတ်တော်) က သမ္မတတာဝန်ပေးသည့် ဝန်ကြီးများခန့်အပ်ခြင်းကို အတည်ပြုပေးခြင်းနှင့် နိုင်ငံတကာစာချုပ်များကို အတည်ပြုပေးခြင်းများ လုပ်ပိုင်ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤနေရာတွင် သမ္မတ၏ဗီတို (Veto Power) ကို ကွန်ဂရက်၏ သုံးပုံနှစ်ပုံသောမဲဖြင့် ပယ်ချခွင့် အာဏာရှိခြင်းနှင့် ပတ်သက်၍ အနည်းငယ်ရှင်းပြလိုပါသည်။ သမ္မတ၏ဗီတိုအာဏာ နှစ်မျိုးဖြစ်သည့် Regular Veto (အတည်ပြုရန် ငြင်းပယ်လိုက် သောကိစ္စများကို မူလတင်သွင်းသည့် လွှတ်တော်သို့သမ္မတ၏ ရှင်းလင်းချက်နှင့်အတူ လွှတ်တော်အစည်းအဝေးကျင်းပစဉ် ကာလအတွင်းပြန်လည်ပေးပို့ခြင်း) နှင့် Pocket Veto (အတည်ပြုရန်ငြင်းပယ်လိုက်သောကိစ္စများကို လွှတ်တော်အစည်းအဝေးကျင်းပမှုရပ်နားစဉ်ကာလအတွင်း ငြင်းဆိုခြင်းဖြစ်ပြီး အဆိုပါဗီတိုအာဏာသည် အကြွင်းမဲ့အာဏာဖြစ်ပြီး ယင်းကို ကွန်ဂရက်က ပယ်ချခွင့် မရှိပေ။) ရှိရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ရေးဆွဲခဲ့သည့် ၁၇၈၉ ခုနှစ်မှ စ၍ ၂၀၁၄ ခုနှစ် ဇွန်လအထိ ဗီတိုအာဏာကျင့် သုံးခဲ့မှုပေါင်း ၂၅၆၄ ခုအနက် ၁၄၉၈ ခုမှာ Regular Veto ဖြစ်ပြီး ဗီတိုအာဏာစုစုပေါင်း၏ ၅၈ ဒသမ ၄ရာခိုင်နှုန်းဖြစ်ပါသည်။ ကျန် ၁၀၆၆ ခုမှာ Pocket Veto ဖြစ်ပြီး ဗီတိုအာဏာစုစုပေါင်း၏ ၄၁ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါသည်။ နှစ်ပေါင်း ၂၂၅ နှစ်အတွင်း ဗီတိုအာဏာကို ကွန်ဂရက်ကပယ်ချနိုင်ခဲ့မှုပေါင်း (၁၀၉) ကြိမ်မျှသာရှိခဲ့သဖြင့် သမ္မတ၏ ဗီတိုအာဏာကို အလွယ်တကူ မကျော်လွှားနိုင်ကြောင်း တွေ့ရှိရသည်။ တရားစီရင်ရေးမဏ္ဍိုင်ကို ဟန်ချက်ညီသော အပြန်အလှန် ထိန်းကျောင်းမှုဖြစ်စေရန်အတွက် အောက်တရားရုံးများ (Lower Courts) ဖွဲ့စည်းခွင့် အာဏာရှိခြင်း၊ တရားသူကြီးများအား စွပ်စွဲပြစ်တင်နိုင်သည့် အာဏာရှိခြင်း၊ ဆီးနိတ်က တရားသူကြီးများအားခန့်အပ်ခြင်းကို အတည်ပြုပေးခြင်းများ စသည့် လုပ်ပိုင်ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**တစ်ဖန်အုပ်ချုပ်ရေးမဏ္ဍိုင်က ဥပဒေပြုရေးမဏ္ဍိုင်ကို ဟန်ချက်ညီသော အပြန်အလှန် ထိန်းကျောင်းသည့် အချက်အချို့မှာ သမ္မတတွင် ဗီတိုအာဏာရှိခြင်း၊ အထူးလွှတ်တော်အစည်းအဝေးများကို ခေါ်ယူခွင့်ရှိခြင်း၊ ဥပဒေပြုခြင်းနှင့်ပတ်သက်၍ မှတ်ချက်ပြုခြင်း၊ ဥပဒေပြုခြင်းနှင့်အခြား ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများကို တိုက်ရိုက်ပန်ကြားနိုင်ခြင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တရားစီရင်ရေး မဏ္ဍိုင်ကို ဟန်ချက်ညီသော အပြန်အလှန်ထိန်းကျောင်းမှုဖြစ်စေရန်အတွက် သမ္မတက တရားလွှတ်တော်ချုပ်နှင့် ဖက်ဒရယ်တရားသူကြီးများကို ခန့်အပ်ခြင်းများအား လုပ်ပိုင်ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရသည်။**

တရားစီရင်ရေးမဏ္ဍိုင်က အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဟန်ချက်ညီသော အပြန်အလှန်ထိန်းကျောင်းသည့်အချက်အချို့မှာ ရာသက်ပန်ခန့်အပ်ခြင်းခံရသော တရားသူကြီးများအနေဖြင့် ခန့်အပ်ခံရပြီးနောက် အုပ်ချုပ်ရေးမဏ္ဍိုင်၏ ထိန်းချုပ်မှုအောက်မှ လွတ်မြောက်ခြင်း၊ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုပြုလုပ်ခြင်းဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ လုပ်ဆောင်မှုများကိုအကဲဖြတ်ခြင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဥပဒေပြုရေးမဏ္ဍိုင်ကို ဟန်ချက်ညီသော အပြန်အလှန်ထိန်းကျောင်းမှုဖြစ်စေရန်အတွက် တရားရုံးချုပ်အနေဖြင့် ဥပဒေပြုရေးမဏ္ဍိုင်၏ လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိမရှိ အကဲဖြတ်ခြင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ခြင်း (Constitution Amendment)**

**ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ပြင်ဆင်ရန်လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

အမေရိကန်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လုပ်ငန်းစဉ်နှစ်ခုပြုလုပ်ရန် လိုအပ်သည်ကို တွေ့ရမည်ဖြစ်သည်။ပထမဦးစွာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်းမပြုမီ၊ ပြင်ဆင်ရန် အဆိုပြုချက်ကို ချမှတ်အတည်ပြုခြင်းဖြစ်သည်။ ပြင်ဆင်ရန် အဆိုပြုခြင်းကို နည်းလမ်း နှစ်သွယ်အနက် တစ်နည်းနည်းဖြင့်ဆောင်ရွက်နိုင်သည်။ ပထမနည်းလမ်းမှာ ကွန်ဂရက်လွှတ်တော်ရှိ ဆီးနိတ်ခေါ် အထက်လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ခေါ် အောက်လွှတ်တော် နှစ်ရပ်လုံးတွင် ပြင်ဆင်ရန် ထောက်ခံမဲ သုံးပုံနှစ်ပုံရရှိမှသာလျှင် ပြင်ဆင်ရန် စတင်ဆောင်ရွက်၍ ရပါသည်။

နောက်တစ်နည်းမှာ အမေရိကန်နိုင်ငံတွင် ပြည်နယ်ပေါင်း ၅၀ ရှိရာ၊ ပြည်နယ်လွှတ်တော် ၅၀ အနက် သုံးပုံနှစ်ပုံက တောင်းဆိုပါက ကွန်ဂရက်က (Congress) က အမျိုးသားအဆင့်ညီလာခံ (National Convention )ကို ကျင်းပပေးကာ ပြင်ဆင်ရန် သင့်မသင့် စဉ်းစားကြပါသည်။ ဒုတိယနည်းလမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းသို့ ထည့်သွင်းထားသော်လည်း မည်သည့်အခါကမျှ ကျင့်သုံးခဲ့ခြင်း မတွေ့ရပါ။

ဒုတိယအဆင့်အနေဖြင့် ပြင်ဆင်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းနိုင်ရန် သတ်မှတ်ချက်ကာလအတွင်း ပြည်နယ်ပေါင်း ၅၀ အနက် ပြည်နယ်လေးပုံသုံးပုံ၏ လွှတ်တော်များက အတည်ပြုပေးခြင်းဖြင့်လည်းကောင်း (သို့မဟုတ်) သတ်မှတ်ချက်ကာလ အတွင်း ပြည်နယ်များတွင် အတည်ပြုညီလာခံများ ကျင်းပပြုလုပ်ခြင်း၊ ယင်းအနက် လေးပုံသုံးပုံတွင် အတည်ပြုချက်ရရှိပါက အဆိုပါပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းနိုင်မည်ဖြစ်ပါသည်။

**ယင်းသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လုပ်ငန်းစဉ်များမှာ လုပ်ဆောင်ရန် အလွန်ပင်ခက်ခဲကြောင်းတွေ့ရှိရပြီး အမေရိကန်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့သော ၁၇၈၉ ခုနှစ် မတ်လ ၄ ရက်နေ့မှ ၂၀၁၃ ခုနှစ်အထိ နှစ်ပေါင်း ၂၂၄ နှစ်အတွင်း ပြင်ဆင်ရန် အဆိုပေါင်း ၁၁၅၃၉ ခုတင်ခဲ့ပြီး ၃၃ ခု သာဆွေးနွေးရန်အတည်ပြုချက်ရရှိခဲ့ပြီး ယနေ့အထိ နှစ်ပေါင်းနှစ်ရာကျော်အတွင်း ပြင်ဆင်မှုပေါင်း (၂၇) ကြိမ်မျှသာ ပြင်ဆင်နိုင်ခဲ့သည်။ ကျန်ရှိသော ကွန်ဂရက်မှ ပြင်ဆင်ရန် ချပေးခဲ့သည့်ကိစ္စ ခြောက်ခုကိုအတည်ပြုရန် ပြည်နယ်များ၏ လုံလောက်သော အတည်ပြုအရေအတွက် မရရှိသေးဘဲ Bill of Rights ၁၂ ခုမှ တစ်ခုအပါအဝင် ပြင်ဆင်ရန်ချပေးခဲ့သည့် ခြောက်ခုအနက် လေးခုမှာ ဆိုင်းငံ့အခြေအနေဖြစ်ပြီး ကျန်နှစ်ခုမှာ ပိတ်သိမ်းခဲ့ကြောင်းတွေ့ရပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသားကျပြီး ရင့်ကျက်နေပြီးဖြစ်သည့် နိုင်ငံတွင်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိတို့ဆန္ဒနှင့်မကိုက်ညီရုံမျှဖြင့် ပြင်ဆင်ချင်တိုင်း ပြင်ဆင်နေခြင်းများ မပြုလုပ်နိုင်ရန်အတွက် လည်းကောင်း၊ ခေတ်စနစ်နှင့်လျော်ညီပြီး နိုင်ငံနှင့်ပြည်သူများအကျိုးရှိပါက ပြင်ဆင်မှုပြုနိုင်ရန်အတွက်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲခဲ့သော ပုဂ္ဂိုလ်များက အမြော်အမြင်ရှိရှိ စဉ်းစားကာ ရေးဆွဲခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။**

**သမ္မတကိုစွပ်စွဲပြစ်တင်ခြင်း(Presidential Impeachment)**

အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတကို စွပ်စွဲပြစ်တင်နိုင်သော အခြေအနေများမှာ နိုင်ငံတော်အပေါ် သစ္စာဖောက်ခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ (သို့) အခြားပြစ်မှုကြီးများနှင့် ကိုယ်ကျင့်တရားဖောက်ပြန်ခြင်းများပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အမေရိကန်သမိုင်း တစ်လျှောက် နှစ်ပေါင်း ၂၂၅ နှစ်အတွင်း သမ္မတကိုစွပ်စွဲပြစ်တင်ခြင်း နှစ်ကြိမ်သာပြုလုပ်ခဲ့ကြောင်းတွေ့ရပါသည်။ ပထမအကြိမ်မှာ ၁၈၆၈ ခုနှစ်က သမ္မတ Andrew Johnson လက်ထက်ကဖြစ်ပြီး အမှုမှာ Secretary of War ဖြစ်သူ Mr. Edwin Staton ကို ရာထူးမှထုတ်ပယ်ပြီး အသစ်ခန့်ထားမှုနှင့်ပတ်သက်၍ The Tenure of Office Act ဖောက်ဖျက်ခြင်းကြောင့်ဖြစ်ပါသည်။ ဒုတိယအကြိမ်မှာ ၁၉၉၈ ခုနှစ်က သမ္မတ Bill Clinton လက်ထက်ကဖြစ်ပြီး အမှုမှာ တရားရုံးကိုမထီမဲ့မြင်ပြုခြင်းနှင့် တရားစီရင်ရေးကို နှောင့်ယှက်ခြင်းကြောင့်ဖြစ်ပါသည်။ အဆိုပါ ဖြစ်စဉ်နှစ်ခုစလုံးတွင် လွှတ်တော်၏ လုံလောက်သော ထောက်ခံမှုမရရှိခြင်းနှင့် အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဆန့်ကျင်ကြောင်းတွေ့ရှိရသည့်အတွက် သမ္မတကို စွပ်စွဲပြစ်တင်ခြင်း နှစ်ခုစလုံးအောင်မြင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ သမ္မတ Richard Nixon လက်ထက်တွင် သမ္မတကို Water Gate ကိစ္စနှင့်ပတ်သက်၍ စွပ်စွဲ ပြစ်တင်ရန် အဆိုကိုစဉ်းစားရန် လွှတ်တော်တရားစီရင်ရေးကော်မတီမှ တင်သွင်းအောင်မြင်ခဲ့သော်လည်း စွပ်စွဲပြစ်တင်မှုကိုမစဉ်းစားမီ သမ္မတ Richard Nixon က နုတ်ထွက်သွားခဲ့သည်။

**တရားရုံးချုပ်**

အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို စက်တင်ဘာ ၁၇ ရက် ၁၇၈၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးညီလာခံက မူကြမ်းရေးဆွဲခဲ့ပါသည်။ မတ်လ ၁၄ ရက်နေ့ ၁၇၈၉ ခုနှစ်တွင် စတင်သက်ဝင်လာခဲ့ပါသည်။ အခြေခံဥပဒေအခန်း(၃) ပါ ပြဋ္ဌာန်းချက်အရ တရားရုံးချုပ်ကို ဖေဖော်ဝါရီလ ၂ ရက်၊ ၁၇၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားရုံးချုပ်သည် အမြင့်ဆုံး တရားရေးအဖွဲ့အစည်းဖြစ်ပြီး အခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ၎င်း၏တာဝန် များအနက် တစ်ခုဖြစ်ပါသည်။ အမေရိကန်နိုင်ငံသည် (the Doctrine of Stare decisis ) (ရှေးကနဦးဆုံးဖြတ်ချက်များကို ဆက်လက်၍ လက်ခံကာ နောင်အလားတူ အမှုများကို စီရင်ဆုံးဖြတ်ခြင်း)ကို တရားရုံးချုပ်၏ဆုံးဖြတ်ချက်များကို ပယ်ဖျက်ရန် အလွန်ပင်ခက်ခဲလှပါသည်။ ပယ်ဖျက်ရန် နည်းလမ်းနှစ်ခုမှာ ပြည်နယ်များက ဖွဲ့စည်းပုံ အခြေခံဥပဒေကို မဆန့်ကျင်စေရန်အတွက် ပြင်ဆင်လိုသည်များကို ပြည်နယ်လွှတ်တော်၏အတည်ပြုချက် လေးပုံသုံးပုံရရှိရန် လိုအပ်ခြင်းနှင့် ပြောင်းလဲနေသော နိုင်ငံရေးနှင့်လူမှုရေး အခြေအနေများကို ထည့်သွင်းစဉ်းစားကာ တရားရုံးချုပ်ကိုယ်တိုင်က ၎င်း၏ ယခင်ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခြင်းပင်ဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်များအရ တရားရုံးချုပ်ကိုယ်တိုင်က ၎င်း၏ဆုံးဖြတ်ချက်များကို ပယ်ဖျက်ခြင်း ပြုခဲ့ကြောင်း တွေ့ရပါသည်။

၁၈၀၃ ခုနှစ်တွင် တရားသူကြီးချုပ် ဂျွန်မာရှယ်ခေါင်းဆောင်သော တရားရုံးချုပ်သည် Marbury v.Madison အမှုနှင့် ပတ်သက်၍ ကွန်ဂရက်လွှတ်တော်က ပြဋ္ဌာန်းခဲ့သော တရားစီရင်ရေးဆိုင်ရာဥပဒေ ၁၇၈၉ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

တရားရုံးချုပ်အနေဖြင့် ၁၈၀၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော Marbury v.Madison အမှုမှစ၍ ၂၀၁၀ ပြည့်နှစ်အထိ ကွန်ဂရက်လွှတ်တော်က ပြဋ္ဌာန်းလိုက်သော ဥပဒေ(သို့) ဥပဒေပါပြဋ္ဌာန်းချက်အချို့ကို အခြေခံဥပဒေနှင့် မကိုက်ညီကြောင်း ဆုံးဖြတ်ခဲ့မှုပေါင်း ၁၆၀ ကျော်ရှိခဲ့သော်လည်း ကွန်ဂရက်လွှတ်တော်မှ တရားရုံးချုပ်ကို ပြစ်တင်စွပ်စွဲဖယ်ရှားရန် ကြိုးစားမှုတစ်ကြိမ်မျှမရှိခဲ့ကြောင်း တွေ့ရပါသည်။ ၁၈၀၅ တရားရုံးချုပ်တရားသူကြီး Samuel Chase ကို တရားစီရင်ရာတွင် ပါတီစွဲနှင့် လုပ်ဆောင်သည်ဟု ပြစ်တင်စွပ်စွဲရန် ဆောင်ရွက်ခဲ့ဖူးပါသည်။ ထိုစွပ်စွဲချက်သည်လည်း စစ်ဆေးကြားနာသော အထက်လွှတ်တော်၏ ပယ်ချခြင်းခံရပါသည်။ အမေရိကန်တရားရုံးချုပ်သမိုင်းတွင် အဆိုပါ ပုဂ္ဂိုလ်သည်တစ်ဦးသော ပြစ်တင်စွပ်စွဲကာ ရာထူးမှ ဖယ်ရှားရန်ကြိုးစားခံရသည့် တရားရုံးချုပ် တရားသူကြီးတစ်ဦးဖြစ်ပါသည်။

**အချုပ်အားဖြင့်ဆိုသော် အမေရိကန်နိုင်ငံကို တည်ထောင်ခဲ့ကြသောသူများသည် မဏ္ဍိုင်ကြီးသုံးရပ်အကြား ဟန်ချက်ညီညီဖြင့် ပြန်လည်ထိန်းကျောင်းခြင်း အုတ်မြစ်ကို ခိုင်မာစွာ ချပေးခဲ့ပြီး ခေတ်အဆက်ဆက် အစိုးရများက ပြည်သူများနှင့် တက်လှမ်းညီညီ လက်တွဲဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်ကြီးကို ကိုလိုနီ (၁၃)နယ်ပါ ရုန်းထွက်ခါစ နိုင်ငံလေးမှ ပြည်နယ် ၅၀ ပါ ကမ္ဘာ့နံပါတ်တစ်အဆင့်သို့ ရောက်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းမှာ မှတ်သားဖွယ်ရာကောင်းလှပါကြောင်း တင်ပြအပ်ပါသည်။**

**ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ပြင်ဆင်ရန်လွယ်ကူသော ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

ပြည်တွင်းသတင်း

# (၆၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးသည်နိုင်ငံတစ်ခုအတွက် ဦးစားပေးလုပ်ဆောင်ရမည့် အရေးကြီးဆုံး လုပ်ငန်းတာဝန်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းချိန်မှစတင်၍ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း၊ မိမိနိုင်ငံ၏ကမ်းရိုးတန်းသည် အလျားမိုင် ၁၃၀၀ ကျော် ရှည်လျားပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် သူ့ဘက်ကိုယ့်ဘက် သက်ရောက်နိုင်မှုရှိသည့် ကျွန်းပေါင်း ၃၀၀၀ ကျော်ရှိသဖြင့် ယင်းတို့အား လုံခြုံအောင်ကာကွယ်စောင့်ရှောက်ရန်မှာ လွန်စွာတာဝန်ကြီးမားကြောင်း၊ ယနေ့ တပ်မတော်အတွက်၊ တပ်မတော်(ရေ) အတွက် သမိုင်းဝင်မော်ကွန်းတင်ရမည့် ဖရီးဂိတ်စစ်ရေယာဉ် ကျန်စစ်သားအား တပ်တော်ဝင်နိုင်ခဲ့ကြောင်း၊ ဖရီးဂိတ်စစ်ရေယာဉ်များသည် သီးခြားလွတ်လပ်စွာ စစ်ဆင်နိုင်စွမ်းရှိကြပြီး မိမိတို့၏ကိုယ်ပိုင်ဒီဇိုင်းပုံစံ၊ စိတ်ကူးစိတ်သန်းဖြင့် အစ၊ အလယ်၊ အဆုံးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အစွမ်းထက်မြက်သည့် လက်နက်စနစ်များကိုပါ တပ်ဆင်ထားရှိကြောင်း၊ (၆၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြှင့်တင်ပေးနိုင်မည့် ကျန်စစ်သားဖရီးဂိတ်စစ်ရေယာဉ်အား တပ်တော်ဝင်နိုင်ခဲ့သည့်အတွက် သဘောတည်ဆောက်ခဲ့ကြသည့် တပ်မတော်(ရေ)မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ ယင်းစစ်သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ကြမည့် အရာရှိစစ်သည်များအားလုံးအတွက် ဂုဏ်ယူပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း ဖရီးဂိတ်စစ်ရေယာဉ်အား ထိုက်တန်စွာအသုံးပြုနိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ အင်ဂျင်နီယာပညာရှင်များကလည်း မျိုးဆက်သစ်များကိုပါ လက်ဆင့်ကမ်းလက်တွဲခေါ်၍ ယခုထက်ပိုမို စွမ်းရည်မြင့်မားသော တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသော နိုင်ငံတော်အတွက် လိုအပ်သည့် စစ်ရေယာဉ်များ ဆက်လက်ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်တပ်နယ်၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် အမှတ်(၃) ရေတပ်ဆိပ်ခံတံတားတွင် ကျင်းပပြုလုပ်သည့် စစ်ရေယာဉ်များ တပ်တော်ဝင် အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရ သက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် သန်လျင်တပ်နယ်မှ အရာရှိ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်းက တပ်တော်ဝင်အခမ်းအနားနှင့် စပ်လျဉ်း၍ အကျဉ်းချုပ်တင်ပြပြီး ရေတပ်သင်္ဘောကျင်းဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံသို့ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ဎင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ တပ်တော်ဝင် အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ)မှ တပ်တော်ဝင် စစ်ရေယာဉ်များအဖြစ် ကြေညာရာ နိုင်ငံတော်သီချင်းတီးမှုတ်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ) အလံလွှင့်တင်ခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်ရေယာဉ်ကျန်စစ်သားပေါ်သို့ ရောက်ရှိရာ စစ်ရေယာဉ် တာဝန်ကျတပ်ဖွဲ့က ကြိုဆိုအလေးပြုသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အလေးပြုခံစင်မြင့်ပေါ်သို့တက်ရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။ ထိုအချိန်တွင် စစ်ရေယာဉ် ရန်တိုင်းအောင်မှလည်း အမြောက် ၁၉ ချက် ပစ်ဖောက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဖရီးဂိတ်စစ်ရေယာဉ် အောင်ဇေယျ ဦးဆောင်သောစစ်ရေယာဉ်များက Single Formation Line ပုံပြုမောင်းနှင်၍ ချီတက်အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေတပ်သင်္ဘောကျင်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်မြင့်ဦးနှင့် ရေယာဉ်စုမှူး ဒုတိယဗိုလ်မှူးကြီး ဇော်လတ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဎင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုထားသော ပထမဆုံးကျည်ဆန်အား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် စစ်ရေယာဉ်များအား လှည့်လည်ကြည့်ရှုကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် စစ်ရေယာဉ်မှူးတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စစ်ရေယာဉ်တည်ဆောက်စဉ် ပါဝင်ခဲ့သည့် အငြိမ်းစားအရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီရေတပ်စခန်းဌာနချုပ်အတွင်း (၆၇)နှစ်မြောက် တပ်မတော်(ရေ)နေ့ အထိမ်းအမှတ်ပြခန်းများနှင့် အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့ကျရောက်သော (၆၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ အရုဏ်ဆွမ်းကပ်ခြင်းနှင့် စစ်ရေးပြအခမ်းအနားများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# တပ်မတော်(ရေ)၏လေ့ကျင့်ရေးဗဟိုဌာနကြီးဖြစ်၍ တပ်မတော်(ရေ)အတွက် အရည်အချင်းပြည့်ဝသည့် အရာရှိ၊ စစ်သည်များ လေ့ကျင့်မွေးထုတ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

တပ်မတော်လေ့ကျင့်ရေးတွင် အခြေခံလေ့ကျင့်ရေးနှင့် ပညာရပ်ဆိုင်ရာ လေ့ကျင့်ရေးဟူ၍ရှိကြောင်း၊ အရာရှိ၊ စစ်သည်များစွာကိုသင်ကြားပို့ချနေသည့် တပ်မတော်(ရေ)၏ လေ့ကျင့်ရေး ဗဟိုဌာနကြီးဖြစ်၍ တပ်မတော်(ရေ)အတွက် အရည်အချင်းပြည့်ဝသည့် အရာရှိ၊ စစ်သည်များ လေ့ကျင့်မွေးထုတ်ပေးရမှာဖြစ်ကြောင်း၊ တပ်မတော်လေ့ကျင့်ရေးကျောင်းများ၏ အဆင့်အတန်းသည် နိုင်ငံတကာအဆင့်မီ ဖြစ်ရန်လိုသကဲ့သို့ သက်ဆိုင်ရာဘာသာရပ်များကိုလည်း နိုင်ငံတကာအဆင့်မီစွာ သင်ကြားပို့ချနိုင်ရန် သင်ကြားပေးသည့်ဘာသာရပ်များအား လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချနိုင်ရန်လိုကြောင်း၊ သင်တန်းသားများအား ကျွမ်းကျင်စွာလေ့ကျင့်ပေးနိုင်ရန် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာရှိရန်လိုအပ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် နည်းပြကောင်းများရှိရန်လည်းလိုကြောင်း၊ လက်ရှိတာဝန်ထမ်းတပ်ဖွဲ့ဝင်များသည် လိုအပ်ပါက စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရမည်ဖြစ်သကဲ့သို့ ရေတပ်ဖွဲ့ဝင်များအားလုံးသည်လည်း သင်္ဘောပေါ်တွင် ပင်လယ်ပြင်တာဝန်ကို အချိန်မရွေး ထမ်းဆောင်နိုင်ရမည် ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးကျောင်းအစည်းအဝေးခန်းမ၌ လေ့ကျင့်ရေး ကျောင်းမှအရာရှိကြီးများအား အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့ဝင်များ လိုက်ပါ၍ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အစည်းအဝေးခန်းမတွင် ဌာနချုပ်မှူးမှ လေ့ကျင့်သင်ကြားရေးပိုင်းဆိုင်ရာများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Shiphandling Simulator သို့ရောက်ရှိပြီး Bridge Room နှင့် Engine Room တို့တွင် သက်ဆိုင်ရာနည်းပြများ၏ လက်တွေ့သရုပ်ပြသင်ကြားမှုများ၊ Planetarium နက္ခတ်တာရာပြခန်းတွင် သက်ဆိုင်ရာနည်းပြမှ လက်တွေ့သရုပ်ပြရှင်းလင်းတင်ပြမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



✻ *ရှေ့ဖုံးမှ*

ပတ်သက်သည့် အဆင့်မြှင့်တင်ရေးနှင့် ထိန်းသိမ်းရေးအစီအစဉ်များ ဆွေးနွေးခဲ့ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ရန်ကုန်မြို့ရှိ ကားအရေအတွက် အဆမတန်များပြားလာသဖြင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားလာသည်မှာ စိတ်ပျက်စရာဖြစ်ကြောင်း၊ ဦးသန့်မြင့်ဦး အကြီးအကဲအဖြစ်ဆောင်ရွက်သော ရန်ကုန်အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ (Yangon Heritage Trust) အနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းရေးနှင့် သန့်ရှင်းရေးအပါအဝင် ရန်ကုန်မြို့ အဆင့်မြှင့်တင်ရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ်အကုန်၌ စတင်ရန် မျှော်မှန်းထားသည်ဟု သိရကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

**နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး**

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**မန္တလေး ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၂၃ ရက်ညပိုင်းတွင် မန္တလေးမြို့မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်ပြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူတော်ငွေများ ပေးအပ်လှူဒါန်းကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့သည်။ **(ယာပုံ)** **(သတင်းစဉ်)**



## အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) ရွှေပင်လုံ အားကစားကွင်း၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ အမျိုးသား ၁၃ သင်း၊ အမျိုးသမီး ခြောက်သင်းဖြင့် ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပြဋ္ဌာန်းနိုင်ခဲ့

မန္တလေး ဒီဇင်ဘာ ၂၄

**မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်နှင့် ရမည်းသင်းခရိုင် တို့အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ စံပြကျေးရွာကွင်း၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။**



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသခံ တောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား သဘာပတိ စဉ့်ကိုင်မြို့နယ်မှ တောင်သူဦးကြည်ပြုံးက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်စား ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်ကိုယ်စား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်သူလယ်သမားကိုယ်စားလှယ်များကအဆိုများကို ဖတ်ကြားတင်သွင်းထောက်ခံဆွေးနွေးကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်မှ တောင်သူလယ်သမားများ ကိုယ်စား မေးမြန်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ဖြည့်စွက်ပြောကြားရာတွင် ယနေ့အခမ်းအနားတွင် သဘာပတိနှင့် ကော်မတီဥက္ကဋ္ဌတို့၏ တင်ပြသုံးသပ်ချက်များသည် တွေ့ဆုံပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြည့်ပြည့်စုံစုံပြောကြားနိုင်ခဲ့ကြောင်း၊ တောင်သူလယ်သမားကိုယ်စားလှယ်များက အဆိုများတင်ပြခဲ့ရာတွင် ယနေ့ခေတ်အခြေအနေနှင့် အလွန်ပင်ကိုက်ညီမှုရှိသည်ကို တွေ့ရကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် လေးစားစွာမှတ်သားပြီး ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်း။

မိမိတို့လွှတ်တော်ဝင်များသည် အားလုံးသိရှိပြီး ဖြစ်သည့်အတိုင်း “ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်” ဟူသော ဆောင်ပုဒ်ဖြင့် မူဝါဒချမှတ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်များကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ ရေးဆွဲခြင်းတို့ ဆောင်ရွက်လျက် ရှိပါကြောင်း၊ လွှတ်တော်အတွင်းသာမက လွှတ်တော်ပြင်ပ၌ပါ ပြည်သူများ၏ အသံကို ယခုကဲ့သို့တွေ့ဆုံပွဲများမှတစ်ဆင့် ကြားနာနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ရပ်နားထားသည့် ကာလများအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့သို့ သွားရောက်ခဲ့၍ ပြည်သူများ၏ လေးနက်သည့်အသံများကို ကြားသိခဲ့ရပါကြောင်း။

ယနေ့တင်သွင်းသည့် အဆိုများကို လွှတ်တော်အတွင်းယူဆောင်၍ လွှတ်တော်အဆိုများနှင့် ပေါင်းစပ်ပြီး ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်း လုပ်ဆောင်သွားမည်ကို ကတိပြုပြောကြားလိုပါကြောင်း၊ ယနေ့ဆွေးနွေးခဲ့သည့် အဆိုများနည်းတူ လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်အတွင်း တင်ပြဆွေးနွေးခဲ့မှုများရှိပါကြောင်း၊ ယင်းသို့ ဆွေးနွေးမှုရလဒ်အရ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေ ပိုမိုရရှိရေး၊ ချေးငွေကာလတိုးမြှင့်ရေး၊ ပျက်စီးဆုံးရှုံးသွားသော သီးနှံများအတွက် ထောက်ပံ့ငွေပေးရေး၊ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးပေးရေး၊ သီးနှံအလိုက် ထိုက်သင့်သည့် ဈေးနှုန်းရရှိရေး၊ ချေးငွေများချေးယူသည့်အခါ ကိုယ့်တာဝန်ကိုယ်ယူရန်အတွက် ဝိုင်းကြီးချုပ်စနစ်မှ ကင်းလွတ်စေရေး စသည့်အချက်များကို ဥပဒေတွင် ထည့်သွင်းရေးဆွဲပေးနိုင်ခဲ့ကြောင်း။

**မြေယာပြဿနာဖြေရှင်းပေးရေးသည်လည်း အမြန်ဆုံးအကောင်အထည်ဖော်ရမည့် လုပ်ငန်းပင်ဖြစ်ပါကြောင်း၊ တစ်နေရာနှင့်တစ်နေရာ မတူညီသော်လည်း ကြုံတွေ့နေရသည့် မြေယာပြဿနာများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်ကပင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာများ ဖြစ်ပါကြောင်း။**

**သို့သော် လက်ရှိအစိုးရနှင့် လွှတ်တော်တို့၏ ကျန်ရှိသည့် တစ်နှစ်ကျော်သက်တမ်းကာလအတွင်း အပြီး ဖြေရှင်းဆောင်ရွက်ပေးရန် လိုကြောင်း။**

**ပြည်ထောင်စု လွှတ်တော်က လယ်ယာမြေနှင့် အခြားမြေများ မတရား သိမ်းဆည်းမခံရရေးအတွက် အဆိုတင်သွင်းဆွေးနွေးပြီး လယ်ယာမြေစိုစမ်းရေးကော်မရှင် ဖွဲ့စည်းကာ လေ့လာတွေ့ရှိချက်များကို မူတည်၍ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရကလည်း မြေယာစီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဒုတိယသမ္မတဦးစီး၍ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အဆင့်ဆင့် မြေယာစီမံခန့်ခွဲရေးကော်မတီများအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်ခဲ့ပါကြောင်း၊ တာဝန်အရှိဆုံးမှာ ရပ်ကွက်၊ ကျေးရွာ မြေယာစီမံခန့်ခွဲရေးကော်မတီများပင်ဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊** ဥပဒေကြောင်းအရ အခက်အခဲရှိပါက မိမိတို့လွှတ်တော်များကို တင်ပြလျှင် အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုရှိမှ တရားဥပဒေစိုးမိုးမှုရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှလည်း တည်ငြိမ်အေးချမ်းမှု တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေများကို နားလည်သိရှိရန်လိုကြောင်း၊ ဥပဒေနားမလည်လျှင် တတ်သိနားလည်သူများကို မေးမြန်းရန်လိုကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက်ဆိုလျှင် အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်ကို ရောက်ရှိပါစေဟု ဆုတောင်းတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် တက်ရောက်လာကြသော တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၄ မှ*

တစ်ယောက် လာရောက်ယှဉ်ပြိုင်တာပါ။ ထူးချွန်ဆရာ အစီအစဉ်က အလွန်ကောင်းပါတယ်။ လူတိုင်း ဆရာတိုင်း မမျှော်လင့်ထားဘူး။ ဒီလို လာပြိုင်ရတဲ့အတွက်ကြောင့် အတွေ့အကြုံအများကြီးရခဲ့တယ်။ လိုအပ်ချက်တွေ၊ ပြင်ရမယ့်ဟာတွေ အများကြီးသိလာတယ်။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကိုယ့်ဘဝအတွက် အတွေ့အကြုံအများကြီး ပေးလိုက်နိုင်တယ်။ အဲဒါတွေတစ်ခုတော့ကျွန်တော်တို့အတွက် အလွန်အကျိုးရှိပါတယ်။

**ဆရာ ဦးစောသိန်းမြင့်(အထက-၁၊ ဘားအံ၊ ကရင်ပြည်နယ်)**

ဒီနေ့ယှဉ်ပြိုင်နေရတဲ့ အခြေအနေကတော့ အားရကျေနပ်ပါတယ်။ သင်ထောက်ကူ သုံးတာကတော့ ပုံဆွဲပြတယ်၊ လအကြောင်းဆိုရင် လရဲ့ခတ်ပုံကိုယူလာပြီး တော့ရှင်းပြတယ်။ Activity အနေနဲ့ စာရွက်ကလေးတွေဝေပြီးတော့ ကျောင်းသား ကျောင်းသူတွေ ကိုယ်တိုင်ပါဝင်လာအောင် သင်ကြားပေးတယ်။ ထူးချွန်ဆရာ ရွေးချယ်မှုက အလွန်ကောင်းတဲ့အစီအစဉ်တစ်ခုလို့မြင်ပါတယ်။ ဒီလိုလုပ်ပေးခြင်းအားဖြင့် ဆရာတွေအရည်အသွေးကိုလည်း ပိုပြီးမြင့်မားလာမယ်လို့တော့ ကျွန်တော်ထင်ပါတယ်။ ဒီလိုမျိုးနောက်ထပ် လုပ်ပေးနိုင်ရင် ပိုကောင်းမယ်လို့မြင်ပါတယ်။ လုပ်သက် ၁၂ နှစ်ကျော်ရှိပြီဖြစ်ပါတယ်။



ဆရာ ဦးစောသိန်းမြင့်

**မောင်အောင်ကျော်ဦး (နဝမတန်း၊ လေ့ကျင့်ရေးကျောင်း)**

အင်္ဂလိပ်စာဆရာသင်သွားတာကောင်းပါတယ်။ လအကြောင်းသင်သွားတယ်ဆိုတော့ ဗဟုသုတရပါတယ်။တစ်ယောက်ချင်းစီ စာမေးပြီး အုပ်စုတွေခွဲပြီးသင်သွားပါတယ်။ ဆရာသင်သွားတဲ့စာကို နားလည်ပါတယ်။



မောင်အောင်ကျော်ဦး

**စာပေမြင့်မှ လူမျိုးတင့်မည်**

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးစိစစ်ရွေးချယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုဆွေးနွေးနေသည့် အစီအစဉ်အရ ကျင်းပမည့် အခမ်းအနားသည် တတိယအကြိမ်မြောက် ဆက်လက်ကျင်းပပြုလုပ်မည့် အခမ်းအနားပင်ဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနားကို ၂၀၁၅ ခုနှစ် မေလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းမှုအနေဖြင့် ယခင်နှစ်က ဖွဲ့စည်းထားပြီးသည့် ကော်မတီများအတိုင်းဖြစ်ပြီး ယခုနှစ်များတွင် သက်ဆိုင်ရာကော်မတီများအလိုက် လိုအပ်သည်များကို ပြင်ဆင်ပြောင်းလဲ လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ယခုနှစ် တတိယအကြိမ်မြောက် ကျင်းပပြုလုပ်မည့် အခမ်းအနားတွင် ထူးခြားမှုများ ရှိနေပါကြောင်း၊ ယင်းမှာ မြို့ပြ/ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဆုများကို ယခင်နှစ်များက ဆုခုနစ်မျိုး လျာထားသတ်မှတ်ချီးမြှင့်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် ဆုအမျိုးအစား နှစ်ဆုကို ပိုမိုတိုးမြှင့်ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ ယင်းတို့မှာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့၏ အကောင်းဆုံးစွမ်းဆောင်ဆုနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အကောင်းဆုံး စွမ်းဆောင်ဆု နှစ်ဆုပင်ဖြစ်ပါကြောင်း၊ ထို့အတွက် စုစုပေါင်း ဆုအမျိုးအစား ကိုးမျိုးကို ပေးအပ်ချီးမြှင့်သွားရန် လျာထား သတ်မှတ်ထားပါကြောင်း။

သက်ဆိုင်သည့် လုပ်ငန်းကော်မတီများအနေဖြင့် အကဲဖြတ်အမှတ်ပေးစည်းမျဉ်းနှင့် ဇယားကို မိမိတို့ လုပ်ငန်းကော်မတီအတွင်းတွင် ဦးစွာညှိနှိုင်းရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်များနှင့် ညှိနှိုင်းဆွေးနွေးပြီး အကဲဖြတ်အမှတ်ပေးစည်းမျဉ်းများကို ရေးဆွဲသွားကြရမည် ဖြစ်ပါကြောင်း၊

လူမှုရေးဆိုင်ရာအတွက် ပေးအပ်ချီးမြှင့်မည့် ဆုအမျိုးအစား လေးမျိုးရှိပါကြောင်း၊ လေးမျိုးဖြစ်သော်လည်း နိုင်ငံတော်နှင့် ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဆောင်ရွက်မှုများကို ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း၊ အကောင်းဆုံးဆုများ ပေးအပ်နိုင်စေရန် ပညာရေးနှင့်ကျန်းမာရေးတို့တွင် တစ်ဦးတစ်ယောက်ချင်းစွမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များလည်းရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် နှစ်တွင်လည်း လူမှုရေးနှင့်ပတ်သက်၍ ရွေးချယ်ရခက်သည့် အခက်အခဲလေးများရှိခဲ့ပါကြောင်း၊ ဆုအမျိုးအစားနှစ်မျိုးပေါ်တွင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး အကဲဖြတ်အမှတ်ပေးစည်းမျဉ်းများကို ရေးဆွဲတင်ပြသွားရန် ဖြစ်ပါကြောင်း။

စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်မှုများတွင်လည်း ယခင်နှစ်ကအတိုင်း ဆက်လက်ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာ တီထွင်မှုဆုတွင်လည်း စာတမ်းသက်သက်မျိုးမဟုတ်စေရဘဲ လက်တွေ့ကျကျ လုပ်ငန်းခွင်တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ပြီး ပြည်သူလူထုအတွက် အကျိုးပြုမည့် ပညာရပ်ဆိုင်ရာ တီထွင်မှုဖြစ်သင့်သည်ဟူသည်ကို အကဲဖြတ်အမှတ်ပေးဇယားတွင် ညှိနှိုင်းဆွေးနွေး ရေးဆွဲသွားကြရမည်ဖြစ်ပါကြောင်း။

ယမန်နှစ်များက ပထမဆု ရရှိခဲ့ဖူးသည့်သူများကို နောက်တစ်နှစ်တွင် ထပ်မံချီးမြှင့်မည် မဟုတ်သော်လည်း ၎င်းအနေဖြင့် ယမန်နှစ်က စံချိန်ကိုချိုးအောင် စွမ်းဆောင်နိုင်မည်ဆိုပါက အထူးဂုဏ်ထူးဆောင်ဆုများကိုလည်း ထည့်သွင်းဂုဏ်ပြုပေးသွားမည့် အစီအစဉ်များ ဖြစ်ပါကြောင်း၊ အကဲဖြတ် အမှတ်ပေးစည်းမျဉ်းအရ စနစ်တကျ ရွေးချယ်ချီးမြှင့်ပေးသွားရန် လိုအပ်ပါကြောင်း၊ ယခင်နှစ်များကအတိုင်း ဘက်စုံထူးချွန်ကျောင်းသားလူငယ်၊ ကင်းထောက်လူငယ်များကို ဖိတ်ခေါ်ကာ ယခင်နှစ်များအတိုင်း အတွေ့အကြုံများဖလှယ်ခြင်း၊ ဆွေးနွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျင်းပမည့် အခမ်းအနားတွင် သတင်းထုတ်ပြန်နိုင်ရေးအတွက်လည်း အချိန်ဇယားများရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဆုတံဆိပ်များပြုလုပ်မည့်ကော်မတီအနေဖြင့် ပေးအပ်ချီးမြှင့်မည့် ဆုတံဆိပ်နှင့် မှတ်တမ်းများကို စနစ်တကျ လုပ်ဆောင်ထားကြရမည် ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။



ယင်းနောက် မြို့ပြ/ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေး ဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ဆုချီးမြှင့်ပေးအပ်သွားနိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အစီအမံများ၊ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လိုအပ်ချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က လုပ်ငန်းဆိုင်ရာများအပေါ် ရှင်းလင်းတင်ပြပြီး ဆုချီးမြှင့်ရေးနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ရှင်းလင်းတင်ပြရာ ဆုချီးမြှင့်ရေးနှင့် ပတ်သက်၍ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က လိုအပ်သည်များအပေါ် ရှင်းလင်းဆွေးနွေးကြပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်သမ္မတအနေဖြင့် ထူးချွန်သူများကို နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့် အသိအမှတ်ပြုခြင်းသည် ထူးချွန်သူများ ပိုမိုပေါ်ထွက်လာစေရန် ဖြစ်ပါကြောင်း၊ တစ်နိုင်လုံး၏ ထူးချွန်သူကိုသာ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ရွေးချယ်ရာတွင် ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် ရွေးချယ်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် နေ့ရက်တွင် အကောင်းဆုံးပြကွက်များ ပြသနိုင်ရေးနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆုတံဆိပ်များ ပြုလုပ်မည့် ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက လေယာဉ်ငယ်ဖြင့် ကွင်းဆင်းစစ်ဆေးနိုင်ရေးစီမံဆောင်ရွက်ပေးမည့် အစီအစဉ်များအပေါ် ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

---

◆ ကျောဖုံးမှ

ဖွင့်ဆိုထားပါတယ်။ အဖြူရောင်ကတ်ပြားတွေဖြစ်လို့ White Card ဆိုပြီး အလွယ်ခေါ်ဝေါ်သုံးနှုန်းနေကြတာ ဖြစ်ပါတယ်။ တရားဝင်အခေါ်အဝေါ်ကတော့ ယာယီသက်သေခံလက်မှတ် (Temporary Identity Certificate) လို့ခေါ်ပါတယ်။ အဲဒီကတ်ကို နည်းဥပဒေအပိုဒ်-၁၃(၁)(ဂ)အရ ဥပဒေနဲ့အညီ ထုတ်ပေးထားခြင်းဖြစ်ပါတယ်။

အဓိပ္ပာယ်ဖွင့်ဆိုချက်အနေနဲ့ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတွေဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနယ်မြေအတွင်း ရောက်ရှိနေထိုင်သူတွေဖြစ်ကြောင်း သက်သေခံတဲ့ကတ်ပြားပဲဖြစ်ပါတယ်။ နိုင်ငံသားအဖြစ် အသိအမှတ်ပြုတာ မဟုတ်သေးပါဘူး။ ဒါ့အပြင် လူတစ်ဦးတစ်ယောက်ဟာ နိုင်ငံတစ်နိုင်ငံရဲ့ နယ်မြေအတွင်း နေထိုင်ခွင့်ရှိတယ်ဆိုတဲ့ State Less Convention ပါ ပြဋ္ဌာန်းချက်ကို အလေးထားလိုက်နာတဲ့သဘောလို့လည်း ဆိုနိုင်ပါတယ်။

သက်သေခံကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားတာ မရှိသေးတဲ့ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့အညီ နိုင်ငံသားစိစစ်ဖို့ ကျန်ရှိနေသေးတဲ့သူတွေကို မြန်မာနိုင်ငံအတွင်း နေထိုင်သူများ ဥပဒေနှင့်အညီ ယာယီသက်သေခံလက်မှတ် ထုတ်ပေးထားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေအနက် အသက်(၁၈)နှစ်ပြည့်ပြီး ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူဦးရေဟာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့အထိ စာရင်းအရ စုစုပေါင်း ၅၉၀၀၁၆ ဦး ရှိပါတယ်။ ဒီထဲမှာ ဘင်္ဂါလီ၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါလ်၊ မုန်းဝန်း၊ ခိုလုံလီရှော၊ တရုတ်၊ စိစစ်ဆဲဖြစ်သော ကိုးကန့်တိုင်းရင်းသားနဲ့ ‘ဝ’ တိုင်းရင်းသားတွေလည်း ပါဝင်ပါတယ်။

ယာယီသက်သေခံလက်မှတ် ထုတ်ပေးထားသူအများစုမှာ ရခိုင်ပြည်နယ်မှ ဘင်္ဂါလီလူမျိုးတွေဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ နယ်စပ်ဒေသတွေမှာနေထိုင်ပြီး ဟိုဘက်ဒီဘက် ဆွေမျိုးတော်စပ်ကြသူတွေ၊ ရုပ်ရည်သွင်ပြင်လက္ခဏာ၊ ဘာသာ၊ စကားတူညီနေတဲ့အတွက် ခွဲခြားစိစစ်ဖို့ခက်ခဲပြီး ခိုင်လုံတဲ့အထောက်အထားပြသဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားအဖွဲ့အစည်းဝင်တွေနဲ့ မိသားစုတွေပါ ပါဝင်နေကြပါတယ်။ ဒါက ပထမ ယာယီသက်သေခံလက်မှတ်အကြောင်း အကြမ်းဖျင်းပြောတာဖြစ်ပါတယ်။

အခု ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူတွေနဲ့ပတ်သက်ပြီး ပြောပြရရင် ကနဦးအဆင့်အနေနဲ့ (၂၆-၂-၂၀၀၈) ရက်စွဲနဲ့ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၁/ ၂၀၀၈ နဲ့ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေပုဒ်မ-၁၁(က)မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပတဲ့ နေ့ရက်မှာ အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနဲ့ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူတိုင်းဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ မဲပေးပိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူတွေဟာ ဆန္ဒမဲပေးခွင့်ရရှိခဲ့ကြပြီး ဖြစ်ပါတယ်။

အဲဒီနောက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာတဲ့အခါ ဥပဒေရဲ့ ပုဒ်မ-၃၉၁(က)မှာ ရွေးကောက်ပွဲကျင်းပတဲ့နေ့ရက်မှာ အသက်(၁၈)နှစ်ပြည့်ပြီး ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်တဲ့အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားနဲ့ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေလို့ဆိုရာမှာ နိုင်ငံသားတစ်မျိုးတည်းသာမကဘဲ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးခွင့်ရှိကြောင်းကိုပါ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ဒါကြောင့် ဆန္ဒမဲပေးခွင့်ရှိသူ နှစ်မျိုးရှိနေတယ်ဆိုတာ ဂရုပြုရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်/တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတိုင်းရဲ့ ပုဒ်မ (၆)အရ ရွေးကောက်ပွဲ စတင်ကျင်းပတဲ့နေ့မှာ အသက် ၁၈ နှစ်ပြည့်ပြီး ဒီဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ မဆန့်ကျင်တဲ့ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူ၊ သက်ဆိုင်ရာ မဲဆန္ဒနယ် မဲစာရင်းမှာပါဝင်သူဟာ မဲပေးခွင့်ရှိကြောင်း ဖော်ပြထားပြီး ဖြစ်ပါတယ်။

ပြီးတော့ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာလည်း ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူတွေကိုလည်း မဲပေးခွင့်ပေးထားခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲလွှတ်တော်အသီးသီးရဲ့ ရွေးကောက်ပွဲဥပဒေတွေအရ ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူတွေဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေဖြစ်တယ်လို့ သတ်မှတ်ထားတာတွေ့ရှိရပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားစဉ်။

ဒါကြောင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူ နိုင်ငံခြားသားတွေကို မဲပေးခွင့်ပြုဖို့ စဉ်းစားနေတယ်ဆိုပြီး လွဲမှားစွာသုံးသပ်မိမှာစိုးပါတယ်။ ဆိုလိုရင်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေမှာ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူတွေကို မဲပေးခွင့်မပြုဘဲ ချန်လှပ်ထားခဲ့မယ်ဆိုရင် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူတွေထဲမှာ လူမျိုးခြား တစ်မျိုးတည်းကိုသာ ရည်ရွယ်ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံသားအဖြစ်စိစစ်နေဆဲ မိမိတိုင်းရင်းသားအချို့လည်း ရောနှောပါရှိနေနိုင်တာဖြစ်လို့ မိမိတိုင်းရင်းသားတွေ နစ်နာမှုမရှိစေဖို့ကို ဦးတည်ရည်ရွယ်ပြီး ယခင်ဆောင်ရွက်ပေးခဲ့တဲ့ သမိုင်းကြောင်းနဲ့ တည်ဆဲဥပဒေတွေကိုကိုးကားပြီး စဉ်းစားသုံးသပ်နိုင်ဖို့အတွက်သာ နိုင်ငံတော်ဘက်ကအကြံပြု/အသိပေး သဘောထားမှတ်ချက်ပြုခြင်းမျိုးသာ ဖြစ်ပါတယ်။ အဆုံးအဖြတ်ပေးခြင်းမျိုးလည်းမဟုတ်တာကို ဂရုပြုစေလိုပါတယ်။

**မေး ။ ။ နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးတဲ့လူတွေတော်တော်များများရှိနေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မိုးပွင့်စီမံချက်ဆိုပြီး နိုင်ငံတစ်ဝန်းမှာ ကွင်းဆင်းလုပ်နေတာတွေ တွေ့ပါတယ်။ ကျန်နေသူတွေအတွက် ထိထိရောက်ရောက်ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်မယ့် အစီအမံတွေ ရှိ၊ မရှိ သိလိုပါတယ်။**

ဖြေ ။ ။ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို မိုးပွင့်စီမံချက်အနေနဲ့ တစ်နိုင်ငံလုံးကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တာဟာ နိုင်ငံသားစိစစ်ရေးကတ်သာမဟုတ်ပါဘူး။ အိမ်ထောင်စုဝင်စာရင်းကိုရော ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အိမ်ထောင်စုဝင်စာရင်းရော၊ နိုင်ငံသားစိစစ်ရေးကတ် အဟောင်းအသစ်လဲလှယ်တာကိုပါ ကွင်းဆင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုးပွင့်စီမံချက်တွေ လုပ်ဆောင်တာကို ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်ကနေစပြီး လုပ်ဆောင်တာ အခုဆို အဆင့်(၇)ကို ရောက်ရှိနေပါပြီ။ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၄၀၆၂၇၇၃ ကတ် ထုတ်ပေးပြီးဖြစ်ပါတယ်။ အိမ်ထောင်စုဝင်စာရင်းလည်း ၆၄၂၅၅၃ ခု ထုတ်ပေးပြီးဖြစ်ပါတယ်။ မိုးပွင့်စီမံချက်တွေအတွက် တာဝန်ရှိဝန်ထမ်းတွေ၊ ကျေးရွာတွေက တာဝန်ရှိသူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်တွင်းပြည်ပအလှူရှင်တွေ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ မိုးပွင့်စီမံချက် ဆောင်ရွက်ရာမှာ တွေ့ကြုံလာတဲ့အခက်အခဲတွေကိုလည်း ပြည်သူတွေထံ အသိပေးအကြောင်းကြားခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြလျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်က နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အတိုင်း ပြည်သူ့ဆန္ဒကို ဆောင်ရွက်ပေးတဲ့ကဏ္ဍဖြစ်ပါတယ်။ မိုးပွင့်စီမံချက်ဟာ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးဖြစ်တဲ့ တတိယအဆင့် (Third Wave)ဖော်ဆောင်ပေးနေခြင်းဖြစ်ပါတယ်။ ဒါ့ပြင် နိုင်ငံတစ်ဝန်းမှာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ဖို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလကနေပြီး ဇွန်လအထိ မိုးပွင့်အထူးစီမံချက်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အိမ်ခန်းအရေအတွက် အများဆုံးပါဝင်သည့် ရေဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း

မြို့ရွာနှင့် အိုးအိမ်

ရေဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်း တည်ရှိ၍ ဒဂုံ(တောင်)မြို့နယ်နှင့် ကပ်လျက်ရှိပြီး စီမံကိန်းလုပ်ငန်းမြေဧရိယာဧက ၂၂၀ ရှိသည်။ စီမံကိန်းတည်နေရာသည် Down Town ဧရိယာနှင့် ရှစ်ကီလိုမီတာ ငါးမိုင်ခန့်သာ ကွာဝေးပြီး မော်တော်ယာဉ်ဖြင့် သွားလာမည်ဆိုပါက သာမန်အားဖြင့် မိနစ် ၂၀ ခန့်သာ မောင်းနှင်ရမည့် ခရီးဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ဇွန်လတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၄ ခန်းတွဲ ၁၈ ထပ် အဆောက်အအုံ ၄၉ လုံးကို တည်ဆောက် ဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းအဆောက်အအုံ ၄၉ လုံးကို ရေဝဏ်ဘက်အပိုင်း၊ ရတနာဘက်အပိုင်းဟူ၍ နှစ်ပိုင်းခွဲခြား ဆောင်ရွက်လျက်ရှိရာ ရေဝဏ်ဘက်အပိုင်းတွင် အဆောက်အအုံ ၂၇ လုံး၊ ရတနာဘက်အပိုင်းတွင် အဆောက်အအုံ ၂၂ လုံးပါဝင်ပြီး Block ၁၁ ခု ပိုင်းခြား သတ်မှတ်ထားသည်။ Block(A) အတွင်း အဆောက်အအုံခြောက်ခု၊ Block(B) အတွင်း အဆောက်အအုံလေးခု၊ Block(C) အတွင်း အဆောက်အအုံ လေးခု၊ Block (D) အတွင်း အဆောက်အအုံလေးခု၊ Block (E)အတွင်း အဆောက်အအုံခြောက်ခု၊ Block(F) အတွင်း အဆောက်အအုံသုံးခု၊ Block(G) အတွင်း အဆောက်အအုံခြောက်ခု၊ Block (H)အတွင်း အဆောက်အအုံလေးခု၊ Block (I) အတွင်း အဆောက်အအုံလေးခု၊ Block(J)အတွင်း အဆောက်အအုံငါးခု၊ Block(K) အတွင်း အဆောက်အအုံသုံးခုပါဝင်သည်။

**ရေဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းသည် ရန်ကုန်မြို့တွင် တည်ဆောက်ပြီးစီးခဲ့သော အိမ်ရာ စီမံကိန်းများနှင့် တည်ဆောက်ဆဲ အိမ်ရာစီမံကိန်းများအနက် အိမ်ခန်းအရေအတွက် အများဆုံး ပါဝင်သော အထပ်မြင့်အိမ်ရာ စီမံကိန်းတစ်ခုဖြစ်ပါသည်။ ပြည်သူလူထု၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းဒေသကြီးအတွင်း လက်ရှိ မြို့နယ်များနှင့် ဆက်စပ်လျက်ရှိပြီး ဆက်သွယ်သွားလာရေးလွယ်ကူသည့် လူဦးရေတစ်သိန်းခန့်နေထိုင်နိုင်မည့် အဆင့်မီမြို့သစ်တစ်ခုအသွင် ပေါ်ပေါက်လာစေရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်သည်။**



Parcel-G, Building No-4
လုပ်ငန်းပြီးစီးမှု

အထပ်မြင့်အိမ်ရာ စီမံကိန်းတစ်ခုဖြစ်သည့်အလျောက် နည်းပညာခိုင်မာသည့် နိုင်ငံတကာအဆင့်မီကုမ္ပဏီ တစ်ခုဖြစ်သော စင်ကာပူနိုင်ငံအခြေစိုက် Surbana ကုမ္ပဏီအား Design အပ်နှံဆောင်ရွက်ခြင်းဖြစ်ပြီး ငလျင်ဒဏ်နှင့် လေမုန်တိုင်းဒဏ်များကို ခံနိုင်ရန် Design ပြုလုပ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိ အသုံးပြုလျက်ရှိသော သမားရိုးကျ တည်ဆောက်မှု နည်းပညာများအစား ပေါင်းစပ်စနစ် (Combine Method) ကို ပြောင်းလဲအသုံးပြုတည်ဆောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာ အသုံးပြု တည်ဆောက်မှု နည်းပညာများ ဖွံ့ဖြိုးလာစေရန် မြန်မာ့ ရေမြေသဘာဝ ပထဝီအနေအထားတို့နှင့် လိုက်လျော ညီထွေမှုရှိသည့် တည်ဆောက်ရေး နည်းပညာများကို နိုင်ငံတွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များ အမြင်ကျယ်ပြန့်စွာ လက်တွေ့အသုံးချတည်ဆောက်လာနိုင်ရန် ရည်ရွယ်၍ နည်းပညာအသစ်ဖြင့် တည်ဆောက်ခြင်းဖြစ်ပါသည်။ (Combine Method) ပေါင်းစပ်စနစ်သည် အဓိကအမာခံထည်များဖြစ်သည့်တိုင်နှင့် ရက်မကို (Cast in Situ Method) လုပ်ငန်းခွင်တိုက်ရိုက်ဆောင်ရွက်ခြင်းစနစ်နှင့် နံရံများ၊ ခန်းဖွဲ့နံရံများ၊ ကြမ်းခင်းပြားများကို (Prefebrication & Installation Method) ကြိုတင်ပြုလုပ်ခြင်းနှင့် တပ်ဆင်ခြင်းစနစ်တို့ကို ပေါင်းစပ်တည်ဆောက်ခြင်း ဖြစ်ပါသည်။ Foundation ကို Bored Pile စနစ်ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်သည်။ Precast Walling and Slad Plant တို့ကို အသုံးပြုခြင်းဖြင့် အချိန်လျင်မြန်စွာ ပြီးစီးခြင်း၊ Form Work သစ် အသုံးပြုမှု သက်သာစေခြင်း၊ အုတ်စီနံရံလုပ်ငန်းအတွက် အုတ်ဖုတ်ခြင်းဖြင့် ထင်းနှင့် စွမ်းအင်ပြုန်းတီးမှုကို သက်သာစေခြင်းစသော အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

စီမံကိန်းတွင် ကုမ္ပဏီစုစုပေါင်း ၃၂ ခု ပါဝင်လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး Bored Pile လုပ်ငန်းဆောင်ရွက်သောကုမ္ပဏီငါးခု၊ Super Structure လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီခြောက်ခု၊ Bored Pile & Super Structure လုပ်ငန်းဆောင်ရွက်သောကုမ္ပဏီ ၁၆ ခု၊ Bored Pile , Super Structure and Pre-castor လုပ်ငန်းဆောင်ရွက်သောကုမ္ပဏီငါးခုပါဝင်သည်။

**အဆောက်အအုံ Design အရ အဆောက်အအုံတစ်လုံးတွင် လူနေအိမ်ခန်း တစ်ခန်းလျှင် ပျမ်းမျှ ၆၀၀ စတုရန်းပေရှိပြီး အိမ်ခန်းပေါင်း ၄၀၀ နှင့်အခြားဝန်ဆောင်မှုအခန်းများ ပေါင်းစပ်ပါဝင်ပါသည်။ အဆောက်အအုံတစ်ခုလုံး၏ ကြမ်းခင်းဧရိယာသည် ၃၇၂၇၀၂ စတုရန်းပေရှိမည်ဖြစ်ပြီး အထပ်မြင့်အဆောက်အအုံဖြစ်သည့်အလျောက် အဆောက်အအုံတစ်ခုလျှင် ဓာတ်လှေကားနှစ်စင်းထည့်သွင်းတည်ဆောက်ထားသည်။**

အဆောက်အအုံ ၄၉ လုံးကို ဦးစားပေးအဆင့်သတ်မှတ်တည်ဆောက်လျက်ရှိရာပထမဦးစားပေးအဆင့်တွင် အဆောက်အအုံ အလုံး ၂၀၊ ဒုတိယ ဦးစားပေးအဆင့်တွင် အဆောက်အအုံ ၁၃ လုံး၊ တတိယဦးစားပေးအဆင့်တွင် အဆောက်အအုံ ၁၆ လုံး ပါဝင်သည်။

အဆိုပါ ဦးစားပေးအဆင့်အလိုက် အဆောက်အအုံများ၏ လုပ်ငန်းပြီးစီးမှုအခြေအနေမှာ ပထမဦးစားပေးအဆင့်အဆောက်အအုံ ၂၀ သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးသတင်းပတ်အထိ Bored Pile လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ Pile Cap လုပ်ငန်း ၅၈ ဒသမ ၃၉ ရာခိုင်နှုန်း၊ Short Column ၄၅ ဒသမ ၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးလျက်ရှိပြီး Column Wall လုပ်ငန်းများနှင့် Precast Element များ စတင်တပ်ဆင်နေပြီဖြစ်သည်။

ဒုတိယဦးစားပေးအဆင့် အဆောက်အအုံ ၁၃ လုံးသည် Bored Pile လုပ်ငန်း ၉၂ ဒသမ ၇၄ ရာခိုင်နှုန်း၊ Pile Cap လုပ်ငန်း ၂၃ ဒသမ ၈၁ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးလျက်ရှိပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တတိယဦးစားပေးအဆင့် အဆောက်အအုံ ၁၆ လုံးသည် Bored Pile ၆၈ ဒသမ ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးလျက်ရှိပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရေဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ထားရှိပြီးဖြစ်၍ ရေဝဏ်ဘက်အပိုင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ( 66/ 11 KV 60 MVA) ရေဝဏ်ဓာတ်အားခွဲရုံတစ်ရုံကို လည်းကောင်း၊ ရတနာအပိုင်းဓာတ်အားရရှိရေးအတွက် (66/11KV 60 MVA ) ရတနာဓာတ်အားခွဲရုံတစ်ရုံကိုလည်း တည်ဆောက်ဆောင်ရွက်လျက်ရှိရာ ဓာတ်အားခွဲရုံနှစ်ခုလုံး ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

စီမံကိန်းအတွင်း သောက်ရေ/သုံးရေ ဖြန့်ဖြူးပေးရန်အဆောက်အအုံတစ်လုံးတွင် အများပြည်သူသုံးအတွက် ရေဂါလန် ၈၅၀၀၀ ဆံ့ မြေအောက်ရေကန်တစ်လုံးနှင့် မီးသတ်ရေအဖြစ် ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေကန်တစ်လုံးတို့ ထည့်သွင်းတည်ဆောက်ထားပါသည်။

**ရေဝဏ်၊ ရတနာစီမံကိန်းတွင် လူနေအိမ်ခန်းများနှင့်အတူ ဆေးရုံ၊ Bus Terminal၊ ကျောင်း၊ အားကစားကွင်း၊ Shopping Mall များ ပေါင်းစပ်ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသောကြောင့် တစ်နေရာတည်း၌ပင် လိုအပ်ချက်များ ပြီးပြည့်စုံစေနိုင်သည့် အိမ်ရာစီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။**



Parcel-G, Building No-3
လုပ်ငန်းပြီးစီးမှု




## မော်တော်ယာဉ်ပါမစ်လျှောက်ထားသူများသိရှိရန်

ယာဉ်အို/ယာဉ်ဟောင်းအစားထိုးအပ်နှံပါမစ် လျှောက်ထားမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း ပါမစ်လျှောက်ထားမှုများအတွက် CIF တန်ဖိုးများကို နှစ်သစ်မကူးပြောင်းမီ ယခင်ထုတ်ပြန်ကြေညာခြင်းအား ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁ရက်မှစ၍ ယာဉ်အို/ယာဉ်ဟောင်း အစားထိုးအပ်နှံပါမစ်ထုတ်ပေးသည့် အစီအစဉ်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း ပါမစ်ထုတ်ပေးသည့်အစီအစဉ်များတွင် CIF တန်ဖိုးသတ်မှတ်ဆောင်ရွက်ခြင်းမပြုတော့ဘဲ လိုင်စင်လျှောက်ထားသူမှ တင်ပြသည့် Invoice အပေါ်တွင်စိစစ်၍ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်ရေးကော်မတီ
(၂၂-၁၂-၂၀၁၄)

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၂၀/ကန်အောက်ရပ်၊ ဦးပိုင်အမှတ် ၂၂၆၊ ဧရိယာ ၀ ဒသမ ၁၀၀ ဧကရှိ ဦးသာထွန်းအောင် အမည်ပေါက် မြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် ၎င်းမြေငှားဂရန်အား မနှင်းမော်အေးအမည်ဖြင့် မြေငှားဂရန်အသစ် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

မနှင်းမော်အေး ဖုန်း-၀၉-၂၅၄၂၅၅၀၅၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## ဆီဘောက်ဆာယာဉ်မှ ကားဆီပီပါသို့ ဆီဖလှယ်စဉ် မီးလောင်မှုဖြစ်ပွား

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် သမ္မတာကျေးရွာ ပြင်ဦးလွင်-မန္တလေး မော်တော်ကားလမ်းဘေးရှိ ဆီသိုလှောင်ခြံတွင် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က 3H/----- ဆီဘောက်ဆာအတွင်းမှ ဆီတိုင်ကီ တင်ထားသော 2D/------ယာဉ်ပေါ်သို့ ဆီဖလှယ်ရာမှ ဆီထည့်သည့် နော်ဆယ်ခေါင်းနှင့် ပီပါနံရံတို့ တိုက်မိရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် 3H/----ဆီဘောက်ဆာကားတစ်စီး၊ 2e/---ဆီတင်ယာဉ်တစ်စီး၊ 6e/-----ဆီတင်ယာဉ်တစ်စီးနှင့် ဆီပီပါ ၄၄ လုံး မီးလောင်ဆုံးရှုံးသွားခဲ့ပြီး စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၅၆၄၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။



အဆိုပါမီးလောင်ရာသို့ မီးသတ်ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်တို့ ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင် ၈၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၈၀ နှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ယာဉ် ၅၅ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး ဆီသိုလှောင်ခြံမှ အလုပ်သမား ဟန်ဝင်းအောင်(၁၉ နှစ်)နှင့် နေမျိုးထွန်း(၁၈ နှစ်)တို့သည် ကိုယ်ခန္ဓာအောက်ပိုင်း မီးလောင်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသွားရာ မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိသည်။

ဆီသိုလှောင်ခြံ တာဝန်ခံကိုမင်းမင်းအား သက်ဆိုင်ရာ ပုသိမ်ကြီးမြို့နယ် အုန်းချောရဲစခန်းမှ ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## မြန်မာနိုင်ငံ ငါးလုပ်ငန်းဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံအတွင်းရှိ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ချက်များကို အများပြည်သူသိရှိစေရန်ရည်ရွယ်၍ ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## စိမ့်စမ်းရေသွယ်ယူရရှိရေး ကွင်းဆင်းဆောင်ရွက်

**ရမ်းဗြဲ ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်ဒေသ စိမ့်စမ်းရေသွယ်ယူရန်အတွက် ဝင်းကမ္ဘာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည့် စေရင်းကျေးရွာအုပ်စု စေရင်းကျေးရွာ၊ တောင်ရင်းကျေးရွာနှင့် အချောင်ပြင်ကျေးရွာများသို့ ဒီဇင်ဘာ ၂၀ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လှ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းတို့နှင့်အတူ ကျေးရွာအထောက်အကူပြုကော်မတီဝင်တို့ဖြင့် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးနှင့် စိမ့်စမ်းရေသွယ်ယူရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**

## သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ကွင်းဝန်ထမ်းများ တာဝန်ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် နွေစပါးပုလဲသွယ် (GAP) သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ကွင်းဝန်ထမ်းများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ တိုင်းစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦးက အမှာစကားပြောကြားပြီး ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ကျော်ဦးက တာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ကွင်းဝန်ထမ်းများအနေဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် အသေးစိတ်မှာကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦး၊ ခရိုင်ဦးစီးဌာနဦးစီးမှူး ဦးကျော်ကျော်ဦးတို့က ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကွင်းဝန်ထမ်းများအား တာဝန်ပေးအပ်လွှာနှင့် တူညီဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



ကြော်ငြာ

# သမိုင်းကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှိုးဆော်လွှာ

သမိုင်းကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီမှ ညနေ ၅း၃၀နာရီအထိ မန္တလေးမြို့၊ ၂၇လမ်းနှင့် ၆၄ လမ်းထောင့်ရှိ Oriental House ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက္ကသိုလ်နေ့သင်တန်း၊ ညနေသင်တန်း၊ စာပေးစာယူနှင့်အဝေးသင်တက္ကသိုလ်တို့တွင် သမိုင်းဘာသာရပ်ကို တက်ရောက်သင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

၃၀-၁၂-၂၀၁၄ ရက် နံနက် ၉နာရီ မန္တလေးတက္ကသိုလ် သမိုင်းဌာန၊ မဟာစည်သူခန်းမတွင် ကွယ်လွန်ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းနှင့်လှူဖွယ်များ ဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေပါမည်။ ၃၀-၁၂-၂၀၁၄ ရက် ညနေ ၆ နာရီမှ ည ၉ နာရီအထိ မိတ်ဆုံညစာစားပွဲ (Oriental House)

**ဆက်သွယ်လှူဒါန်းရန် -**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဒေါက်တာစိုင်းနော်ခေး | (မန္တလေး) | ဖုန်း-၀၉-၄၄၄၀၃၁၅၇၁ | ဒေါက်တာစိုးစိုးသန်း | (လားရှိုး) | ဖုန်း-၀၉-၂၀၁၅၃၇၄ | ဦးခင်မောင်တင့်(၇၃လမ်း) | ဖုန်း-၀၉-၂၀၃၃၄၆၂ |
| ဒေါက်တာမောင်ချို | (ပခုက္ကူ) | ဖုန်း-၀၉-၂၃၀၂၄၈၂ | ဦးသန်းတင် | (တောင်ကြီး) | ဖုန်း-၀၉-၄၁၀၂၈၈၅ | ဒေါ်မမနိုင်(ရုပ်သေး) | ဖုန်း-၀၉-၂၀၁၅၈၆၆ |
| ဦးနီတွတ် | (ရတနာပုံ) | ဖုန်း-၀၉-၂၀၂၆၉၃၀ | ဒေါက်တာယောဟန်ထွန်း | (စစ်ကိုင်း) | ဖုန်း-၀၉-၄၃၁၂၇၈၂၀ | ကိုမျိုးညွန့်ကျော် | ဖုန်း-၀၉-၂၀၀၆၂၃၂ |
| ဒေါက်တာခင်ခင်ထူး | (မုံရွာ) | ဖုန်း-၀၉-၅၁၁၃၃၂၀ | ဒေါက်တာကျော်ဆွေညွန့် | (မြစ်ကြီးနား) | ဖုန်း-၀၉-၄၇၀၃၉၆၀၀ | ကိုသန်းထွန်းအောင် | ဖုန်း-၀၉-၂၀၀၆၀၉၉ |
| ဒေါက်တာနုနု | (ရွှေဘို) | ဖုန်း-၀၉-၂၁၀၀၅၂၁ | ဒေါက်တာမိုင်စမ်းစမ်းအေး | (မိတ္ထီလာ) | ဖုန်း-၀၉-၆၈၀၁၂၀၀ | ကိုမင်းကျော် | ဖုန်း-၀၉-၂၀၁၀၉၂၇ |
| ဒေါက်တာရီရီဝင်း | (မန္တလေး) | ဖုန်း-၀၉-၂၀၀၁၂၂၄ | ဒေါက်တာဆန်းဆန်း | (မကွေး) | ၀၉-၂၅၆၀၃၇၆၂၅ | ဒေါ်အေးအေးမြင့် | ဖုန်း-၀၉-၄၃၀၆၀၄၄၆ |
| ဒေါက်တာကျော်ဆွေ | (MUFL) | ဖုန်း-၀၉-၆၈၀၀၂၁၉ | ဒေါက်တာဝင်းစိုး | (မိုးညှင်း) | ဖုန်း-၀၉-၂၃၀၀၈၇၄ | ကိုနေလင်းမောင်မောင် | ဖုန်း-၀၉-၂၀၂၃၉၉၈ |
| ဒေါက်တာစိုးအောင် | (ကျိုင်းတုံ) | ဖုန်း-၀၉-၂၅၆၁၂၀၀၅၈ | ဒေါက်တာခင်မြင့်ဆွေ | | ဖုန်း-၀၉-၂၀၂၂၉၄၆ | ကိုထွန်းမြင့်အောင် | ဖုန်း-၀၉-၅၁၄၃၂၉၁ |
| ဗိုလ်မှူးကျော်စွာ | (ပြင်ဦးလွင်) | ဖုန်း-၀၉-၃၃၂၁၉၃၆၇ | ဒေါက်တာအေးအေးသန်း | (လှိုင်ကော်) | ဖုန်း-၀၉-၄၀၁၅၅၈၉၂၉ | ကိုလှဘုန်း | ဖုန်း-၀၉-၆၈၁၁၉၄၆ |
| ဒေါက်တာကိုကိုနိုင် | (ကျောက်ဆည်) | ဖုန်း-၀၉-၉၁၀၄၃၀၂ | ဦးတင်ဦး | (ဗန်းမော်) | ဖုန်း-၀၉-၄၄၄၀၃၆၃၇၇ | ဒေါ်ကြည်ကြည်မာ(ရွှေချည်ထိုး) | ဖုန်း-၀၉-၄၀၂၆၆၁၀၁၁ |









**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၂က/၇၇၃၅ Nissan Sunny S/L ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မင်း ၁၂/သဃက(နိုင်)၀၄၃၈၅၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

**သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**

# မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ မအူပင်-တွံတေး-ရန်ကုန်လမ်းမကြီးမှ လေးအိမ်စုကျေးရွာသို့ ဆက်သွယ်ထားသော အရှည်ပေ ၇၀၀၀ ရှိ ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက်က ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက အမှာစကားပြောကြားသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း မအူပင်ခရိုင်၊ မအူပင်မြို့နယ်အတွင်း၌ တည်ဆောက်ရေးလုပ်ငန်း ၁၄ ခုကို ငွေကျပ်သန်းပေါင်း ၇၈၂ ဒသမ ၉၃ သန်းကျခံ သုံးစွဲပေးခဲ့ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့်လည်း အထူးဖွံ့ဖြိုးရေးဒေသကြီး ၁၉ ခု၊ မြို့နယ် ၇၃ မြို့နယ်၊ ကျေးရွာပေါင်း ၁၅၃၆၂ ရွာ၌ လမ်း၊ တံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ် အားလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းစသည့် အဓိကလုပ်ငန်းကိုးမျိုးကို ဆောင်ရွက်ပေးလျက်ရှိသည်။

**မြင့်စိုး(နတလ)**

# မြစ်ကြီးနားမှ မန္တလေး၊ မန္တလေးမှ မြစ်ကြီးနား
# အမှတ်(၃၇/၃၈) မြစ်ဆုံ-မန္တလာအထူးအမြန်ရထားစတင်ပြေးဆွဲ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၄**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီလီမိတက်တို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အမှတ်(၃၇/၃၈) အစုန်၊ အဆန် မြစ်ဆုံ -မန္တလာ အထူးအမြန်ရထားစတင်ပြေးဆွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က မြစ်ကြီးနားဘူတာ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကမန်းဒူနော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကချင်ပြည်နယ် အများပိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါ်ဂျာဆိုင်းခွန်က မြစ်ဆုံ-မန္တလာ အထူးအမြန်ရထားပြေးဆွဲမည့် အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက မြစ်ဆုံ-မန္တလာအထူးအမြန်ရထား ပြေးဆွဲပေး၍ ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌတို့က အမှတ်(၃၈)အစုန်၊ မြစ်ဆုံ-မန္တလာ အထူးအမြန်ရထားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာပက်ဖျန်းပေးသည်။ ဆက်လက်၍ လိုက်ပါစီးနင်းသော ခရီးသည်များအား လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မြစ်ကြီးနား-မန္တလေး အမှတ်(၃၈) အစုန် မြစ်ဆုံ-မန္တလာအထူးအမြန်ရထားသည် မြစ်ကြီးနားဘူတာမှ နံနက် ၁၁ နာရီခွဲမှ စတင်ထွက်ခွာသည်။ မိုးကောင်း၊ ဟိုပင်၊ မိုးညှင်း၊ နဘား၊ ကောလင်း၊ ရွှေဘိုဘူတာများတွင် ရပ်နားပေးမည်ဖြစ်ပြီး မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၅ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်သည်။ မန္တလေး ဘူတာမှ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ထွက်ခွာမည့် အမှတ်(၃၇) အဆန်ရထားသည် မြစ်ကြီးနားဘူတာသို့ နောက်နေ့နံနက် ၄ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

"မြစ်ဆုံ-မန္တလာ အစုန်-အဆန် အထူးအမြန်ရထားပြေးဆွဲပေးခြင်းကြောင့် အထူးအမြန်နှင့်အညီ ခရီးသွားများကျပ်တည်းစွာ မစီးရတော့ဘဲ သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ် စီးနင်းလိုက်ပါရတာမို့ ဂုဏ်ယူဝမ်းသာပါကြောင်း" ခရီးသည်တစ်ဦးက ပြောပြပြီး အခြားခရီးသည်တစ်ဦးကလည်း "အထူးရထားပေါ်မှာ (ခိုးဆိုးနိုက်) မဖြစ်နိုင်ဘူးဆိုတာ ယုံကြည်မိလို့ စိတ်အေးချမ်းမြေ့ရပါတယ်"ဟု ပြောပြသည်။

မိုးညှင်းဘူတာမှ အမှတ်(၃၇/၃၈) အထူးအမြန်ရထားစီးမည့် ခရီးသည်တွေများတာကြောင့် ရက်ကြိုလက်မှတ်များပင် ကုန်နေပြီဖြစ်ပါကြောင်း၊လိုအပ်တဲ့လက်မှတ်ကို အခြားဘူတာမှ ဆက်သွယ်ဆောင်ရွက်ပေးပါကြောင်း အရောင်းအဝယ်တာဝန်ခံ ဦးဟန်စိန်က ပြောပြသည်။ **(ဝဇ၃)**

## ပြည်တွင်းသတင်းနှင့် ဓာတ်ပုံ

### ကျန်းမာရေးစောင့်ရှောက်မှုကော်မတီဖွဲ့စည်း

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နေပြည်တော် ပျဉ်းမနားမြို့ အထက(၂) အငြိမ်းစားဆရာ ဆရာမကြီးများ ကျန်းမာရေးအတွက် ပံ့ပိုးစောင့်ရှောက်ရန်ရည်ရွယ်၍ ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ယင်းကော်မတီသည် ကမ္ဘောဇဘဏ်တွင် ငွေပဒေသာပင် ငွေကျပ်သိန်း ၂၀၀ ကျော် အပ်နှံလျက်ကျန်းမာရေးစောင့်ရှောက်ရန်လိုအပ်သော ဆရာ၊ ဆရာမကြီးများအတွက် မကျန်းမာမှုအဆင့် သုံးဆင့်သတ်မှတ်ကာ ထောက်ပံ့ပူဇော်လျက်ရှိပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဆရာ၊ ဆရာမကြီး ၅၃ ဦးတို့ကို ငွေကျပ် ၅၇ သိန်းကျော်ကို ထောက်ပံ့လှူဒါန်းခဲ့ပြီးကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

### နိုင်ငံသားစိစစ်ရေးကတ်ပြားများနေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

**ပေါင် ဒီဇင်ဘာ ၂၄**

သထုံခရိုင် ပေါင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာများသို့ နေ့ချင်းပြီး (အခမဲ့) ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက် နံနက်က မုတ္တမကျေးရွာအုပ်စု အရည်အချင်းပြည့်မီသူတိုင်းအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးခဲ့သည်။

သထုံခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင် ဦးစီးဌာနမှူး ဦးကိုကိုမောင်နှင့် တာဝန်ရှိသူများက နိုင်ငံသား အရည်အချင်း ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

### စလင်းမြို့ဝက်သည်းကန်ကြီးအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စလင်း ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့ဝက်သည်းကန်ကြီးကို စလင်းတပ်နယ်မှ အရာရှိစစ်သည် ၁၅၀ နှင့် မိသားစုဝင် ၁၄၀ တို့က ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီမှစတင်ပြီး စလင်းမြို့ရှေးဟောင်းသမိုင်းဝင် ဝက်သည်းကန်ကြီးကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကန်ကြီးမှာအကျယ်အဝန်းအားဖြင့် ဧက ၁၀၈၈ ရှိပြီး ကန်ကြီး၏သက်တမ်းမှာနှစ်ပေါင်း ၈၂၀ ရှိပြီဖြစ်သည်။ ယင်းကန်ကြီးတိမ်ကောပပျောက်မသွားစေရန် အကြီးစားပြုပြင်မှုလိုအပ်သဖြင့် စလင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်က လွှတ်တော်သို့တင်ပြဆွေးနွေးပေးခဲ့ကြောင်းသိရသည်။

**စစ်ကြည်(စလင်း)**

### မော်တော်ယာဉ်စက်နှိုးရာမှ အင်ဂျင်ခန်း မီးလောင်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဂက်စ်ပိုက်လိုင်းယိုစိမ့်နေစဉ် မော်တော်ယာဉ်စက်နှိုးရာမှ အင်ဂျင်ခန်း မီးလောင်မှု အင်းစိန်မြို့နယ်တွင် ဒီဇင်ဘာ ၂၂ ရက် ညပိုင်းကဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် ပေါက်တောမီးပွိုင့်အနီး မော်တော်ယာဉ်တစ်စီး မီးလောင်နေကြောင်း သတင်းအရ ဒီဇင်ဘာ ၂၂ ရက် ည ၉ နာရီက သွားရောက်စစ်ဆေးခဲ့ကြရာ အဆိုပါနေရာတွင် AA/--- ကယ်လ်ဒီနာ အငှားယာဉ်ကို ယာဉ်မောင်းဖြစ်သူ ကိုအောင်သူရက စက်နှိုးစဉ် အင်ဂျင်ခန်းရှိ ဂက်စ်ပိုက်လိုင်းယိုစိမ့်နေသဖြင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးသတ်ယာဉ်တစ်စီးရောက်ရှိပြီး ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ယာဉ်မောင်း ကိုအောင်သူရ (၃၀ နှစ်) အင်းစိန်မြို့နေသူကို အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**


## မကြာမီဖွင့်လှစ်မည့်နဂါးကိုးကောင်ကုသိုလ်ဖြစ်ဆေးပေးခန်းကြီး
## ပြီးမြောက်အောင်မြင်ရေး နှိုးဆော်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေး-ပြင်ဦးလွင်၊ ကားလမ်းနံဘေးရှိ အစ်မတော်စောမွန်လှ သစ္စာဓိဋ္ဌာန်အောင်ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင် ပရဟိတကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီ၊ ကျောင်းသား/ကျောင်းသူ (၈၅၀)ကျော်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို အများပြည်သူများအတွက် နဂါးကိုးကောင်ဆေးပေးခန်းကြီးကို အလျား(၁၀၈)ပေ၊ အနံပေ(၄၀) အာရ်စီကွန်ကရစ် သုံးထပ်ဆောက်လုပ်လျက်ရှိပါသည်။ ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် အလှူရှင်များလိုအပ်လျက်ရှိရာ (၁၂)ပေပတ်လည်တစ်ခန်းလျှင် ကျပ်သိန်း(၂၀)နှုန်းဖြင့် မိမိတို့တတ်နိုင်သလောက်ဖြစ်စေ၊ မိမိတို့စေတနာရှိသလောက်ဖြစ်စေ အစ်မတော်စောမွန်လှ၊ မြနန်းနွယ်နှင့် နဂါးမယ်တော်ကြီးတို့၏ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၂၆၄၁၉၊ ၀၉-၄၀၂၅၂၃၃၆၊ ၀၉-၄၃၀၇၂၉၁၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါင်မြို့နယ်၊ သဲကုန်းကျေးရွာနေ မယဉ်ယဉ်ထွေး ၁၀/ပမန(နိုင်)၂၂၃၀၆၏ ဖခင် ဦးမန်းနီး ၁၀/ပမန(နိုင်)၁၃၃၇၄၀နှင့် ဦးမန်နီသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမန်းနီး(ခ)ဦးမန်နီ**

## နဝလီဆွဲပေးသည်

ပလတ်စတစ်အင်ဂျက်ရှင်း

၄ အောင်စ စက်

**ဖုန်း-၀၉-၇၃၁၁၈၄၉၅**

## အမြန်ရောင်းမည်
## (ပိုင်ရှင်ကိုယ်တိုင်)

ပေ(၂၀×၆၀) (ဂရန်မြေ)

ရတနာပုံ(၁၂)လမ်း၊ (၉)ရပ်ကွက်၊

သာကေတမြို့နယ်

(ကမာကြည်တံတားအဆင်း)

(လမ်းမကြီးကျောကပ်လမ်း)

(ကန်ထရိုက်တိုက်ဆောက်ရန် နေရာကောင်း)

(၁၀၅၀သိန်းတိတိ) (အကျိုးဆောင်မလိုပါ)

**ဖုန်း-၀၉-၇၃၅၀၀၅၈၈၊ ၀၉-၅၁၆၁၅၇၅**

## အမြန်ရောင်းမည်
## (ပိုင်ရှင်ကိုယ်တိုင်)

ပေ(၁၈×၆၀) (မြေညီ)

2 Air-con,1(MB),1(Ph)

ခန်းပြည့် ကြွေပြားအပြည့်ခင်း၊

မီးဖိုချောင် ကြွေပြားအပြည့်ခင်း၊

နံရံကပ်ဗီရို၊ မီးဖိုခုံအပါအဝင်၊

မဟာဗျေယျလမ်း၊ ရေကျော်၊

ပုဇွန်တောင်မြို့နယ်၊ ကျပ်သိန်း(၁၅၀၀)တိတိ

(အကျိုးဆောင်မလိုပါ)

(ရေကျော်လမ်းမကြီးကျောကပ်)

မိမိအိမ်ရှေ့တွင် ကားရပ်ရန်နေရာရှိသည်။

**ဖုန်း-၀၉-၇၃၅၀၀၅၈၈၊ ၀၉-၅၁၆၁၅၇၅**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်
## ရွှေရတုအထိမ်းအမှတ်ပွဲတော်ဖိတ်ကြားလွှာ

သွားနှင့်ခံတွင်း ဆရာဝန်များ၊ သွားတုကျွမ်းကျင်သူများ၊ သွားကျန်းမာရေး ဆရာမများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး-

အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လှိုက်လှဲစွာဖိတ်ကြားပါသည်။

| နေ့ရက် | အချိန် | နေရာ |
|---|---|---|
| ၂၆ ဒီဇင်ဘာ ၂၀၁၄ | နံနက် ၉း၃၀နာရီ | အမှတ် ၅၈၂၊ သံသုမာလမ်း၊ သွပ်ပိုင်းကြီး |
| ၂၇ ဒီဇင်ဘာ ၂၀၁၄ | နံနက် ၇း၃၀နာရီ | ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ |

တက္ကသိုလ်ဝင်းအတွင်း ယာဉ်ရပ်နားရန် နေရာအခက်အခဲရှိပါသဖြင့် ကြိုတင်စီစဉ်နိုင်ရန် လေးစားစွာမေတ္တာရပ်ခံပါသည်။

**ကျင်းပရေးဗဟိုကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၈၂၀၊ အကျယ်အဝန်း (၅၅×၂၅)ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ ပိုင်ရှင်ဖြစ်သူ ဦးတင်၊ ဒေါ်ခင်မြတို့၏ အမွေဆိုင်သားသမီးများဖြစ်သော (၁) ဒေါ်စန်းရီ၊ (၂) ဦးခင်မြင့်၊ (၃) ဒေါ်ပြုံး၊ (၄) မရင်ဌေး၊ (၅) မပြုံးကြည်တို့ထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးထွန်းမင်းနှင့် ဇနီး ဒေါ်ခင်သိန်းတို့မှ ၁၆-၁၂-၁၉၉၂ ရက်တွင် အိမ်နှင့်မြေအရောင်းအဝယ် ကတိစာချုပ်ဖြင့်ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်လျက်ရှိသော အိမ်နှင့်မြေဖြစ်ပါသည်။

ယင်းအိမ်နှင့်မြေဝယ်ယူသည့် အရောင်းအဝယ်စာချုပ်မှာ ကျွန်ုပ်၏အမှုသည်လက်ဝယ်တွင် ပျောက်ဆုံးသွားသည့်အတွက် ယင်းမြေနှင့်အိမ်ကို ယခုအချိန်ထိ ကျွန်ုပ်၏အမှုသည် ဦးထွန်းမင်းတို့မှ ပိုင်ဆိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်မျိုးညွန့်** LL.B

**အထက်တန်းရှေ့နေ (စဉ်-၂၂၀၀၆)**

**အမှတ် ၃၅(မြေညီထပ်)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၂၅၀၅၁၃၇၇၃**

## ဘိုကလေး၊ အထက(၁)
## အာစရိယပူဇော်ပွဲ
## အမှားပြင်ဆင်ချက်

၂၁-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ဘိုကလေး၊ အထက(၁)၊ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည့်ရက် ၂၀၁၅ခုနှစ် ဇန်နဝါရီ ၅ ရက်စွဲအား ၂၀၁၅ခုနှစ် ဇန်နဝါရီ ၄ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၂၉)၊ မြေကွက်တည်နေရာအမှတ် ၂၉၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ခင်မိုးဆွေ CJ-၀၀၈၈၃၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်မိုးဆွေ CJ-၀၀၈၈၃၅ တရားရုံးကိုယ်စား ဘိလစ်ဒေါ်ရီရီလှ ၁၂/ဥကမ(နိုင်)၀၅၅၂၉၈ က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၆၀/၂၀၁၄၏ ၂၂-၉-၂၀၁၄ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ် ၃၇/၂၀၁၄၏ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ၂၄-၁၁-၂၀၁၄ ဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) တရားရုံး၏ ဘိလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဆောင်းပါးနှင့် ကြော်ငြာ

# သေမင်းတမန်ရထားလမ်း

မောင်သာ(ရှေးဟောင်းသုတေသန)

**သေမင်းတမန်ရထားလမ်းဟု ဆိုလိုက်သည်နှင့် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံသံဖြူဇရပ်မြို့မှ ထိုင်းနိုင်ငံဘန်ပေါင် (Ban Pong) မြို့သို့ အသက်ပေါင်းများစွာ စတေးကာဖောက်လုပ်ခဲ့သည့် ရထားလမ်းတစ်ခုဖြစ်ကြောင်း အများသိရှိကြပြီးဖြစ်ပေသည်။ ယခုအခါတွင် မွန်ပြည်နယ်သို့ ဘုရားဖူးထွက်ကြသောအဖွဲ့များသည် မော်လမြိုင်တွင် ဘုရားများဖူးကြပြီးနောက် သံဖြူဇရပ်သို့သွားကာ စက်စဲကမ်းခြေတွင် အပန်းဖြေကြပြီး သေမင်းတမန်ရထားလမ်းပြတိုက်ကိုပါ သွားရောက်လေ့ရှိကြသဖြင့် နောင်းခေတ်လူငယ်များပါ သေမင်းတမန်ရထားလမ်းကို ပိုမိုသိရှိခွင့်ရလာကြပေသည်။**

ရန်ကုန်-ထားဝယ် ရထားစီးလာကြသူတိုင်း သံဖြူဇရပ်မှအထွက် ရန်ကုန်-ထားဝယ် ရထားလမ်းနှင့်မော်လမြိုင်-ရေးကားလမ်းတို့ ဆုံသည့်နေရာတွင် ကျောက်မီးသွေးဖြင့်မောင်းနှင်ရသော ရထားစက်ခေါင်းအဟောင်းကြီးတစ်ခုကို မြင်ကြရပေသည်။ ယင်းရထားခေါင်းကြီးကို အစိမ်းရောင်သုတ်ထားပြီး ပေ ၄၀၀ ခန့်ရှိမည့် ရထားလမ်းပေါ်တွင် တင်ထားသည်။ ထိုနေရာသည် ဂျပန်ခေတ်တွင် ဖောက်လုပ်ခဲ့သော ယိုးဒယား(ထိုင်းနိုင်ငံ)- မြန်မာသေမင်းတမန် ရထားလမ်း၏အစနေရာဖြစ်ပါသည်။ သေမင်းတမန်ရထားလမ်း ကို ၁၉၄၂ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖောက်လုပ်ခဲ့ကာ ၁၉၄၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ သည်။ ရထားလမ်းဖောက်လုပ်ခဲ့ရာတွင် မြန်မာတိုင်းရင်းသား ရှစ်သောင်းကျော်နှင့် မဟာမိတ်တပ်သား တစ်သောင်းကျော် အသက်ဆုံးရှုံးခဲ့ကြရသဖြင့် သေမင်းတမန်ရထားလမ်းဟု အမည်တွင်ခဲ့သည်။

သေမင်းတမန် ရထားလမ်းကို သံဖြူဇရပ်မြို့မှစတင်လျက် ဘုရားသုံးဆူတောင်ကြားကိုဖြတ်ကာ ထိုင်းနိုင်ငံဘန်ပေါင်မြို့ရှိ ဗန်ကောက် စင်ကာပူ မီးရထားလမ်းနှင့်ဆက်သွယ်ရန် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်တို့သည် ယင်းတို့အကျိုးစီးပွား ရည်ရွယ်ချက်များအတွက် ရထားလမ်းကို ဖောက်လုပ်ခဲ့ခြင်းသာဖြစ်ပြီး အစာအာဟာရမလုံလောက်မှု၊ ရာသီဥတု ကြမ်းတမ်းမှု၊ ဖက်ဆစ်တို့၏နှိပ်စက်ညှဉ်းပန်းမှုများကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ ရထားလမ်းသည် အရှည်စုစုပေါင်း မိုင် ၂၅၀ ကျော်ရှိကာ မြန်မာနိုင်ငံဘက်အခြမ်းတွင် မိုင် ၇၀ ဝန်းကျင်ရှိပေသည်။ ရထားလမ်းခုလတ်ရှိ ကွေးမြစ်ပေါ်တွင် တံတားတစ်စင်းကိုလည်း တည်ဆောက်ခဲ့ကြသည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံမှဆုတ်ခွာခဲ့သည့် ၁၉၄၀ - ၁၉၄၁ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် မီးရထားသံလမ်းမိုင် စုစုပေါင်း ၂၈၅၂ မိုင်ရှိသည့်အနက် ဂျပန်တို့က သံလမ်းမိုင် ၃၀၀ ခန့်ကို ဖြုတ်ယူကာ မြန်မာ-ယိုးဒယား (ထိုင်းနိုင်ငံ) မီးရထားလမ်းဖောက်လုပ်ရာတွင် အသုံးပြုခဲ့သည်။ သံလမ်း မိုင် ၁၅၀ ခန့်ကို ရန်ကုန်နှင့်တောင်ငူ အကြား ဒွေးလမ်းမှ လည်းကောင်း၊ ကျန်သံလမ်းမိုင် ၁၅၀ ခန့်ကို မြင်းခြံလမ်းပိုင်းနှင့် အခြားလမ်းပိုင်းများမှလည်းကောင်း ဖြုတ်ယူအသုံးပြုခဲ့သည်။

ဂျပန်တို့သည် ယိုးဒယား(ထိုင်းနိုင်ငံ)- မြန်မာမီးရထားလမ်းဖောက်လုပ်ရေးအတွက် အဓိကရည်ရွယ်ချက်(လေး)ရပ်ထားရှိခဲ့သည်။ ထိုစဉ်က တိုက်ခိုက်နေသောမဟာအာရှစစ်ပွဲကြီးတွင် ဂျပန်တို့အောင်နိုင်ရေးအတွက် အထူးအရေးကြီး သော လက်နက်ခဲယမ်းမီးကျောက်များကို အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေး၊ မြန်မာ့ထွက်ကုန်သွင်းကုန်များကို အမြန်ဆုံး သယ်ယူပို့ဆောင် ရောင်းဝယ်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ လွယ်ကူစွာ မဟာမိတ်ပြုလုပ်နိုင်ရေး၊ စစ်ဒဏ်ကြောင့် မြန်မာလူမျိုးများ ဆင်းရဲကျပ်တည်းလျက်ရှိရာ မီးရထားလမ်းဖောက်လုပ်ပြီးစီးပါက မြန်မာပြည် ချမ်းသာလာစေရေးတို့ဖြစ်ကြသည်။ ယင်းရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွင်းဝန် ဦးဘစော ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ယိုးဒယား(ထိုင်းနိုင်ငံ)- မြန်မာမီးရထားလမ်းဖောက်လုပ်ရေး၊ အလုပ်သမား စုဆောင်းစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။




ကနဦးပိုင်းတွင် ရထားလမ်းဖောက်လုပ်ရန် လိုအပ်သည့် အလုပ်သမားများကို ရထားလမ်းဖောက်လုပ်ရေးအဖွဲ့က တိုက်ရိုက်ခေါ်ယူ ငှားရမ်းခဲ့သည်။ အလုပ်သမားများကို သံဖြူဇရပ်အနီးဝန်းကျင်ဒေသများမှ ရှာဖွေစုဆောင်းခဲ့သော်လည်း လုံလောက်သော လူအင်အားမရရှိခဲ့သဖြင့် ၁၉၄၂ ခု ဒီဇင်ဘာလတွင် ယာယီ မြန်မာအစိုးရ အုပ်ချုပ်ရေးရုံးသို့ အကူအညီတောင်းခံခဲ့သည်။ မြန်မာအစိုးရ ပြန်ကြားရေးဝန်ရုံး မှ ၁၉၄၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ယိုးဒယား(ထိုင်းနိုင်ငံ)- မြန်မာ မီးရထားလမ်းဖောက်လုပ်ရန် အလုပ်သမားတပ်ကြီး ထူထောင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယင်းကြေညာချက်တွင် အလုပ်သမားအင်အား ၂၀၀၀၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း၊ အလုပ်သမားများရရှိမည့် လစာ၊ နေအိမ်၊ ဆေးဝါးစသည့် အခွင့်အရေးများကို ဖော်ပြထားပြီး အလုပ်သမားတပ်သို့ ဝင်ရောက်ကြရန် နှိုးဆော်ခဲ့သည်။

အလုပ်သမားစုဆောင်းရာ၌ တောင်ငူ၊ အင်းစိန်၊ ဟင်္သာတ၊ ပုသိမ်၊ ထားဝယ်၊ မြိတ်၊ မော်လမြိုင်၊ သထုံ၊ ပဲခူးခရိုင်များမှ စုဆောင်းခဲ့ကြရာ ၁၉၄၃ ခု ဖေဖော်ဝါရီလအထိ ၁၃၉၅၀ ဦး စုဆောင်းနိုင်ခဲ့သည်။ ထိုအရေအတွက်သည် လျာထားချက်၏ တစ်ဝက်ကျော်မျှသာဖြစ်ပေသည်။ စုဆောင်းရရှိထားသူများအား ခေါ်ဆောင်လာရာတွင် လမ်းမှထွက်ပြေးကြသူများမှာလည်း အများအပြား ဖြစ်သည်။ အလုပ်သမားရရှိရန်အခက်အခဲများရှိနေသော်လည်း လမ်းဖောက်လုပ်ရေးကိစ္စကို အချိန်မီဆောင်ရွက်ရမည့်လုပ်ငန်းဟု ခံယူထားသော အမှတ် (၁၅) ဂျပန်တပ်မတော်သည် ယခင် အလုပ်သမားစုဆောင်းရေးနည်းလမ်းကို ဖျက်သိမ်းလိုက်ပြီး ယိုးဒယား(ထိုင်းနိုင်ငံ)- မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးတပ်ဖွဲ့ဝင်များ၊ စစ်အုပ်ချုပ်ရေး ဦးစီးဌာနနှင့် အရပ်ဘက်အုပ်ချုပ်ရေးရုံးများမှ အရာရှိများကို ဖိတ်ခေါ်ကာ ၁၉၄၃ ခုနှစ် မတ် ၁ ရက်တွင် လုပ်အားပေးအဖွဲ့ ဖွဲ့စည်းရေးကို ဆွေးနွေးခဲ့ကြသည်။ မတ် ၂ ရက်တွင် ဂျပန် အမှတ် (၁၅)တပ်မတော်၏အမိန့်ဖြင့် ယိုးဒယား(ထိုင်းနိုင်ငံ)- မြန်မာဆက်သွယ်ရေး မီးရထားလမ်းဖောက်လုပ်ရေးအတွက် လုပ်အားပေးအဖွဲ့များ ဖွဲ့စည်းရေးနှင့် ပို့ဆောင်ရေးအစီအစဉ်များကို ချမှတ်ခဲ့သည်။

၁၉၄၃ ခုနှစ် မတ် ၉ ရက်တွင် ဂျပန်စစ်အုပ်ချုပ်ရေးဌာန၏ညွှန်ကြားချက်ဖြင့် ယိုးဒယား(ထိုင်းနိုင်ငံ)- မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးအတွက် လိုအပ်မည့် မြန်မာအလုပ်သမား ၃၀၀၀၀ ကျော်ကို ထပ်မံစုဆောင်းခဲ့သည်။ ဗမာ့ကာကွယ်ရေးတပ်မတော်သည် သွေးတပ် (Blood Army)ဖြစ်သဖြင့် မီးရထားလမ်း အလုပ်သမားတပ်ကြီးကို ချွေးတပ် (Sweat Army) ဟု ခေါ်ဆိုခဲ့ကြသည်။ နောက်ပိုင်းတွင် ဗမာ့လက်ရုံးတပ်မတော်ဟု ပြောင်းလဲခေါ်ဆိုခဲ့ပေသည်။

နယ်မြေအလိုက် ချွေးတပ်အလုပ်သမားများ စုဆောင်းရေးကော်မတီဥက္ကဋ္ဌဖြစ်သော လမ်းပန်းဆက်သွယ်ရေးနှင့်ဆည်မြောင်းဌာနဝန်ကြီးက ခရိုင်အသီးသီးမှ အရေးပိုင်များကို စုဆောင်းရေးအရာရှိအဖြစ် ခန့်အပ်ပြီး နယ်ပိုင်၊ မြို့ပိုင်၊ သူကြီးများကို တာဝန်ပေးကာ စုဆောင်းခဲ့သည်။ တို့ဗမာဆင်းရဲသားအစည်းအရုံးကိုလည်း ပူးပေါင်းဆောင်ရွက်စေခဲ့သည်။ လုပ်အားပေး အလုပ်သမားတစ်ဦး ရှာဖွေစုဆောင်းခ ငွေကျပ် ခုနစ်ကျပ်နှုန်း သတ်မှတ်ပေးပြီး ကျပ်နှစ်သိန်းတစ်သောင်းကို စစ်အုပ်ချုပ်ရေးဦးစီးဌာနက ခရိုင်များသို့ ထုတ်ပေးခဲ့သည်။ ချွေးတပ်အလုပ်သမားတို့၏ လစာငွေကို တစ်လ ငွေကျပ် ၃၀ သတ်မှတ်ခဲ့သည်။ သို့သော် ချွေးတပ်အလုပ်သမားများ စုဆောင်းခြင်းသည် မျှော်မှန်းထားသကဲ့သို့ အပြည့်အဝမရရှိခဲ့ပါချေ။

အလုပ်သမားနည်းပါးမှုကြားမှ ကာလတိုအတွင်း အလုပ်သမား ၃၂၂၀၄ ဦး စုဆောင်းရရှိခဲ့ရာ ပထမသုတ်အဖြစ် သံဖြူဇရပ်သို့ စတင်ခေါ်ဆောင်သွားခဲ့သည်။ သို့သော်လည်း ထွက်ပြေးမှုများကြောင့် ချွေးတပ်သားများ တစ်စထက်တစ်စ လျော့ပါးလာခဲ့ရာ မေ ၆ ရက်တွင် မြန်မာအစိုးရက အမှတ် (၁၅) ဂျပန်တပ်မတော် စစ်အုပ်ချုပ်ရေးဦးစီးဌာနနှင့်ညှိနှိုင်းကာ အလုပ်သမား ၂၀၀၀၀ ကျော် ထပ်မံခေါ်ယူရန် စီစဉ်ခဲ့သည်။ ပထမအကြိမ် စုဆောင်းစဉ်က ခရိုင်ကိုးခု သတ်မှတ်စုဆောင်းခဲ့ရာ ဒုတိယအကြိမ်တွင် ကျောက်ဆည်၊ မအူပင်၊ မင်းဘူး၊ ပခုက္ကူ၊ သရက်ငါးခရိုင်ကို ထပ်မံတိုးချဲ့ခဲ့သည်။ စုဆောင်းရေး အရာရှိဦးရေကိုလည်း ယခင်က အလုပ်သမားတစ်ထောင်အတွက် တစ်ဦးသာထားရှိရာမှ ဒုတိယအကြိမ်စုဆောင်းရာတွင် အလုပ်သမားတစ်ရာလျှင် တစ်ဦးနှုန်းထားရှိခဲ့သည်။ သို့ဖြင့် ချွေးတပ်သား ၁၇၆၁၅ ဦး ထပ်မံစုဆောင်းနိုင်ခဲ့သည်။

မိုးတွင်းကာလ မီးရထားလမ်းဖောက်လုပ်ရာတွင် ငှက်ဖျားရောဂါ၊ ဝမ်းရောဂါများကြောင့် သေဆုံးကြသူများအပြင် ထွက်ပြေးသူများ များပြားလာသဖြင့် လူအင်အားလျော့နည်းလာခဲ့ရာ ၁၉၄၃ ခု ဇူလိုင်လတွင် အလုပ်သမား ၂၀၀၀၀ ထပ်မံ စုဆောင်းရပြန်သည်။ ဤတစ်ကြိမ်တွင် ရွှေဘို၊ ကသာနှင့်မုံရွာခရိုင်များကို ဦးတည်စုဆောင်းခဲ့ရာ အလုပ်သမားအင်အား ၂၁၀၆၉ ဦး စုဆောင်းရရှိခဲ့သည်။

***စာမျက်နှာ ၁၇ သို့***


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)**

**ရွှေပြည်သာမြို့နယ်တရားရုံး**

**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၆**

ဒေါ်စိုးစိုးဝင်း **နှင့်** ဦးသိန်းစိုး

**တရားလို** **တရားပြိုင်**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ (၃)ရပ်ကွက်၊ နွယ်သာကီလမ်း၊ မြေကွက်အမှတ် ၃၁ နေ ဦးသိန်းစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်စိုးစိုးဝင်းမှ "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၉ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စံသိန်း)
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်ရားရုံး**



## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**အင်းစိန်မြို့နယ်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၁ နှင့်ဆက်သွယ်သည့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၅၂**

ဦးသွင်ထူးသက် **နှင့်** ဒေါ်စန်းစန်းဦး

**တရားနိုင်** **တရားရှုံး**

အမှတ်(၅၃၅)၊ သုနန္ဒာလမ်းမကြီး၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်စန်းစန်းဦး သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၁တွင် ချမှတ်သည့်အတိုင်း ဝယ်ယူလက်ရောက်ရရှိပြီးသော အိမ်နှင့်မြေအား တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရန် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသွင်ထူးသက်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၅ရက် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(အောင်ကျော်ကျော်)**
**မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်း-၂၀)**

**လှိုင်မြို့နယ်တရားရုံးတော်**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၀**

ဒေါ်ကြူကြူစိန် **နှင့်** ဒေါ်အေးမြိုင်

**တရားလို** **တရားပြိုင်**

ခြံအမှတ် ၁၃၀၊ တိုက်အမှတ် C-3၊ ပထမထပ်၊ ဦးချိုလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဒေါ်အေးမြိုင် သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ခြံမြေကွက်အား တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၅ရက် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိန်ကြည်)
**မြို့နယ်တရားသူကြီး**
**လှိုင်မြို့နယ်တရားရုံး**



## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၇၃၃၅၃ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၉/မနမ(နိုင်)ဝ၉ဝ၂၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**



**အမည်ပြောင်း**

ဦးသိန်းတန်မိုး၏သမီး လှိုင်မြို့နယ်၊ အထက(၆)၊ လှိုင် ပဋ္ဌမတန်းမှ မဝေဝေလင်းအား မဝင့်ဝါသိန်းတန်ဟု ပြောင်းလဲခေါ်ပါရန်။

**မဝင့်ဝါသိန်းတန်**



**အမှားပြင်ဆင်ချက်**

၂၆-၁၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)ပါ ကန့်ကွက်ကြော်ငြာတွင် ဒေါ်ခင်စမ်းမြင့် ၁၂/ဥကတ(နိုင်)၀၃၈၇၄၇ အစား ၁၂/ဥကတ(နိုင်)၀၃၈၇၄၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာမျက်နှာ ၁၆ မှ အဆက်

ဟေးဟိုးတပ် (Heiho)ဟု အမည်ပေးထားသော မျိုးချစ်လူငယ်များအဖွဲ့ကို မြန်မာနိုင်ငံ ဂျပန်တပ်မတော်ဌာနချုပ်၌ ဖွဲ့စည်းထားရှိခဲ့သည်။ ၁၉၄၃ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ဟေးဟိုးတပ်သို့ မျိုးချစ်လူငယ်များ ဝင်ရောက်ကြရန် သတင်းစာမှကြေညာခဲ့သည်။ ယင်းတပ်မှာ အရန်တပ်ဖွဲ့တစ်ခုသာဖြစ်ပြီး ချွေးတပ်သား အလုပ်သမားများ စုဆောင်းရေးကိုသာ အဓိကထားဆောင်ရွက်ခဲ့ကြရပေသည်။ မြန်မာနိုင်ငံနေရာအနှံ့မှ ကျန်းမာသန်စွမ်းသော အမျိုးသားများကို မရရသည့်နည်းဖြင့် စုဆောင်းကာ ယိုးဒယား(ထိုင်းနိုင်ငံ)- မြန်မာမီးရထားလမ်းကိုဖောက်လုပ်ခဲ့ကြရာ မြန်မာနိုင်ငံသားများ၏ အသက်သွေးချွေးများကို များစွာပေးဆပ်ခဲ့ရသည်။ သို့သော်လည်း ဂျပန်တို့ စစ်ရှုံးချိန်တွင် ရထားလမ်းကို အသုံးမပြုနိုင်တော့သည်သာမက အချို့သောရထားလမ်းပိုင်းများကိုပင် ဖြုတ်ယူသွားကြသည်ဟုလည်း ဆိုကြပါသည်။

မြန်မာ့သမိုင်းတွင် မေ့ပျောက်မရနိုင်ခဲ့သည့် စစ်၏အနိဋ္ဌာရုံ သေမင်းတမန်ရထားလမ်း အမှတ်တရပြတိုက်ကို ၁၉၉၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ပြတိုက်တွင် သေမင်းတမန်ရထားလမ်းဖောက်လုပ်စဉ်က သေဆုံးခဲ့ကြရသော ချွေးတပ်သားများနှင့် နိုင်ငံတကာမှ မဟာမိတ်စစ်သားများ၏ အသုံးအဆောင်များ၊ အဝတ်အစားများနှင့် မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ ပြတိုက်ဖွင့်စဉ်ကာလက ခေါင်းကိုင်ထားသော ဂျပန်စစ်သားရုပ်များနှင့် ချွေးတပ်သားများ ရထားဖောက်လုပ်ရေးလုပ်ငန်းခွင်တွင် ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်ကြရသည့် ပုံများကိုပါ ပြသခဲ့သည်။

သံဖြူဇရပ်မြို့တွင် စိုက်ထူထားသော သေမင်းတမန်လမ်းအစ ကျောက်စာတိုင် တစ်ဖက်ခြမ်းတွင် စာလုံးများ ပျောက်ကွယ်နေပြီး အခြားတစ်ဖက်တွင်လည်း စာလုံးအချို့ပျက်စီးနေပေသည်။ ရထားလမ်းတိုလေးပေါ်တွင် ပြသထားသော မီးရထားစက်ခေါင်း၏ ဘေးနှစ်ဖက်တွင် သမိုင်းသရုပ်ကို ဖော်ကျူးထားသည့် နိုင်ငံတကာက စစ်သားများနှင့် ချွေးတပ်သားများ ပုံတူကွန်ကရစ် ရုပ်တုများကို ပြသထားခဲ့သည်။

သံဖြူဇရပ်မြို့အနီးတွင် သေမင်းတမန်မီးရထားလမ်း မဟာမိတ်စစ်သင်္ချိုင်း တစ်ခုတည်ရှိသည်။ ထိုစစ်သင်္ချိုင်းတွင် ဒုတိယကမ္ဘာစစ်အတွင်း ရထားလမ်းဖောက်လုပ်ရာတွင် ကျဆုံးခဲ့သည့် အင်္ဂလိပ်၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ မလေးရှား၊ နယ်သာလန် စသည့် နိုင်ငံတကာမှ မဟာမိတ်တပ်သားစစ်သည် ၃၆၁၇ ဦးတို့၏ အရိုးအိုးများကို မြှုပ်နှံထားသည်။ ယင်းစစ်သင်္ချိုင်းကို ၁၉၄၆ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံ ဆာဟူးဘတ်ရန့်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါတွင် သေမင်းတမန်ရထားလမ်းဟောင်းကား မရှိတော့ပါချေ။

သံဖြူဇရပ်မြို့သို့ လာရောက်ကြသော ပြည်တွင်းပြည်ပခရီးသည်များသည် သေမင်းတမန်လမ်းအစ ပြတိုက်နှင့် ပန်းခြံကိုသွားရောက်ကြည့်ရှုလေ့ရှိကြပြီး နိုင်ငံခြားသားများက မဟာမိတ်စစ်သင်္ချိုင်းသို့ပါ သွားရောက်လေ့ရှိကြသည်။

ထိုင်းနိုင်ငံတွင်မူ သေမင်းတမန်ရထားလမ်းကို ပြန်လည် တည်ဆောက်ပြီး ကမ္ဘာလှည့်ခရီးသွားများအတွက် ရထားလိုင်းပြေးဆွဲပေးသည့် လုပ်ငန်းသည် နိုင်ငံခြားသားခရီးသွားများ အထူးစိတ်ဝင်စားကြသဖြင့် များစွာအောင်မြင်လျက်ရှိနေသည်။ သေမင်းတမန် ရထားလမ်းဟောင်းနေရာကို ပြန်ဖောက်ကာ မြန်မာနိုင်ငံနယ်စပ်အထိ ရထားပြေးဆွဲခြင်းဖြင့် ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်းသည် နှစ်စဉ်ဝင်ငွေများစွာ ရရှိလျက်ရှိနေပေသည်။

စာရေးဆရာကြီး မောင်ထင်၏ ငဘ ဝတ္ထုကြောင့် မြန်မာကျော်ခဲ့ပြီး A Bridge on the River Kwei ဇာတ်ကားကြောင့် ကမ္ဘာကျော်ခဲ့သည့် သေမင်းတမန်ရထားလမ်းသည် မြန်မာ၊ ယိုးဒယား(ထိုင်းနိုင်ငံ)နှင့် ကမ္ဘာ့သမိုင်းတွင် မေ့ပျောက်မရနိုင်သည့် မှတ်တမ်းဖြစ်ခဲ့သဖြင့် ကမ္ဘာတစ်လွှားမှ ပြည်သူများသည် ယနေ့တိုင် စိတ်ဝင်စားလျက်ရှိနေကြပေသည်။ သမိုင်းဖြစ်ရပ်မှန်ကို အခြေတည်လျက် သေမင်းတမန်ရထားလမ်းကို ပြန်လည်ဖွင့်လှစ်နိုင်ရန် မြန်မာနိုင်ငံကလည်း စီစဉ်လျက်ရှိကြောင်း ကြားသိနေရသည်ဖြစ်ရာ ပြည်ပမှလာရောက် လေ့လာကြမည့် ခရီးသည်များကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းမှ ဝင်ငွေများစွာရရှိလာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါတော့သည်။





# ကမ်းနားလမ်းပိုင်းရှိ RBE B ကားရထားခရီးစဉ်အား ထော်လီကွေ့ရပ်စခန်းဘူတာမှ ကြည့်မြင်တိုင်ဘူတာထိ တိုးချဲ့ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားမှ ကမ်းနားလမ်းပိုင်းရှိ လက်ရှိပြေးဆွဲပေးနေသော ပန်းဆိုးတန်းရပ်စခန်းဘူတာမှ ထော်လီကွေ့ရပ်စခန်းဘူတာအထိ လမ်းပိုင်းဖြစ်သည့် RBE B (လမ်းပိုင်း-B) ကားရထားခရီးစဉ်အား ထော်လီကွေ့ရပ်စခန်းဘူတာမှ ကြည့်မြင်တိုင်ဘူတာထိ တိုးချဲ့ပြေးဆွဲပေးတော့မည်ဖြစ်သည်။



ထို့အတွက်ကြောင့် မြန်မာ့မီးရထားလုပ်ငန်းမှ ရထားခရီးစဉ် ၁ ဒသမ ၅၁ မိုင် အရှည်ရှိသော ထော်လီကွေ့-ကြည့်မြင်တိုင် လမ်းပိုင်းကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကြည့်မြင်တိုင်ဘူတာမှ ပန်းလှိုင်ဘူတာကြားတွင် ဘက်ဟိုး တစ်စီး၊ RGC နှစ်စီး၊ ပက်လက်တွဲ လေးတွဲအသုံးပြု၍ မြေနှင့်အမှိုက်များ သယ်ယူစွန့်ပစ်လျက်ရှိနေသကဲ့သို့ အလုံလမ်းနှင့် သစ်တောလမ်းကြားတွင်လည်း ဘက်ဟိုးတစ်စီး၊ ဒန်ပါကားငါးစီးဖြင့် အမှိုက်နှင့် မြေများကို သယ်ထုတ်၍ စွန့်ပစ်လျက်ရှိသည်။

အဆိုပါ နေရာများရှိ အမှိုက်နှင့်မြေများ သယ်ယူစွန့်ပစ်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဆိုလျှင် ရထားသံလမ်းများ လဲလှယ်ခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများ အပြည့်လဲလှယ်ခြင်း၊ ကျောက်ထည့်ခြင်း၊ လမ်းမ ပါကင်ရိုက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သံလမ်းပြုပြင် ဆောင်ရွက်သည့် လုပ်ငန်းကာလ မကြာရှည်နိုင်သော်လည်း အနီးအနားရပ်ကွက်များမှ သံလမ်းများပေါ်တွင်အမှိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်ထားကြရာ အမှိုက်ရှင်းလင်းခြင်းလုပ်ငန်းမှာ ပမာဏများပြားသဖြင့် ထော်လီကွေ့-ကြည့်မြင်တိုင် လမ်းပိုင်းကားရထားတိုးချဲ့ ပြေးဆွဲခြင်းအား အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ကမ်းနားလမ်းပိုင်းရှိ ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ပြီးခဲ့သည့် ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မြို့ ပုဇွန်တောင်နှင့် ထော်လီကွေ့ကြား (ခရီးစဉ် ၄ ဒသမ ၅ မိုင်) ကမ်းနားလမ်းပိုင်း RBE A နှင့် RBE B လူစီးကား ရထားနှစ်စင်းကို စတင်ပြေးဆွဲပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ထော်လီကွေ့ရပ်စခန်းဘူတာမှ ကြည့်မြင်တိုင်ဘူတာထိ တိုးချဲ့ပြေးဆွဲပေးရန် စီစဉ်နေခြင်းလည်းဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ စုံစမ်းသိရသည်။

**စိုးဝင်း (SP)**

# ဝိုင်ဖိုင်အခမဲ့ လွှင့်ထုတ်ပေးသဖြင့် အင်တာနက်အသုံးပြုသူများဖြင့် စည်ကား

**လှိုင်ကော် ဒီဇင်ဘာ ၂၄**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် အင်တာနက်အသုံးပြုရန်အတွက် Free WiFi လွှင့်ထုတ်ထားသော နေရာများ အနီးဝန်းကျင်၌ လက်ကိုင်ဖုန်းဖြင့် အင်တာနက်အသုံးပြုသူ လူငယ်လူရွယ်များဖြင့် နေ့ညမပြတ် စည်ကားနေလေ့ရှိကြောင်း သိရသည်။

လွိုင်ကော်မြို့တွင် အင်တာနက်အသုံးပြုရန်အတွက် Free WiFi လွှင့်ထုတ်ထားသော နေရာများမှာ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးရုံး ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်နယ်ဝန်ကြီးချုပ် နေအိမ်များဖြစ်ကြပြီး ယင်းနေရာများအနီးဝန်းကျင်ရှိ လမ်းဘေးပလက်ဖောင်းများပေါ်၌ လည်းကောင်း၊ နေအိမ်ခြံဝင်းများ အတွင်းတွင် လည်းကောင်း နေ့ပိုင်းနှင့် ညဦးပိုင်းများတွင် အင်တာနက်အသုံးပြုသူ လူငယ်လူရွယ်များဖြင့် စည်ကားနေ လေ့ရှိကြောင်း လွိုင်ကော်မြို့နယ်ဧက ငါးရာကျေးရွာနေ ဦးမြင့်အောင်က ပြောသည်။

ယခုအခါ လွိုင်ကော်မြို့တွင် တယ်လီဖုန်း SIM ကတ်များ ဈေးနှုန်းကျဆင်းနေသည့်အပြင် အလွယ်တကူဝယ်ယူ၍ အသုံးပြုနိုင်ပြီဖြစ်သောကြောင့် လက်ကိုင်ဖုန်းဖြင့် အင်တာနက်ချိတ်ဆက် အသုံးပြုသူဦးရေ တစ်နေ့တခြား မြင့်တက်လျက်ရှိကြောင်း ဒေသခံအချို့ထံမှ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅၊ မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရန်ကုန်မြို့၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ ပင်မအဆောက်အအုံ ဗိုင်းရပ်စ်ဗေဒဌာနအဆောက်အအုံ၊ ရောဂါရှာဖွေရေးဌာန၊ သွေးရည်ကြည်ဗေဒဌာနနှင့် သင်တန်းဌာနတို့၏ အဆောက်အအုံ(ပြင်ပနံရံ)ဆေးသုတ်ရန်။
၂။ ရန်ကုန်မြို့၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ ပင်မအဆောက်အအုံ ဗိုင်းရပ်စ်ဗေဒဌာနအဆောက်အအုံ၊ ရောဂါရှာဖွေရေးဌာန၊ သွေးရည်ကြည်ဗေဒဌာနနှင့် သင်တန်းဌာနတို့၏ လျှပ်စစ်ဝါယာကြိုးများ အသစ်ပြန်လည်ပြုပြင်တပ်ဆင်ရန်။
၃။ တင်ဒါတင်သွင်းလွှာ အသေးစိတ်အချက်အလက်များကို ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့၊ လက်ထောက်ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး)ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်းရယူနိုင်ပါသည်။
၄။ **တင်ဒါတင်သွင်းလွှာပုံစံများ** - ၂၆-၁၂-၂၀၁၄ ရက်
**စတင်ရောင်းချမည့်ရက်** (သောကြာနေ့) ၉း၃၀ နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၃၁-၁၂-၂၀၁၄ ရက်
(ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ

**ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 2 G/9273, Toyota KLUGER ယာဉ်လက်ဝယ်ရှိသူ နန်းပင်းပါး ၁၃/ကတန(နိုင်)၁၁၉၂၂၁က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**



**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ဃ/၄၃၈၅၃, LuoJia 110ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၉/သစန(နိုင်)၁၀၅၈၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မိတ္ထီလာခရိုင်)**



**အလုပ်ကြော်ငြာ**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**
**လူထုဗဟိုပြုစီမံကိန်း**
**National Community Driven Development Project-NCDDP**

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် ဝန်ထမ်းများ ငှားရမ်းလိုပါသည်-

(၁) National Finance Consultant (၂၄)လ ကျား/မ (၁)ဦး
(၂) National Senior Finance Assistant (၂၄)လ ကျား/မ (၁)ဦး
(၃) National Procurement Assistant (၂၄)လ ကျား/မ (၂)ဦး

လျှောက်ထားလိုသူများအနေဖြင့် လိုအပ်သောအထောက်အထားများ၊ လုပ်ငန်းအတွေ့အကြုံနှင့် ကိုယ်ရေးအချက်အလက်များကို အောက်ဖော်ပြပါလိပ်စာသို့ ၁၉-၁-၂၀၁၅ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခံရသူများသည် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလလယ်မှစ၍ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ရမည်ဖြစ်သည်။ စီမံကိန်းအကြောင်း၊ လုပ်ငန်းတာဝန်များနှင့် အသေးစိတ်အချက်အလက်များ (Term of Reference -TOR)ကို အောက်ဖော်ပြပါအီးမေးလ်သို့ ဆက်သွယ်၍လည်းကောင်း၊ စီမံကိန်း၏ ဝက်ဆိုဒ် (http://www.cdd.drdmyanmar.org)တွင် ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပြီး ဦးမောင်မောင်စိုး(ဦးစီးအရာရှိ)၊ ဖုန်း-၀၉-၄၂၀၇၀၁၉၀၆ သို့လည်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လိပ်မူရန်-**
**ဦးခန့်ဇော် (ဒုတိယအင်ဂျင်နီယာချုပ်)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**
**ရုံးအမှတ်(၁၄)၊ နေပြည်တော်၊ (ဖုန်း/ဖက်စ်၊ ၀၆၇-၄၀၉၄၁၃)**
**Email: drdmyanmar@gmail.com**



**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**သင်ကြားရေးဆေးရုံကြီး-မကွေးမြို့**
**တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့**
**ပြည်သူ့ဆေးရုံကြီး-မင်းဘူးမြို့**
**ပြည်သူ့ဆေးရုံကြီး-ပခုက္ကူမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ သင်ကြားရေးဆေးရုံကြီး-မကွေးမြို့၊ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး-မကွေးမြို့၊ ပြည်သူ့ဆေးရုံကြီး-မင်းဘူးမြို့နှင့် ပြည်သူ့ဆေးရုံကြီး-ပခုက္ကူမြို့ တို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများ ကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂၂-၁၂-၂၀၁၄ ရက် (တနင်္လာနေ့)
**စတင်ထုတ်ယူရမည့်ရက်**
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄)နာရီ
၄။ တင်ဒါလျှောက်လွှာများကို သက်ဆိုင်ရာဆေးရုံကြီးများတွင် အသီးသီးထုတ်ယူနိုင်ပါသည်။
၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ သင်ကြားရေးဆေးရုံကြီး-မကွေးမြို့ ဖုန်း-၀၆၃-၂၅၁၅၄
ဆေးရုံအုပ်ကြီးရုံး၊ တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့ ဖုန်း-၀၆၃-၂၃၃၈၆
ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး-မင်းဘူးမြို့ ဖုန်း-၀၆၅-၂၁၀၃၇
ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး-ပခုက္ကူမြို့ ဖုန်း-၀၆၂-၂၁၁၄၇



**Cherry QQ3 Taxi**
**အိမ်ပေးငှားမည်**
လှိုင်မြို့နယ်အတွင်း
**ဖုန်း-၀၉-၈၇၅၂၈၇၄၅၀**



**ပြင်ဆင်ဖတ်ရှုပါရန်**

၁၇-၇-၂၀၁၄ ရက်ထုတ် ဤသတင်းစာပါ စာမျက်နှာ-၂၁ စည်ပင်ကြော်ငြာ ကန့်ကွက်တွင် လျှောက်ထားသူ G.Pဒေါ်မိုးမိုးအောင်၏ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄)အစား (၄/၅)တိုးချဲ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ရိတ်သိမ်းပြီးမိုးစပါးများ အမိုးအကာအောက်အမြန်ရောက်ရန် ခြွေလှေ့စက်များအသုံးပြုလာ

**မိုးညှင်း ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် ရိတ်သိမ်းပြီး မိုးစပါးများ အမိုးအကာအောက် အမြန်ရောက်ရှိရေးအတွက် ခြွေလှေ့စက်များကိုအသုံးပြုကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးဒေသသည် မိုးကောင်းပြီး စိုက်ပျိုးရေအလုံအလောက်ရရှိသဖြင့် မိုးစပါးများအောင်မြင်ဖြစ်ထွန်းကာ ရိတ်သိမ်းချိန်တွင် အချိန်ခါမဟုတ် ရွာသွန်းနိုင်သောမိုးကို ရှောင်ရှားနိုင်ရန်အတွက် တောင်သူများက ရိတ်သိမ်းပြီးစပါးများကို ခြွေလှေ့စက်များအသုံးပြုခြွေလှေ့ပြီး အမိုးအကာအောက် အမြန်ရောက်ရှိရေး ဆောင်ရွက်နေကြခြင်းဖြစ်သည်။

"ဒီနှစ်မှာ မိုးကောင်းတဲ့အတွက် စိုက်ပျိုးရေ အလုံအလောက်ရပြီး စပါးပင်တွေလည်း ဖြစ်ထွန်းပါတယ်။ ကျွန်တော်က မိုးစပါး ခုနစ်ဧကခွဲ စိုက်ပျိုးထားပါတယ်။ ဓာတ်မြေဩဇာတွေကိုမသုံးဘဲ ချောင်းကရေကိုသွယ်ယူပြီး သဘာဝအတိုင်း စိုက်ပျိုးထားတာပါ။ တစ်ဧကကို တင်း ၁၀၀ လောက်ထွက်မယ်ခန့်မှန်းပါတယ်။ ပုလဲဓာတ်မြေဩဇာနဲ့ အခြားဓာတ်မြေဩဇာတွေကို သုံးစွဲမယ်ဆိုရင် ဒီထက်မက စပါးအထွက်တိုးမှာပါ။ နှစ်တိုင်းကတော့ တင်း ၁၀၀ နီးပါး ပုံမှန်ထွက်ပါတယ်။ ဒီဒေသမှာ အချိန်ခါမဟုတ်ရွာတဲ့မိုး ရွာတတ်ပြီး ဆုံးရှုံးမှုတွေ ဖြစ်တတ်တာမို့ ခုနောက်ပိုင်းမှာ ကျွန်တော်တို့ တောင်သူတွေဟာ ခြွေလှေ့စက်တွေကိုအသုံးပြုပြီး စပါးတွေကို အမိုးအကာအောက် အမြန်ရောက်ရှိစေရေးအတွက် ဆောင်ရွက်နေကြပါတယ်"ဟု နန့်မွန်းကျေးရွာမှ တောင်သူ ဦးကျော်ဝင်းက ပြောသည်။

အင်းတော်ကြီးဒေသတစ်ခုလုံး၏ မိုးစပါးစိုက်လယ်ဧက စုစုပေါင်းမှာ ၄၀၅၀၅ ဧကရှိပြီး အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စု တစ်ခုတည်းတွင် ၅၂၈၉ ဧက ရှိကြောင်း၊ အများစုမှာ မိုးရေခံလယ်မြေများဖြစ်ပြီး နန့်ကင်ချောင်းကဲ့သို့ တောင်ကျချောင်းများမှ ရေကိုသွယ်ယူကာ စိုက်ပျိုးမှုများလည်းရှိပြီး ပြီးခဲ့သည့်မိုးရာသီတွင် ရာသီဥတုမှန်ကန်ကောင်းမွန်သဖြင့် မိုးစပါးစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။ **(၁၄၉)**



**ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ယခုနှစ်အတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ပထမဆုံးအကြိမ်အဖြစ် ဒီဇင်ဘာ ၂၂ ရက်က ထုတ်ချေးပေးခဲ့ရာ ဒေါင်းကကျေးရွာအုပ်စုနှင့် ညောင်တုန်းလဲ့ကျေးရွာအုပ်စုမှ တောင်သူများ ထုတ်ယူနေစဉ်။**

နေဝင်းဇော်(မြန်အောင်)

## သတင်းတိုများ

### ပုလဲသွယ်စပ်မျိုးစပါးမျိုး တောင်သူများထံဖြန့်ဖြူးပေး

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်းရှိ လယ်မြေများတွင် အထူးအထွက်တိုး၊ အထွက်ကောင်းစပါးမျိုးများ စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်စပါးမျိုးများကို တောင်သူများထံ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက်မှစတင်၍ ဗီယက်နမ်ပုလဲသွယ်စပ်မျိုးစပါးမျိုးများကို တစ်တင်းလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းနှင့် အဆိုပါစပါးမျိုးမှာ စံပြကွက်စမ်းသပ်စိုက်ပျိုးမှုအရ ဒေသနှင့်ကိုက်ညီသည့်စပါးမျိုးဖြစ်ပြီး ဂန့်ဂေါခရိုင်အတွင်း စံကွက်ရိတ်သိမ်းမှုမှတ်တမ်းအရ တစ်ဧကအထွက်နှုန်း တင်း ၂၀၀ ကျော်ထွက်ရှိခဲ့သဖြင့် တောင်သူများအတွက် တွက်ခြေကိုက်မည့်စပါးမျိုးဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

### တောခလွန်ကျေးရွာ၌ ကြက်သွန်ဖြူစုပေါင်းစိုက်ပျိုး

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ တောခလွန်ကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ကြက်သွန်ဖြူစုပေါင်းစိုက်ပျိုးပွဲကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပခဲ့ပြီး ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူးဦးမြင့်လွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သူများ ပါဝင်စိုက်ပျိုးခဲ့ပြီး ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကြည်က ကြက်သွန်ဖြူအထူးအထွက်တိုးစိုက်ပျိုးရေးနည်းစနစ်များကို လက်ကမ်းစာစောင်များဖြန့်ဝေ၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၁၀၁)**

### သဘာဝပိုးမွှားကာကွယ်ဆေးနှင့် သဘာဝမြေဩဇာပြုလုပ်နည်းသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထောက်ပံ့မှုဖြင့် သဘာဝပိုးမွှားရောဂါကာကွယ်ရေးနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းသင်တန်းကို ဒီဇင်ဘာ ၂၂ ရက်က စတင်ဖွင့်လှစ်ပြီး ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းပေါမြင့်နှင့် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းတို့က အမှာစကားပြောကြားကြပြီး မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်မြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ သင်တန်းကို သုံးရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ရှိ စိုက်ပျိုးရေးဝန်ထမ်းများက သင်ကြားပို့ချကြောင်းနှင့် ကျေးရွာအုပ်စု ၃၂ အုပ်စုမှ တောင်သူ ၃၂ ဦးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၃၀ တက်ရောက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မြောင်မြို့နယ်တွင် ကြက်တိုက်လောင်းကစားသူ ၁၂ ဦးဖမ်းဆီးအရေးယူ

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် အုတ်နဲ့ဘုတ်ကျေးရွာတွင် ကြက်တိုက်လောင်းကစားပြုလုပ်သူများကို ဒီဇင်ဘာ ၁၈ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။ မြောင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးသောင်းငွေနှင့် တပ်ဖွဲ့ဝင်များ၊ မြို့သစ်အုပ်ချုပ်ရေးမှူးဦးနေစိုးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အုတ်နဲ့ဘုတ်ကျေးရွာအရှေ့မြောက်ဘက်တွင် ကြက်တိုက်လောင်းကစားပြုလုပ်သူ ၁၂ ဦးကို သတင်းအရ ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်းနှင့် လောင်းကစားသူများနှင့်အတူ စက်ဘီး ငါးစီး၊ မော်တော်ဆိုင်ကယ်ခုနစ်စီးနှင့် လောင်းကစားငွေကျပ် ၁၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းမိသူများအား ကျောက်ရစ်ကျေးရွာ ရဲကင်းစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **တင်ကိုကို**

## သမိုင်းဝင် ရေးမြို့ ရွှေဆံတော်စေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပရေး ဆွေးနွေး

**ရေး ဒီဇင်ဘာ ၂၄**

မွန်ပြည်နယ် ရေးမြို့၏ကျက်သရေဆောင် သမိုင်းဝင်ဘုရားများဖြစ်သော ရွှေဆံတော်စေတီ (၁၂၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲနှင့် စကားတောင်စေတီဗုဒ္ဓပူဇနီယပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွှေဆံတော်စေတီဓမ္မာရုံ၌ ဒီဇင်ဘာ ၂၃ရက်က အစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်နိုင်ရေး၊ ပွဲတော်ကာလတွင် မွန်ပြည်နယ် ဇာတ်ပွဲ၄ပွဲ၊ ထိုင်း-မြန်မာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများနှင့် အခြားလက်ဝှေ့စိန်ခေါ်ပွဲများ၊ တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ပွဲတော်အတွင်း ဈေးဆိုင်ခန်းနှင့် အရောင်းပြခန်းများ၊ ရန်ပုံငွေအရောင်းဆိုင်များ၊ ကလေးများအတွက် ကစားကွင်းများစသဖြင့် ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ အသံမစဲပဋ္ဌာန်းတရားများကို တပို့တွဲလဆန်း ၇ ရက်မှ ၁၂ ရက်အထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ပြီး တပို့တွဲလပြည့်ကျော်၂ ရက်အထိ ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**


## မွေးနေ့ဆုတောင်း

ဗိုလ်ကြီးရွှေမောင် ၂၄-၁၂-၂၀၁၄ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့်အတူ ပျော်ရွှင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ခင်တဲ့-နာကြား

## ဝန်ထမ်းအလိုရှိသည်

**ကွန်ပျူတာပန်းထိုးလုပ်ငန်း ကျွမ်းကျင်ဝန်ထမ်း ၅ ဦး။**
**အလုပ်သင်နှင့် အကူဝန်ထမ်း ၁၀ ဦး၊ နေရေးစားရေး စီစဉ်ပေးသည်။**
**ဖုန်း-၀၉-၇၃၂၄၄၃၉၃၊ ၀၉-၄၃၀၆၆၃၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ လူနေရပ်ကွက်အမှတ် ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၂၈၂၊ ဧရိယာစတုရန်းပေ ၂၄၀၀၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၂၈၂ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် မိခင်ဖြစ်သူ ဒေါ်စိန်တင် EE-၀၁၀၆၂၂ အမည်ပေါက်လျက်ရှိပြီး မိခင်၊ ဖခင်တို့ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရရှိသူ သားသမီးများဖြစ်သော (၁)ဒေါ်မြင့်မြင့် ၁၂/မဂတ(နိုင်)၀၂၃၈၅၇၊ (၂)ဒေါ်လှရင် ၁၀/ကထန(နိုင်)၀၃၅၇၃၉၊ (၃)ဦးမြင့်စိုး ၇/ဖမန(နိုင်) ၀၄၄၂၂၃၊ (၄)ဒေါ်တိုးမြင့် ၁၂/ဥကတ(နိုင်)၁၂၅၄၃၄၊ (၅)ဒေါ်အေးအေးမြင့် ၁၀/ကထန(နိုင်) ၀၃၈၈၀၅၊ (၆)ဒေါ်ဘေဘီမြင့် ၁၂/မဂတ(နိုင်)၀၂၃၈၂၅တို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** **ဦးသန့်ဇော်**
**အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာအနာကြီး ရောဂါကုဆေးရုံကြီးတွင် ကုသမှုခံယူနေသော လူနာများအတွက် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်-** ၂၉-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၆၅၀၂၅၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် ၁၁၊ နမ္မတူဂေါက်ကွင်းလမ်း၊ အမှတ် ၄နေ ဒေါ်ကိုင်ဆိုင် ၁၃/လရန(နိုင်)၁၄၃၅၆၀ အမည်ပေါက် ပိုင်ဆိုင်သော လားရှိုးမြို့၊ ရပ်ကွက် ၁၁၊ နယ်မြေ ၂၊ နမ္မတူဂေါက်ကွင်းလမ်း၊ ဦးပိုင်အမှတ် ၄ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ အလျားပေ ၆၀၊အနံပေ၆၀ရှိ မြေကွက်ကို ၂-၉-၂၀၁၄ ရက်တွင်လည်းကောင်း၊ အလျားပေ၁၂၀၊ အနံပေ၁၂၀ ရှိ မြေကွက်(၁)ကွက်နှင့် အလျားပေ၁၂၀၊အနံပေ၈၀ ရှိ မြေကွက်များကို ၁၇-၁၀-၂၀၁၄ ရက်တွင် လည်းကောင်း၊ လားရှိုးမြို့ရပ်ကွက် ၁၊ နယ်မြေ ၂၊လားရှိုးတက္ကသိုလ်ဝင်းနေ ဒေါ်သန္တာဦးဝါ ၁၂/ဥကတ(နိုင်)၀၇၂၈၄၁ က အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသည်။အဆိုပါ မြေကွက် ရောင်းဝယ်မှုအပေါ် ကန့်ကွက်မည့်သူရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာသည်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဒေါ်သန္တာဦးဝါ ၁၂/ဥကတ(နိုင်)၀၇၂၈၄၁**

## မုံရွေး+ကြေးမုံအထက (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မုံရွာမြို့နယ် မုံရွေး+ကြေးမုံအထက ၁၃ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၈-၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားခြင်းမခံရသေးသော အသက် (၆၀)ပြည့်ပြီးသည့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် အချိန်မီဆက်သွယ်ပေးပါရန် ပန်ကြားအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများလှူဒါန်းလိုပါက ကိုထွန်းတင့်ဝင်း(ရန်ကုန်) ဖုန်း-၀၉-၂၅၄၅၇၀၂၅၊ ကြေးမုံရွာမှ ကိုဝင်းမြင့်၊ဖုန်း-၀၉-၄၀၀၄၁၄၈၈၂၊ ကိုစိုးလွင်မြင့် ဖုန်း-၀၉-၄၀၀၄၀၆၁၁၇၊ မစန်းညွန့်ရီ ဖုန်း-၀၉-၂၅၉၀၃၈၅၉၂နှင့် ကျောင်းအုပ်ကြီး ဖုန်း-၀၇၁-၆၀၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဦးစိန်မြင့်(ခ)ဖိုးခွေး အမည်ပေါက် လားရှိုးမြို့၊ ရပ်ကွက် ၁၀၊ နယ်မြေ ၈၊ အကွက်အမှတ်(၄၈/စစ်ဆေးရုံနောက်) ဦးပိုင်အမှတ် ၄၈၁ (အလျား၅၃ပေ×အနံပေ၆၀) အိမ်အမှတ်(ည/၈-၇၇)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို လားရှိုးမြို့၊ ရပ်ကွက်(၁)နယ်မြေ(၂)၊ လားရှိုးတက္ကသိုလ်ဝင်းနေ ဒေါ်သန္တာဦးဝါ ၁၂/ဥကတ(နိုင်) ၀၇၂၈၄၁ က(၁၇-၇-၂၀၁၄)ရက်တွင် အပြီးအပိုင် ငွေချေဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်မည့်သူရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်သန္တာဦးဝါ**
**၁၂/ဥကတ(နိုင်)၀၇၂၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် (၁၈၈)၊ ဧရိယာ ၂ ဒသမ ၀၀ ဧက၊ နှစ်၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးလီမြင့်ဖြစ်ပါသည်။ အဆိုပါအမည်ပေါက်ထံမှ စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ SCAI Yangon Limited (1061/2014 - 2015)မှ အရောင်းအဝယ်စာချုပ် (၇၈၀၀/၂၀၁၁) နှင့် (၉၃၆၈/၂၀၁၄) တို့တင်ပြ၍ ဤဦးစီးဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြည်တွင်းသတင်းနှင့်ကော်ပြာ

## အခမဲ့ဆေးဝါးကုသမှု ကွင်းဆင်းဆောင်ရွက်

**တွန်းဇံ ဒီဇင်ဘာ ၂၄**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ် ဆဲဘောက်ကျေးရွာအုပ်စု စိန်းတူမ်းကျေးရွာတွင် ဒေသခံကျေးလက်နေပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခမဲ့ဆေးဝါးကုသမှုများကို ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ဒီဇင်ဘာ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းဆောင်ရွက်ရာသို့ ချင်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးကျင့်လျန်းပေါင်၊ တွန်းဇံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းစည်သူ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သက်မွန်ကျော်နှင့် တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမများက ဒေသခံပြည်သူ ၉၃ ဦးကို ကျန်းမာရေးစစ်ဆေးမှုနှင့် အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## ပြည်သူလူထုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဥရောပသမဂ္ဂတို့ပူးပေါင်း၍ ပြည်သူလူထုနှင့် မိတ်ဖက်ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ထိတွေ့ဆက်ဆံခြင်းသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင်၊ ဥရောပသမဂ္ဂအဖွဲ့မှ Mr. Tom Patterson နှင့် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်ဦးတို့က အမှာစကားပြောကြားကြပြီး သင်တန်း၌ Mr. Tom Patterson၊ လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးသိန်းနိုင်နှင့် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ရုံးဦးစီး ရဲအုပ်ဝဏ္ဏဆွေတို့က ရပ်ကွက်အုပ်ချုပ်ရေးမှူး သင်တန်းသား ၁၅ ဦးကို ပြည်သူလူထုနှင့် မိတ်ဖက်ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ထိတွေ့ဆက်ဆံခြင်းဆိုင်ရာများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(၀၃၃)**

## တရားမဝင် ကျွန်းနှင့်တမလန်းသစ်များ ဖမ်းမိ

**ကသာ ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နားမကျိုင်းကျေးရွာတွင် ကျွန်းနှင့် တမလန်းသစ်ခွဲသားနှင့် ခားရွေတုံးများကို ဒီဇင်ဘာ ၂၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နားမကျိုင်းရွာနေ မင်းနိုင်၏နေအိမ်သို့ အင်းတော်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးကျော်မောင်နှင့် နဘားရဲကင်းစခန်းမှူးတို့က သတင်းအရ သွားရောက်ရှာဖွေရာမှ မင်းနိုင်၏ခြံဝင်းအတွင်း ကျွန်းသစ်တိုင် နှစ်လုံး (ဒသမ ၁၇၈)တန်၊ တမလန်းခွဲသား ၁၁ ချောင်း(ဒသမ၀၆၅)တန်နှင့် တမလန်းခားရွေတုံး ၁၆ တုံး (ဒသမ၇၂၀၆)တန်ကို တရားမဝင်တွေ့ရှိသဖြင့် တောအုပ်ဦးကျော်မောင်က အင်းတော်မြို့မရဲစခန်း၌ တရားလိုပြုလုပ်တိုင်တန်းထားပြီး တရားမဝင်သစ်များနှင့်တွေ့ရှိသူ မင်းနိုင် (၃၇ နှစ်)ကို နဘားရဲကင်းစခန်းမှူး ဒုတိယရဲအုပ်အောင်နိုင်မြင့်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



## ကျောက်ပန်းတောင်းမြို့နယ်၌ ကျောင်းဆောင်သစ်ခုနစ်ဆောင်ဆောက်လုပ်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေများဖြင့် ကျောင်းဆောင်အသစ် ခုနစ်ဆောင် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကျောင်းဆောင်များဆောက်လုပ်လျက်ရှိသော ကျောင်းများမှာ အမှတ်(၂) အထကတွင် ပေ(၁၂၀×၃၀)အာရ်စီတစ်ထပ်ဆောင် တစ်ဆောင်၊ မြို့ရှေ့ အထကတွင် ပေ(၉၀×၃၀) အာရ်စီတစ်ထပ်ဆောင် တစ်ဆောင်၊ မြင်သာကျေးရွာ အထက(ခွဲ)တွင် ပေ (၆၀×၃၀) အာရ်စီတစ်ထပ်ဆောင် တစ်ဆောင်၊ ကျွဲကူးကျေးရွာမူလတန်းလွန်ကျောင်းတွင် ပေ (၆၀×၃၀)၊ အာရ်စီတစ်ထပ်ဆောင် တစ်ဆောင်၊ ခါးပတ်ကျေးရွာ အလက(ခွဲ)တွင် ပေ(၉၀×၃၀) အာရ်စီတစ်ထပ်ဆောင် တစ်ဆောင်၊ အင်ပင်ကြီးကျေးရွာမူလတန်းလွန်ကျောင်းတွင် ပေ (၆၀×၃၀) အာရ်စီတစ်ထပ်ဆောင် တစ်ဆောင်နှင့် အိုင်လျားတောင်ကျေးရွာ အလက(ခွဲ)တွင် ပေ(၉၀×၃၀) အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်တို့ဖြစ်သည်။ ကျောင်းဆောင်သစ်များကို စက်တင်ဘာလဆန်းက စတင်ဆောက်လုပ်လျက်ရှိပြီး တည်ဆောက်မှုများပြီးစီးခါနီးပြီဖြစ်ကြောင်းနှင့် တည်ဆောက်မှုလုပ်ငန်းအားလုံးပြီးစီးပါက ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်သည်။

ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဖြင့် တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်နှင့် အခြေခံပညာကျောင်းများတွင် ကျောင်းသားနှင့် ကျောင်းဆောင်အချိုးညီညွတ်မှုတမှုရှိပြီး ကျောင်းများဥပစာရပ်ကောင်းမွန်စေရန်အတွက် နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍအတွက် ရန်ပုံငွေများ တိုးမြှင့်ချထားပေးခဲ့သဖြင့် ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်နိုင်လျက်ရှိကြောင်း သိရသည်။

**နေအောင်(iprd)**

## ရှေးဦးသူနာပြုစုနည်းသင်တန်းကို တက္ကသိုလ် ၁၀၀ ကျော်တွင် ဖွင့်လှစ်သင်ကြားနေ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ကျန်းမာရေးဌာနများ ဆေးရုံဆေးခန်းများနှင့် အလှမ်းဝေးသောဒေသများ၊ ဆရာဝန် သူနာပြုရှားပါးသောအရပ်ဒေသများမှ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန်အတွက် တက္ကသိုလ် ၁၀၀ ကျော်နှင့် အခြေခံပညာကျောင်းများတွင် အခြေခံရှေးဦးသူနာပြုစုနည်းများကို ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက "မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းနိုင်ဖို့ တက္ကသိုလ်နဲ့အခြေခံပညာကျောင်းတွေမှာ ရှေးဦးသူနာပြုစုရေးပညာရပ်တွေသင်ကြားပေးနိုင်အောင် ကြက်ခြေနီအသင်းတွေ ဖွဲ့စည်းပေးလျက်ရှိပါတယ်"ဟု ပြောသည်။

ယခုအချိန်တွင် မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ပေါင်း ၁၂၀ နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း ၄၅ကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း ၄၀ နှင့် နေပြည်တော်ရှိ အခြေခံပညာကျောင်း ၂၅ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၁၁၀ တွင် ကြက်ခြေနီအသင်းများဖွဲ့စည်းပေးထားပြီး ရှေးဦးသူနာပြုစုနည်းသင်တန်းများကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ကြံတိုင်းအောင်**


### "ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်"

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ ရွှေချီ ၈ လမ်းနေ ဒေါ်ခင်မျိုးသန့် ၉/ပမန(နိုင်) ၀၅၀၁၃၉ ၏ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ အမည်၊တံဆိပ်အမှတ်အသားကို နေပြည်တော်၊ ပျဉ်းမနားမြို့၊ စာချုပ် စာတမ်းများ မှတ်ပုံတင်ရုံး၌ ၁၁-၁၂-၂၀၁၄ရက်တွင် မှတ်ပုံတင်အမှတ် (၅၇/၂၀၁၄)ဖြင့် မှတ်ပုံတင်သွင်း ကြေညာထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အမှတ်တံဆိပ်၊ အမည်အမှတ်အသားဖြင့် ပဲဆီများကို တရားဝင်ဖြန့်ဖြူး ရောင်းချလုပ်ကိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မူပိုင်ခွင့်တံဆိပ်အမည်အမှတ်အသားနှင့် စာသားများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားတုပသုံးစွဲခြင်း မပြုလုပ်ရန် အတိအလင်းအသိပေးတားမြစ်ပါသည်။တားမြစ်ချက်ကို ဖောက်ဖျက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မျိုးသန့်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပိုးနှင်းပွင့်အောင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၂၂/၂၀၁၃)
အမှတ်(၁၃/၂၃)၊ ရဲဘော်ကျန်လမ်း၊ ရန်အောင်(၁)၊ ပျဉ်းမနားမြို့
ဖုန်း-၀၉-၆၅၀၃၅၃၁၊ ၀၆၇-၂၁၄၂၂

**အမည်ပြောင်း** ဦးသစ်လွင်၏သား ပျဉ်းမနားမြို့၊ အထက(၂) အဋ္ဌမတန်း(ခ)မှ မောင်အောင်ကျော်ခန့်အား မောင်ဝေလျှံလင်းဟု ပြောင်းလဲခေါ်ပါရန်။

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

### အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)
မော်လမြိုင်ခရိုင်တရားမရုံး၌
၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် ၄၂
ကွယ်လွန်သူ မောင်ချစ်ဖိုလ်ဖိုလ်၌ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်၊ မြို့ရှောင်လမ်း၊ အမှတ် ၃၃နေ ဒေါ်လှကြည်က ကွယ်လွန်သူ မောင်ချစ်ဖိုလ်ဖိုလ်၏မိခင်အရင်းဖြစ်သည်ဟူ၍ မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်၊ မြို့ရှောင်လမ်း၊ အမှတ် ၃၃ နေ ၎င်းကွယ်လွန်သူ မောင်ချစ်ဖိုလ်ဖိုလ်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ မောင်ချစ်ဖိုလ်ဖိုလ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ရက် (၁၃၇၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူဒေါ်လှကြည်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြင်သောင်း)
ခရိုင်တရားသူကြီး၊ မော်လမြိုင်ခရိုင်တရားရုံး

### အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးထွန်းမြင့်အောင် ၁၂/သကတ(နိုင်)၁၂၄၆၄၀ နှင့်ဒေါ်ကေခိုင်မွန် ၁၂/ဒဂတ(နိုင်) ၀၄၀၇၅၀တို့သည် ၁၈-၁၁-၂၀၁၄ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ သက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင် ဒေါ်ကေခိုင်မွန်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဆောင်ရွက်မည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးထွန်းမြင့်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်ထက်အောင်LL.B အထက်တန်းရှေ့နေ(စဉ်-၂၈၁၆၇)
အမှတ် ၁၁၊ လေးလွှာ B၊ ရွှေဘိုလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၁)အုပ်စု၊ ဘိုကုန်းရပ်ကွက်၊ ရန်ကုန်- မန္တလေးလမ်း၊ အိမ်အမှတ် ယ၁/၆၉(က)ဟု အမည်တွင်သည့်[ပျဉ်းမနားမြို့၊ ရန်အောင် ၁ အုပ်စု၊ မြေကွက်အမှတ် ၁၅/(ဘိုကုန်းရပ်)၊ ဦးပိုင်အမှတ် ၁၂ᵂ၊ မြေကွက်အမှတ် ၂၁/၃၈ ဟု အမည်တွင်သည့်]ဧရိယာ ၀ ဒသမ ၀၃၂ ဧကရှိ မြေနှင့်အဆိုပါမြေပေါ်ရှိ အမှတ် ယ၁/၆၉ ဟု အမည်တွင်သည့် အဆောက်အအုံ အဆိုပါမြေနှင့်အိမ်တို့တွင် စွဲမြဲစွာတပ်ဆင်ထားသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ် သီးပင်စားပင်များအပါအဝင် အဆိုပါပစ္စည်းအားလုံးတို့၏ အကျိုးခံစားခွင့်အလုံးစုံကို အဆိုပါအိမ်တွင် နေထိုင်လျက်ရှိသူ ဒေါ်တင်တင်ဌေး ၉/ပမန(နိုင်)၀၀၃၆၂ ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ပထမအရစ်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချသည့်ပစ္စည်းအရပ်ရပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍သော် လည်းကောင်း၊ ရောင်းချခြင်းနှင့်ပတ်သက်၍သော်လည်းကောင်း ပြောဆိုကန့်ကွက် လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဟန်(စဉ်-၃၅၀၈/၈၅)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊
မစိုးရိမ်အရှေ့ရပ်ကွက်၊ ပျဉ်းမနားမြို့၊
ဖုန်း-၀၉-၂၁၇၃၆၄၉၊ ၀၉-၈၃၀၀၆၃၆
ဒေါ်အိန္ဒယ်ကျော်(စဉ်-၈၅၈၃/၁၂)
တရားလွှတ်တော်ရှေ့နေ

၁။ ဒေါ်ခိုင်လင်းမူ (စဉ်-၃၂၆၅၅)
၂။ ဦးဝင်းသိန်းဦး (စဉ်-၃၂၉၃၃)
၃။ ဦးဇင်ဝင်း (စဉ်-၃၅၅၂၈)
၄။ ဒေါ်မေသူမြင့်ဆွေ (စဉ်-၄၀၆၂၁)
၅။ ဒေါ်ရူပါထွန်း (စဉ်-၄၂၈၇၂)
၆။ ဒေါ်မေနွယ်မွန်(စဉ်-၄၄၈၅၇)
၇။ ဒေါ်သဲမြဦး(စဉ်-၄၄၉၀၃)
(အထက်တန်းရှေ့နေများ)

**ဖခင်အမည်မှန်** နွားထိုးကြီးမြို့နယ်၊ ပြင်စည် အထက တက္ကသိုလ်ဝင်တန်းမှ မောင်သန့်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးခို(ခ)ဦးမြတ်ရွှေ ၉/နထက(နိုင်)၀၇၈၀၁၆ ဖြစ်ပါကြောင်း။

ဦးဖိုးခို(ခ)ဦးမြတ်ရွှေ

# ဝင်ငွေကောင်းပြီး ဘိန်းအစားထိုးသီးနှံအဖြစ် အောင်မြင်နိုင်မည့်ကြယ်ပဲ စမ်းသပ်စိုက်ပျိုးသင့်

**သတင်းဆောင်းပါး-မောင်သင်းပျံ့**



ယနေ့စပါးစိုက်တောင်သူများနှင့် ခြံစိုက် တောင်သူများ လူမှုဘဝကို ပြောင်းလဲစေနိုင်သော ထိုင်းနိုင်ငံမှ မျိုးစေ့ယူ စိုက်ပျိုးသည့် ကြယ်ပဲ (Star Sacha Inchi)စိုက်ပျိုးခြင်းကို မြန်မာနိုင်ငံတွင်စတင်စမ်းသပ်လျက်ရှိသည်။ ထိုပဲသည် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ မှ ၇၀ အထိရရှိနိုင်ပြီး နေရာတိုင်းတွင် စိုက်ပျိုး၍မရဘဲ အပူချိန် ၃၉ ဒီဂရီ ဖာရင်ဟိုက်အောက်ရှိသော ဒေသ၌သာ စိုက်ပျိုးနိုင်သည့် အတွက် ထိုရာသီဥတုမျိုးရှိသောဒေသများမှ တောင်သူ များအတွက် ဝမ်းသာစရာသတင်းပင်ဖြစ်သည်။ ပို၍ ဝမ်းသာစရာကောင်းသည်မှာ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး အန္တရာယ်ကင်း နှစ်ရှည်သီးနှံအဖြစ် စီးပွား ဖြစ်စိုက်ပျိုးနိုင်မည့် အလားအလာများရှိနေခြင်းဖြစ်သည်။

အဆိုပါကြယ်ပဲကို ယခုအခါ ကချင်ပြည်နယ်မြစ်ကြီးနား တွင် ဧက ၁၀၀၀ စမ်းသပ်စိုက်ပျိုးထားပြီး ရှမ်းပြည်နယ် တွင် အောင်ပန်းမြို့နှင့် အေးသာယာ၊ ကရင်ပြည်နယ်တွင် မြဝတီနှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် စမ်းသပ်စိုက်ကွက် သုံးဧက စိုက်ပျိုးအောင်မြင်လျက်ရှိ သည်။ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လွန်း တိုးဘူတာအတက် လယ်ပြင်ဘူတာ အနီးရှိ လယ်ပြင် ရွာတွင်လည်း စတင်စမ်းသပ်စိုက်ပျိုးလျက်ရှိကာ ခြံစိုက် တောင်သူများ မျက်စိကျနေသော ပဲတစ်မျိုးအဖြစ်စောင့် ကြည့်လေ့လာနေပြီဖြစ်သည်။ အဆိုပါကြယ်ပဲ မျိုးစေ့ကို အောက်တိုဘာ ၂၀ ရက်က နှစ်ဧကကွက်၌ စတင်စမ်းသပ် စိုက်ပျိုးထားသော စပါးစိုက်တောင်သူတစ်ဦးဖြစ်သည့် လယ်ပြင်ရွာမှ ကိုမြင့်ဝင်းနှင့် တွေ့ဆုံခွင့်ရခဲ့သည်။

လယ်ပြင်ရွာသည် စပါးစိုက်ပျိုးခြင်း၊ သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်ဖြင့် မိရိုးဖလာအသက်မွေးမှုဖြင့် အိမ်ခြေ ၄၀ ခန့်ရှိ ဘူတာရွာအဖြစ် အခြေတည်ခဲ့ပြီး ယနေ့အိမ် ခြေ ၃၀၀ ခန့် ရွာကြီးတစ်ရွာဖြစ်နေပြီဖြစ်သည်။ ဘူတာ အပေါ်ဘက်ရှိ တောင်တန်းတွင် ၁၉၉၅ ခုနှစ်မှစ၍ တစ်ပိုင်တစ်နိုင်အဖြစ် ရွှေလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ် တွင် ကုမ္ပဏီတစ်ခု ဝင်ရောက်လုပ်ကိုင်ခဲ့ သည့်အတွက် တစ်ပိုင်တစ်နိုင်လုပ်ကိုင်မှုရပ်ဆိုင်းခဲ့ပြီး ထင်းခုတ်၊ မီးသွေးဖုတ်၊ ဝါးခုတ်၊ ကျောက်တူး၊ စပါးစိုက် ဖြင့် ယခင်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခဲ့ကာ ငှက်ပျော၊ သံပရာစိုက်သည့် ခြံလုပ်ငန်းများထက်ကောင်းမွန်သော ဝင်ငွေကောင်းသည့် စိုက်ပျိုးမှုကို မျှော်လင့်နေချိန်တွင် ကုမ္ပဏီက မျိုးစေ့ပေး၍ ထွက်ကုန်ကို ကုမ္ပဏီက ပြန်ယူ သော ဈေးကောင်းသည့် ကြယ်ပဲစိုက်ပျိုးမှုကို စတင် တွေ့ရှိပြီး စမ်းသပ်စိုက်ပျိုးလာကြခြင်းဖြစ်သည်။ လယ် ပြင်ရွာတွင် လယ် ၁၂၇ ဧကရှိပြီး မိုးစပါးတစ်ဧကလျှင် တင်း ၅၀၊ နွေစပါးတင်း ၆၀ မှ ၇၀ အထိရသောကြောင့် မိုးစပါးတစ်ဧကလျှင် တစ်သိန်းအရှုံးရှိနေ၍ ယခုနှစ်မှ ပုလဲသွယ်အထူးအထွက်တိုးစပါးကို စတင်စမ်းသပ်စိုက်ပျိုး ထားကြောင်း၊ တောင်သူများလူမှုဘဝတိုးတက်ပြောင်းလဲ ရန် ရော်ဘာအပါအဝင် အခြားဝင်ငွေကောင်း နှစ်ရှည် ပင်များကို စမ်းသပ်စိုက်ပျိုးခဲ့သော်လည်း အကြောင်းအမျိုး မျိုးကြောင့် မအောင်မြင်ခဲ့သည့်အတွက် စီးပွားဖြစ်သီးနှံ ကို စိုက်ပျိုးနိုင်ရန် ကြံဆမျှော်လင့်နေချိန်တွင် ဈေးကောင်း ပေးဝယ်သော ကြယ်ပဲကို ဤမြေ၊ ဤရေ၊ ဤဒေသနှင့် ကိုက်ညီစွာ စမ်းသပ်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း ကိုမြင့် ဝင်းက ပြောသည်။

"ဒီကြယ်ပဲလို့ခေါ်တဲ့ ပဲမျိုးက တောင်အမေရိကတိုက် ပီရူးနိုင်ငံ အမေဇုန်(Amazon) က ရရှိတဲ့ နွယ်ပင်အမျိုး အစားဖြစ်ပြီး အရွက်၊ အညွန့်၊ အသီး၊ အစေ့ကိုပါ ပုံစံ မျိုးစုံနဲ့ စားသုံးနိုင်တဲ့ ပဲတစ်မျိုးပါ။ တစ်ထုပ်မှာ ပဲမျိုးစေ့ ၇၀၀ ကနေ ၈၀၀ အထိ ပါတတ်ပါတယ်။ တစ်ထုပ်ကို လေးသိန်းနဲ့ ကုမ္ပဏီက ဖြန့်ဖြူးပေးပြီးတော့ တစ်ကီလိုကို ငွေကျပ် ၁၂၀၀ နဲ့ ပြန်ယူပါတယ်။ ပထမစစိုက်တဲ့နှစ်ဖြစ် တဲ့အတွက် ကုမ္ပဏီက ငွေကျပ် ၂၀၀ ပိုပေးတဲ့သဘောပါ။ မျိုးစေ့ကိုစိုက်ရင် သုံးရက်နဲ့ အညှောက်ထွက်လာပြီး တစ်ပတ်ပြည့်တာနဲ့ မြေဆွေးထည့်ထားတဲ့ မျိုးစေ့အိတ် ထဲကို သွတ်ပါတယ်။ ကြက်ချေး၊ ဖွဲနု၊ ဖွဲပြာ၊ ပဲဖတ်ရောထား တဲ့ အော်ဂဲနစ်မြေဩဇာကို ငါးရက်ပေါင်းထားပြီးမှ သုံးရ ပါတယ်။ ဓာတ်မြေဩဇာသုံးလို့မရပါဘူး။ မျိုးစေ့ပျိုး ထောင်ပြီး ပျိုးသက် ၄၅ ရက်ဆိုရင် မြေချစိုက်ပျိုးနိုင်ပါပြီ။ စိုက်တဲ့အခါမှာ တစ်ပင်နဲ့တစ်ပင် ကိုးပေခွာပြီး စိုက်ရပါ တယ်။ ရေဝပ်တဲ့ဒေသ၊ ရေမရတဲ့ဒေသမှာ စိုက်လို့မရဘူး။ ပြီးတော့ တစ်လိုင်းနဲ့တစ်လိုင်း ကိုးပေကွာ တိုင်ထောင် စင်ထိုးပေးရပြီးတော့ စိုက်ပျိုးပြီး ခြောက်လကနေ ရှစ်လ အကြာမှာ အသီးကိုစခူးနိုင်ပါပြီ။ တစ်ဧကကို အပင် ၅၀၀ စိုက်ပါတယ်။ တစ်ကြိမ်စိုက်ပြီးတာနဲ့ ၃၅ နှစ်ကနေ နှစ် ၅၀ ကြား ရှင်သန်တဲ့အတွက် နှစ်ရှည်စီးပွားဖြစ် အပင်ဖြစ် တဲ့အပြင် တစ်နှစ်ကို သုံးကြိမ်အသီးခူးရပါတယ်။ တစ် ဧကကို ငွေကျပ်သိန်း ၅၀ ကနေ ၇၀ အထိ ဝင်ငွေရတဲ့ အသီး၊ ဈေးကွက်အထူးရှာစရာမလိုတဲ့ ပဲမျိုးဖြစ်တဲ့ အတွက် ဒီရွာမှာ တောင်သူလေးဦး ငါးဧက စမ်းသပ်စိုက် ပျိုးနေပါပြီ"ဟု ကိုမြင့်ဝင်းက ရှင်းပြသည်။

ကချင်ပြည်နယ်တွင် ကြယ်ပဲကို ယမန်နှစ်နွေတွင် စတင်စိုက်ပျိုးခဲ့၍ ယခုနှစ်ဒီဇင်ဘာတွင် ပထမအကြိမ် စတင်ခူးဆွတ်နေပြီဖြစ်သည်။ ကြယ်ပဲကို အများဆုံး စမ်းသပ်စိုက်ပျိုးသော ဒေသလည်းဖြစ်သည်။ ဘဝကို အေးချမ်းစွာဖြင့် နေထိုင်စိုက်ပျိုးလိုသော တောင်သူတို့ အတွက် တစ်ဧကအပင် ၅၀၀ တွင် ငွေကျပ်သိန်း ၂၀ ကျော်ဝင်ငွေရှိသော ကြယ်ပဲကို စိုက်ပျိုးသင့်သည်။ တစ် ဧကလျှင် တစ်နှစ်ရွှေ ၁၀ ကျပ်သားရရှိနိုင်သော သီးနှံ ဖြစ်၍ မည်သည့်ရာသီတွင်မဆို စတင်စိုက်ပျိုးနိုင်ပြီး နှစ် ၅၀ အထိ နှစ်ရှည်စားသုံးနိုင်သော ပဲမျိုးစိတ်ဖြစ်သည်။

ကြယ်ပဲတွင် ခန္ဓာကိုယ်၌ မရှိမဖြစ်လိုအပ်သော သက် စောင့်ဓာတ်ဖြစ်သည့် Omega-3,6,9 နှင့် ဗီတာမင် A-E ကြွယ်ဝစွာ ပါဝင်သောကြောင့် ပဋိဇီဝဆေးအတွက် တန် ဖိုးရှိသော ပဲအမျိုးအစားဖြစ်ကြသည်။ ပင်မမျိုးစေ့စမ်းသပ် ဌာနကို ထိုင်းနိုင်ငံတွင်ထားရှိ၍ ထုတ်လုပ်တင်ပို့ဈေး ကွက်ဝင်နေသော ပဲမျိုးစိတ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရာ၌လည်း ဆေးဘက်ဆိုင်ရာနှင့် လူသုံးကုန် ပစ္စည်းအတွက် စမ်းသပ်သင့်သော လေ့လာမှုတစ်ရပ် လည်းဖြစ်နေသည်။ မြန်မာ့ရေမြေနှင့် ကိုက်ညီသော နှစ်ရှည်ပင်ဖြစ်၍ သုတေသနပြုသင့်သည်။

ကြယ်ပဲတစ်အိတ်လျှင် မျိုးစေ့ ၈၀ အထိပါတတ်ပြီး တစ်ထုပ်လျှင် ဒေါ်လာ ၆၀၀၊ ၇၀၀ ပေးရ၍ ဒေါ်လာဈေး အတက်အကျအတိုင်း ဈေးပေးရသည့်အတွက် ယနေ့ ပေါက်ဈေးဆိုလျှင် တစ်ထုပ်လျှင် ငွေကျပ်လေးသိန်းကျော် ပေးရသော ပဲမျိုးစေ့ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ဧက အလိုက် မစိုက်ပျိုးနိုင်ခြင်းသည် ဆန် တစ် ပြည်ခွဲလျှင် ဘတ် ၃၀၀ အထိ စပါးဈေးကောင်းရနေသောကြောင့် ဖြစ် သည်။ ထိုင်းနိုင်ငံတွင် စပါးကို ဦးစား ပေးစိုက်ပျိုးပြီး လယ်ကန်သင်းတွင် ကြယ်ပဲကို တိုင်ထောင်၍ မြေလွတ် မကျန်စိုက်ပျိုးလျက်ရှိသည်။ အခွင့်အရေးရသော အချိန် တွင် တောင်သူများ လူမှုစီးပွားဘဝတိုးတက်စေရန် အတွက် သဘာဝဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်သော ဤကြယ်ပဲ ကို လက်တွေ့စမ်းသပ်စတင်စိုက်ပျိုးနေကြပြီ ဖြစ်သည်။

ကြယ်ပဲသည် အော်ဂဲနစ်ပါဝင်မှုနှင့် စိုက်ပျိုးမြေပေါ်တွင် မူတည်၍ ထောင့် လေးထောင့်မှ ထောင့်ခုနစ်ထောင့်အထိ ကြယ်ပွင့်သဏ္ဍာန်ထွက်ပေါ်တတ်သောကြောင့် ကြယ်ပဲ (Star Sacha Inchi) ဟု ခေါ်ခြင်းဖြစ်သည်။ မြေဩဇာ ကောင်းသောဒေသတွင် အခိုင်လိုက်သီးတတ်ပြီး ခရမ်း ချဉ်သီးတိုင်ထောင်စိုက်သကဲ့သို့ စိုက်ပျိုးကြ၍ အချို့ နေရာတွင် တီပုံသဏ္ဍာန်တိုင်ထောင်၍ သွပ်နန်းကြိုးတန်း ကာ စပျစ်သီးစိုက်ခင်းကဲ့သို့ စိုက်ပျိုးကြသည်။ ထို ကြယ်ပဲကို ထိုင်းနိုင်ငံမှ ပြန်ဝယ်ယူကာ အားဆေး၊ စနိုး၊ ခွန်အားဖြည့်အစားအစာများအဖြစ် မလေးရှားနိုင်ငံနှင့် အခြားနိုင်ငံများသို့ ပြန်လည်တင်ပို့လျက်ရှိသည်။

ကြယ်ပဲစိုက်ပျိုးခြင်းသည် မြေဆီ၊ မြေနှစ်ကောင်း မွန်သော မြန်မာနိုင်ငံနှင့် အဆင်ပြေသည်။ တောင်ပေါ် ဒေသ စိမ့်၊ စမ်း၊ ချောင်းနီးသော နေရာတို့တွင် တစ်ကီလို လျှင် ငွေကျပ် ၁၂၀၀ ရသော ကြယ်ပဲကို စမ်းသပ်စိုက်ပျိုး နိုင်ကာ စပါး၊ ဂျုံ၊ သီးနှံ၊ ဟင်းသီးဟင်းရွက်ကိုလည်း တစ်လိုင်းနှင့်တစ်လိုင်း ကိုးပေအကွာကြားတွင် စိုက်ပျိုးနိုင် သည်။ ထိုင်းနိုင်ငံတွင် ကြယ်ပဲကိုမြန်မာပြည်တွင် ထိုင်ဝမ် ခရမ်းချဉ်သီး စိုက်ပျိုးသည့်ပမာ စိုက်ပျိုးအောင်မြင် လျက်ရှိပြီး လယ်ကန်သင်းရိုးတွင် ကြယ်ပဲကို တိုင်ထောင် စိုက်ပျိုးကြသည်။ တောင်သူများ မိသားစုဘဝဖူလုံမှုရှိရန် တီထွင်ဆန်းသစ်မှု၊ လေ့လာစူးစမ်းမှု၊ တိုးတက်မြင့်မား ချင်သော စိတ်ဓာတ်ထားရှိမှုများလိုအပ်သည်။

စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်မှုသည် နိုင်ငံ စီးပွားရေး တောင့်တင်းခိုင်မာမှုကို ပြသခြင်းဖြစ် သောကြောင့် တစ်ဦးတစ်ယောက်မှသည် တိုင်းပြည် အတွက် အကျိုးရှိမည်ဆိုလျှင် မည်သည့်သီးနှံမဆို စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်သည်။ ခြံစိုက်တောင်သူ နှင့် စပါးစိုက်တောင်သူများအနေဖြင့် ရေမှန်မှန်၊ သဘာဝ မြေဩဇာမှန်မှန်ဖြင့် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး EL Shaddai ကုမ္ပဏီက အာမခံစာချုပ်ဖြင့် ပြန်လည်ဝယ် ယူနေသော ကြယ်ပဲကို စမ်းသပ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုး ဖွံ့ဖြိုးဝင်ငွေတိုးစေရန် အကြံပြုတင်ပြအပ်ပါသည်။ ။

**ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ကြေညာချက်အား**
**ကန့်ကွက်ကြောင်းနှင့် ဦးမျိုးသန်းဝင်း ၁၁/စတန(နိုင်)၀၇၀၆၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသန်းထွန်း စဥ်-၅၅၈၈နှင့်**

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၃၇၊ B/4 တွင်နေထိုင်သူ ဒေါ်အေးကျော့နု ၁၁/စတန (နိုင်)၀၁၀၅၉၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးကျော့နုသည် ၁၉၉၉ ခုနှစ် ဇူလိုင် ၂၆ ရက် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၂၈၆၄/၁၉၉၉ ဖြင့် **ROLEX** တံဆိပ်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား တစ်ဦးတည်းမူပိုင်ဖြစ် ကြောင်း ခေါင်းလိမ်းဆီနှင့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့တွင် အသုံးပြုပြီး ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသည်ကို မှတ်ပုံ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းများကို ယနေ့ ထိတိုင် စဉ်ဆက်မပြတ်ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။ ကုန်အမှတ်တံဆိပ် မူပိုင်ရှင် ဒေါ်အေးကျော့နုသည် ရခိုင်ပြည်နယ်ကိုယ်စား အရောင်းကိုယ်စားလှယ် ဖြစ်သူ ဦးမျိုးသန်းဝင်း အား ယုံကြည်စွာဖြင့် ကုန်ပစ္စည်းများအား ပေးပို့ရောင်းချစေခဲ့ ပါသည်။

ဦးမျိုးသန်းဝင်းသည် ယခုကဲ့သို့ **ROLEX** တံဆိပ်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် သံလွင်ခေါင်းလိမ်းဆီမွှေးတို့ကို အတုအပပြုလုပ်သည် သာမက ကုန်တံဆိပ်အမည်အမှတ်အသားတူနေကြောင်း ကြေညာချက်ကိုလည်း တွေ့ရှိရပါသည်။ JOHN WALKER & SONS LTD Vs U THAN SHWE [1968-BLR (C-C)] Page-73 တွင် "A trade mark being in the nature of property cannot be appropriated by anyone without the permission of its owner" ဟူ၍ သုံးသပ်ဆုံးဖြတ်ထားသောမူအရ လူကြီးမင်းတွင် ROLEX တံဆိပ်အမှတ်အသားကို ပစ္စည်းတူ/အမျိုးတူ ထုတ်ဝေဖြန့်ချိသုံးစွဲခွင့်မရှိကြောင်း သိစေအပ်ပါသည်။

ထို့ကြောင့် ဦးမျိုးသန်းဝင်း၏ ကုန်တံဆိပ်အမည်အမှတ်အသား တစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း ၂၀-၁၀-၂၀၁၄ ရက်စွဲပါ ကြေညာချက်အား ကန့်ကွက်ပါကြောင်း နှင့် အတုအပပြုလုပ်ခြင်းအား ပြန်လည်ရုပ်သိမ်းပေးပါရန် သတိပေးကြေညာအပ်ပါ သည်။

အထက်ပါသတိပေးကြေညာချက်အား ပြုလုပ်ခြင်းမရှိပါက ပြစ်မှုကြောင်းဖြစ် စေ၊ တရားမကြောင်းဖြစ်စေ တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက် သွားမည် ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ဒေါ်အေးကျော့နု၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း LL.B အထက်တန်းရှေ့နေ(စဥ်-၃၀၅၀၃)**
**အမှတ် A.3.A ၊ အရှေ့ပြည်သာရိပ်မွန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၃၀၆၄၀၀၇၊ ၀၉-၇၉၅၆၈၂၅၇၀**

**အများသိစေရန် ကြေညာအပ်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဇမ္ဗူသီရိ ၈လမ်း၊ ၆/အနောက်ရပ်ကွက်၊ အမှတ် ၂၃၇နေ ကျွန်တော်၏မိတ်ဆွေများဖြစ်ကြသော ဦးသိန်းမြင့် ၁၂/သကတ(နိုင်)၁၀၂၃၁၂ နှင့် ဒေါ်ချစ်ရင် ၁၂/သကတ(နိုင်)၁၀၂၃၀၅ တို့၏သမီး ဒေါ်ထိုက်ထိုက်မြင့် ၁၂/သကတ(နိုင်) ၁၅၄၁၅၇ ၏ခင်ပွန်း၊ ဦးဝင်းအောင်၏သား ဦးကျော်စွာမြင့် ၁၂/သကတ(နိုင်)၁၃၀၁၀၀ သည် ၎င်းနှင့်ပေါင်းသင်းနေထိုင်စဉ်က မွေးဖွားခဲ့သော အသက်(၂၃)နှစ် အရွယ်ရှိသော သားမောင်ထွန်း သက်နိုင် ၁၂/သကတ(နိုင်)၁၇၃၈၅၈ ငယ်စဉ်ကတည်းက ဇနီးဖြစ်သူ ဒေါ်ထိုက်ထိုက်မြင့် နှင့် သားဖြစ်သူ မောင်ထွန်းသက်နိုင်တို့အား စွန့်ခွာ၍ မိမိသဘောဆန္ဒအရ နေအိမ်မှဆင်းသွားပြီး၊ ယနေ့ထိ ကျွန်ုပ်မိတ်ဆွေများ၏ သမီးဒေါ်ထိုက်ထိုက်မြင့် နှင့်မည်သည့်ဆက်သွယ်မှုမျိုးမှမရှိတော့ သည့်အတွက် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုကျွန်ုပ်မိတ်ဆွေ၏ သမီးဒေါ်ထိုက်ထိုက်မြင့် အနေဖြင့်လုံးဝ (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ယင်းကြေညာချက်အား ကန့်ကွက်လိုသူများသည် ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အကြောင်းပြချက်များဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်ထိုက်ထိုက်မြင့် ၁၂/သကတ(နိုင်)၁၅၄၁၅၇ ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ကြီး(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)(စီမံ/စီးပွား)
**B.A(Eco),D.A,R.L,DBL,DML,DIL,M.A(Business Law P1),WIPO (Switzerland) အထက်တန်းရှေ့နေ-၃၇၀၂၉**
**ရုံးအမှတ်(၅၀)၊ အခန်း (C-2)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ အိမ်အမှတ် ၄၈၇၊ ဒူးယား ၄လမ်း၊ ၅၀ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၂၅၂၄၀၁၄၁၇**

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ အမှတ်(၂၂)၊ မင်းကြီးညိုရပ်ကွက်၊ အကွက်အမှတ်(၃-ပန်းဘဲအနောက်)၊ ဦးပိုင်အမှတ်(၂၃၇)၊ (ယခင်မြေကွက်အမှတ် ၆၃၆)၊ သီရိကျော်ထင်လမ်း၊ ဧရိယာ ၀ဒသမ၁၀၈ ဧကရှိမြေကို မြေငှားဂရန်အသစ်ရရှိရန် ဒေါ်သန်းသန်းဝင်း ၇/ထတပ(နိုင်)၀၆၁၈၇၃ က လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဒေါ်သန်းသန်း ဝင်းသို့ မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။
**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြဓမ္မာရုံလမ်း၊ မြေကွက်အမှတ်(၂၂၃) နှင့်ပတ်သက်၍**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ ပတ္တမြား ရပ်ကွက်၊ မြဓမ္မာရုံလမ်း၊ မြေကွက်အမှတ်(၂၂၃)၊ အကျယ်ပေ(၃၀×၅၀)ရှိ ဒေါ်ရွှေစိန် အမည် ပေါက် မြေချပါမစ်ထွက်ရှိထားသည့် အိမ်မြေအား လက်ဝယ်ထားပိုင်ဆိုင်သူပိုင်ရှင် ဦးစိုးဝင်း ၁၂/ဗတထ(နိုင်)၀၁၅၂၆၁ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်မျိုးအောင် ၉/မကန(နိုင်) ၀၉၉၇၄၉မှ (၁၉-၁၂-၂၀၁၄)ရက်စွဲပါ စာချုပ်နှင့်အပြီးအပိုင် လွှဲပြောင်းဝယ်ယူထားပြီး ဖြစ်ကြောင်းနှင့် ထိုမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင်(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဥ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၂၅၄၅၂၀၁၄၈

## လူမှုရေးကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Co.,Ltd.၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဟန်ဝင်း-ဒေါ်မာလာမိသားစု**
**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Co.,Ltd.၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**BOARD OF DIRECTOR များနှင့် ဝန်ထမ်းမိသားစုများ**
**STEEL KING CO., LTD.**

## အထူးဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Co.,Ltd.၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**RRKABLE (INDIA)**
**CLASSIC CABLE & WIRE CO., LTD.**

## အထူးဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Co.,Ltd.၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**SHU TONE ခန်းဆီးလိုက်ကာဆိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Co.,Ltd.၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်ကြည် MKCC(MK Civil Construction)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Co.,Ltd.၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစတီးသံချောင်းရောင်းဝယ်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Co.,Ltd.၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်စိန်စိန်ဦး**
**အဲဗားဘီလပ်မြေ၊ သံချောင်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Co.,Ltd.၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Hein Investment Ltd., TOTO**

## အထူးဝမ်းနည်းကြေကွဲခြင်း

မိဘကဲ့သို့သင်ပြဆုံးမခဲ့သော အဖေကြီးဦးကိုကိုလေး ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းငွေ Operation Director**
**Foundation Technology Piling Company -**
**ဒေါ်မျိုးမင်းသက် (Director) Lanmadaw Plazza Hotel**

## အထူးကျေးဇူးတင်ရှိခြင်း
### ဒုတိယဗိုလ်မှူးကြီး သန်းဌေး (ငြိမ်း)
### အသက် (၉၀)

၂၂-၁၂-၂၀၁၄ ရက်က ကွယ်လွန်ခဲ့သော ဒုတိယဗိုလ်မှူးကြီးသန်းဌေး(ငြိမ်း) မကျန်းမာစဉ်က ကူညီစောင့်ရှောက်ခဲ့ကြသော ပြည်ထောင်စုကျန်းမာရေးဝန်ကြီး ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့်ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး၊ ပါရဂူဆရာဝန်ကြီးများ၊ သူနာပြုများအားလည်းကောင်း၊ နေအိမ်တွင် အနီးကပ်စောင့်ရှောက်ကုသပြုစုခဲ့သော ဆရာဝန်ကြီးဒေါက်တာအောင်ချိန်နှင့် နေ့ညပြုစုခဲ့ကြသော သူနာပြုဆရာမများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ သတင်းမေးကြသော ဆွေမျိုးသင်္ဂဟအပေါင်းတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Co.,Ltd.၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျာနှင့်ဝန်ထမ်းများ**
**SOHO APARTMENT,**
**DIAMOND CONDOMINIUM**
**ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်**

## ဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Group of Companies ၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်ဦး မိသားစု**
**ခိုင်ထွန်း Stainless Steel**

## ဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Group of Companies ၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**WIN & WIN Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Group of Companies ၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ASIA LIGHT လျှပ်စစ်ပစ္စည်း**

## ဝမ်းနည်းကြေကွဲခြင်း

ASIA EXPRESS Group of Companies ၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**SOE AUNG & BROTHER လျှပ်စစ်ပစ္စည်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ငယ်စဉ်ကလေးဘဝကတည်းမှ အစစအရာရာ သွန်သင်ဆုံးမပေးခဲ့သော ဦးကြီး ဦးကိုကိုလေး (ASIA EXPRESS GROUP OF COMPANIES) ၏ နာယကကြီးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။ ဦးကြီး တစ်ယောက် ကောင်းရာသုဂတိဘုံဘဝရရှိခံစား စံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်။

**တူတော်မောင်ကြီး - ဦးဇာနည်စိုး**
**Director (ASIA EXPRESS GROUP OF COMPANIES)**
**Director (Business Finance Development Co.,Ltd.)**
**မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း**
**MCEA အလုပ်အမှုဆောင်**
**မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း**
**MHA အလုပ်အမှုဆောင်(ရန်ကုန်ဇုန်)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီးတစ်ဦးဖြစ်သူ ဦးကိုကိုလေး (ASIA EXPRESS GROUP၏ နာယကကြီး) သည် ၂၀-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်အောင်**
**Max-D Construction & Home Decoration**

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်ခင် (မိုးကုတ်မြို့)
### အသက်(၉၂)နှစ်

မိုးကုတ်မြို့နေ (ဦးလူ-ဒေါ်နှမ်း)တို့၏သမီး၊ ပါရမီမဥ္ဇူလမ်းနေ ဒေါ်လှဝင်း၏အစ်မ၊ ဒေါ်ရင်မေ၊ ဒေါ်မြင့်မြင့်၊ ဦးခင်မောင်ကို-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ရီရီ၊ ဒေါ်ခင်ပြုံး၊ ဦးသိန်းဌေး၊ ဦးမောင်ဦး-ဒေါ်သိဂီ၊ ဦးဝင်းသိန်းနိုင်-ဒေါ်မီမီလွင်တို့၏အဒေါ်၊ ဦးမြင့်လွင်-(ဒေါ်အမာကြည်)၊ (ဦးညွန့်ရွှေ)-ဒေါ်ခင်မာရီ၊ ဒေါက်တာခင်မောင်လွင်-ဒေါ်ကြည်ကြည်အေး၊ ဦးဝင်းလွင်-ဒေါ်စန်းစန်းလွင်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွား၊ (ဦးကံလှ)၏ဇနီးသည် ၂၃-၁၂-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့)ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်၅၄၊ အောင်မင်းခေါင် ၁လမ်း၊ ကမာရွတ်မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### မိုးကုတ်မြို့နယ်အသင်း
## ဒေါ်စိန်ခင် အသက် (၉၂)နှစ်

မိုးကုတ်မြို့နေ (ဦးလူ-ဒေါ်နှမ်း)တို့၏သမီး၊ ဦးဝင်းလွင်-ဒေါ်စန်းစန်းလွင်တို့၏မိခင်သည် ၂၃-၁၂-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညိမ်းတင်(ဒိုက်ဦး)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ခြံအမှတ် ၁၃၊ တောင်မြင်းပြိုင်ကွင်းလမ်းနေ (ဦးစိန်ဗန်း-ဒေါ်ရင်မေ)တို့၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ထန်းပင်ကောင်းကျေးရွာနေ (ဦးကျောက်လုံး-ဒေါ်ရွှေစု)တို့၏သမီးချွေးမ၊ (ဦးထွန်းကြူ)၏ဇနီး၊ ကိုမင်းထွန်းဦး(Master F.G)-မလေးနိုင်၊ မခင်သက်(Myanmar Brewery Ltd.) တို့၏မိခင်၊ (ပဏ္ဍိစ္စာရာမ ပရိယတ္တိစာသင်တိုက် ရတ္တညူနာယက လေးထပ်ကျောင်းတော်ကြီး မတည်အလှူရှင်နှင့် မော်တော်ယဉ်အလှူရှင် ဒေါ်ညိမ်းတင်)သည် ၂၃-၁၂-၂၀၁၄ရက် (အင်္ဂါနေ့)နံနက် ၉း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ရဟန်းဒါယကာ၊ ကုဋေအလှူရှင်
## ဦးမောင်မောင်မြင့်
### အတွင်းရေးမှူးဟောင်း၊ သာယာဝတီမြို့နယ်အသင်း
### အထက်တန်းပြဆရာဟောင်း၊
### ပြည်သူ့တက္ကသိုလ်ဝင်ကျောင်း(တာမွေမြို့နယ်)
### ထုတ်လွှင့်ရေးမှူးဟောင်း(မြန်မာ့အသံ)
### စာပေဗိမာန် စာမူဆုရွေးချယ်ရေးအဖွဲ့ဝင်(ငြိမ်း)၊ စာတည်းတာဝန်ခံ(ငြိမ်း)၊ စာပေဗိမာန်
### အသက်(၈၀)

ရန်ကုန်မြို့၊ပိတောက်မြိုင်လမ်း၊(၄၁)ရပ်ကွက်၊အမှတ်-၁၃၉၂နေ ဒေါ်ခင်အေးသန်း (မွေး/ရေ-ငြိမ်း)၏ခင်ပွန်း၊ ဦးနေမျိုးဦး-ဒေါ်နော်မူးဘလု၊ ဦးကျော်ကျော်သက်-ဒေါ်ခင်ဥမ္မာညွန့်တို့၏ဖခင်၊ ကိုသီဟညွန့်၊ ကိုချစ်မြတ်ညွန့်၊ မနှင်းအိကျော်တို့၏ အဘိုး၊ တူ/တူမငါးယောက်တို့၏ဦးလေးသည် ၂၃-၁၂-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းဝင်း
### နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်
### ယောဂီ၊ အောင်သုခမ္မရိပ်သာ၊ ပဲခူးမြို့
### အသက် (၇၆)နှစ်

ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ နာယက၊ လူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း အသက်(၇၆)နှစ်သည် ၂၁-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဇော် -ဒေါ်ဌေးဌေးခိုင်**
**Max Myanmar Holding Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် သာသနာ့ဒါယကာကြီး
### လူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ
### ဦးသိန်းဝင်း(ခ)လင်ကမ်းစိန် အသက်(၇၆)နှစ်
### နယက၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်

လူမှုထူးချွန်(ဒုတိယဆင့်) ဝဏ္ဏကျော်ထင်ဦးကျော်ဝင်း-သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နန်းမောက်လောဝ်ဆိုင်တို့၏ဖခင်သည် ၂၁-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ဧရာဝတီဘဏ်လီမိတက်**

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မင်း(ခ)ဦးဖိုးထောင် (ခရမ်းမြို့)
### အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ငှက်ကျောင်းလမ်းနေ(ဦးအောင်ငြိမ်း-ဒေါ်စန်းကြည်)တို့၏သား၊ခရမ်းမြို့၊ (၆)ရပ်ကွက်၊ သီရိမင်္ဂလာလမ်းနေ ဦးအေး-ဒေါ်တင်နုတို့၏သားသမက်၊ (ဦးသောင်းရွှေ)-ဒေါ်အေးဆင့်၊(ဦးမျိုးမြင့်)-ဒေါ်မြတ်မြတ်သီတို့၏ညီ၊ ကိုအောင်မိုး-မလှလှဌေး၊ ကိုတင်မောင်လတ်-မဌေးဌေးအောင်၊ ကိုဇော်ဟန်ဝင်းထွန်း-မဆွေဆွေဝင်း၊ ကိုအောင်ဆန်းဝင်း-မခိုင်ဇင်ဝင်းတို့၏အစ်ကို၊မအိဇာမျိုး(တတိယနှစ်၊ဥပဒေ၊ဒဂုံတက္ကသိုလ်)၊ မောင်ပြည့်ဖြိုးဟိဏ်း(Grade-7, ဒဂုံ-၁)တို့၏ဖခင်၊ အမှတ်(၄၈)၊ မြေညီ၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ(ဒေါ်ဌေး ဌေးဝင်း)၏ခင်ပွန်းသည် ၂၂-၁၂-၂၀၁၄ ရက် ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ် နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ကြော်ငြာ

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒုတိယဗိုလ်မှူးကြီးသန်းဌေး (ငြိမ်း)

**ကြည်း-၆၂၃၉ (ဗိုလ်လောင်းသင်တန်းအမှတ်စဉ်-၇)**

**အသက်(၉၀)**

ဗိုလ်မှူးတိုးအောင်ဌေး(ငြိမ်း) - ဒေါ်နော်ဇာမော်တို့၏ဖခင်၊ ဒုတိယဗိုလ်မှူးကြီးသန်းဌေး(ငြိမ်း)သည် ၂၂-၁၂-၂၀၁၄ရက် ညနေ ၅း၀၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၆)မှ**

**သူငယ်ချင်းနှင့်မိသားစုဝင်များ**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးသန်းဌေး (ငြိမ်း)

**အသက်(၉၀)**

ဗိုလ်မှူးတိုးအောင်ဌေး(ငြိမ်း) - ဒေါ်နော်ဇာမော်တို့၏ဖခင်ကြီး၊ ဒုတိယဗိုလ်မှူးကြီးသန်းဌေး(ငြိမ်း)သည် ၂၂-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သင်းလွင်၊ သန့်ဇင်ဦး၊ အောင်နိုင်သူနှင့် မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်**

**သာသနာ့ဒါယကာကြီး**

**လူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ၊**

**သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

## ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်

**နာယက၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်**

**ပဲခူးမြို့၊ ဆုတောင်းပြည့်စွယ်တော်ရှင်မဟာစေတီတော်မြတ်ကြီး၏**

**ရောင်တော်ဖွင့်အလှူဒါယကာကြီး**

**အသက်(၇၆)နှစ်**

ဗိုလ်တထောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ခြံအမှတ် ၂/၃/၄ နေ သီဟသုဓမ္မသီင်္ဂီ၊ သီရိသုဓမ္မသီင်္ဂီ၊ မဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်နီနီ၏ချစ်လှစွာသောခင်ပွန်း၊ လူမှုထူးချွန်(ဒုတိယဆင့်) ဝဏ္ဏကျော်ထင် ဦးကျော်ဝင်း-သီရိသုဓမ္မသီင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်နန်းမောက်လောဝ်ဆိုင်တို့၏ဖခင်ကြီး ဦးသိန်းဝင်း(ခ)လင်ကမ်းစိန် အသက်(၇၆)နှစ်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**(ပဲခူးမြို့) မဟာစေတီဂေါပကအဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးသိန်းဝင်း

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက၊လူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း အသက်(၇၆)နှစ်သည် ၂၁-၁၂-၂၀၁၄ရက် နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းမြင့်နှင့် ဇနီး ဒေါ်စန်းစန်း မိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးသိန်းဝင်း

**နာယက**

**ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**(ယောဂီ၊ အောင်သုခမ္မရိပ်သာ၊ ပဲခူးမြို့)**

**အသက်(၇၆)နှစ်**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက၊ သီဟသုဓမ္မသီင်္ဂီ၊ သီရိသုဓမ္မသီင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်နီနီ၏ချစ်လှစွာသောခင်ပွန်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လူမှုထူးချွန်(ဒုတိယဆင့်)ဝဏ္ဏကျော်ထင် ဦးကျော်ဝင်း-သီရိသုဓမ္မသီင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်နန်းမောက်လောဝ်ဆိုင်တို့၏ဖခင် ဦးသိန်းဝင်းသည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာစိန်မြင့်-ဇနီး ဒေါ်မြတ်သန္တာ**

**နာယက၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့**

**Chairman**

**(Supreme Group of Companies)**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကြားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကြားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကြားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**

**ကြီးကြပ်မှုကော်မတီ**

## ဒေါ်သန်းလှ

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၀၈၊ ရွှေဘုံသာလမ်းနေ ဦးပါ-ဒေါ်စိန်နုတို့၏ သမီးချွေးမ၊ ဦးတရုတ်ဖြူ-ဒေါ်ချစ်တို့၏သမီး၊ (ဦးအောင်သွင်)၏ဇနီး၊ ဦးမြင့်ဦး-ဒေါ်ဝင်းဝင်းမြင့်၊ ရဲမှူးကြီးအောင်ဌေးမြင့်၊ ဒေါ်စန်းစန်းအေး၊ ဦးဆန်းအောင်ထူးတို့၏ချစ်လှစွာသောမိခင်၊ မမြမြင့်မိုရ်သွင်၊ မဆုမြင့်မြတ်၊ မသက်မြတ်နိုးသွင်၊ မသက်ဆုစံ၊ မောင်ဘုန်းမြင့်မြတ်၊ မောင်ဆန်းဘုန်းထွဋ်တို့၏အဘွားသည် ၂၄-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်သန်း

**အသက်(၈၄)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးမှ ဌာနမှူး (နိုင်ငံတကာ) ရဲမှူးကြီးအောင်ဌေးမြင့်-ဒေါ်စန်းစန်းအေးတို့၏ မိခင်သည် ၂၃-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနကြီးမှ တပ်ဖွဲ့ဝင်နှင့်မိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကွန်တင်

**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊ လေးထောင့်ကန်လမ်းမ၊ တိုစတာပလာဇာ၊ အခန်းအမှတ် ၇၀၂နေ (ဦးမှတ်-ဒေါ်မေ)တို့၏သမီး၊ (ဦးရေး)၏ဇနီး၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar Group of Companies)၊ ဒေါ်ခင်ခင်ကြိုင်၊ ဦးမျိုးလွင်-ဒေါ်စန်းစန်းမြင့်၊ ဦးသောင်းစိန်-ဒေါ်နီနီထွေး၊ ဦးခင်မောင်လွင်-ဒေါ်နန်းကလျာစိုး၊ ဦးတင်မိုးအောင်-ဒေါ်မြင့်မြင့်မိုးတို့၏ချစ်လှစွာသောမိခင်၊ မြေး၁၂ယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအသိပေးအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကွန်တင်

**အသက်(၈၃)နှစ်**

ဦးမျိုးအောင် (MD-Sun Myanmar Group of Companies)-ဒေါ်ခင်ရည်မွန်(Director- Sun Myanmar Group of Companies)တို့၏မိခင်ကြီး ဒေါ်ကွန်တင်သည် ၂၄-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ**

**Sun Myanmar International Impex Co.,Ltd.**

**Sun Myanmar International Mining Co.,Ltd.**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**အသက်(၇၆)နှစ်**

ချစ်ခင်လေးစားရပါသော ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ)၏ချစ်လှစွာသောဖခင်ကြီးသည် ၂၁-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည်ကို ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(SKY. NET. BAGO. RSP) မိသားစု**

## ဦးမြသာ (စစ်တွေ)

**B.Sc (Geology) 1973 Batch**

**ဦးစီးအရာရှိ(ဘူမိ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ် ၂၄နေ (ဦးကျော်ဇံလှ-ဒေါ်ညွန့်)တို့၏သား၊ (ဦးဖြူမောင်)-ဒေါ်ဦးရီ၊ ဒေါ်သန်းရင်(အထက-၄၊ အလုံ၊ ငြိမ်း)၊ ဦးမောင်ရွှေ(အထက-၁၊ သန်လျင်၊ ငြိမ်း)-ဒေါ်လှသိန်း(အထက- ၁၊ သန်လျင်၊ ငြိမ်း)တို့၏မောင်၊ (ဦးမောင်မောင်လှ)-ဒေါ်ယဉ်မေတို့၏ညီ၊ ဦးမောင်မောင်မြင့်(ဘခရ၊ ငြိမ်း)-ဒေါ်တင်နု(အလည၊ ငြိမ်း)၊ ဦးခင်စိုး-ဒေါ်သန်းသန်းနု၊ ဦးတင်မောင်ဌေး-(ဒေါ်စန်းစန်းဝေ)၊ မစိုးစိုးရီတို့၏အစ်ကိုသည် ၂၃-၁၂-၂၀၁၄ရက် ညနေ ၆း၁၅နာရီတွင် အကယ်ဒမီဆေးရုံ အလုံမြို့နယ်၌ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မသန္တာအောင် (LL.B, D.B.L)

**အသက်(၂၇)နှစ်**

ရန်ကုန်မြို့၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ်(၄)လမ်း၊ အမှတ် ၃၆နေ ဦးမျိုးသန်း-(ဒေါ်မြင့်မြင့်သန်း)တို့၏တစ်ဦးတည်းသောသမီး၊ ဒေါ်ကြည်ဝင်း၊ ဦးမြင့်သန်း-ဒေါ်လင်းလင်းချစ်၊ ဦးမောင်ညို-ဒေါ်ခင်ထားရီ၊ ဦးမော်စီ-ဒေါ်တင်တင်ဝင်း၊ ဦးစိုးကြည်-ဒေါ်ခင်သန်းနွယ်၊ ဦးဝင်းမြင့်-ဒေါ်ဌေးဌေးတို့၏တူမ၊ ဦးနေလင်းထွန်း-ဒေါ်ကြည်လင်းသန်း၊ ဒေါ်မြတ်မြတ်ဝေ၊ ဦးနေလင်းထွဋ်၊ ဦးဇင်လင်းထွဋ်၊ ဦးအောင်လင်းထွဋ်၊ မအိနှင်းခိုင်တို့၏အစ်မ/ညီမသည် ၂၄-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**

## ဦးသန်းမောင်

**လက်ထောက်ကြီးမှူး**

**မြေပဒေသာဥယျာဉ်**

**အသင်းဝင်အမှတ်(၀၅၂၉)**

**အသက်(၈၃)နှစ်**

ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်၊ပတ္တမြားလမ်း၊ အမှတ် ၃၈၊ ပထမထပ်နေ ဦးသန်းမောင်သည် ၁၉-၁၂-၂၀၁၄ ရက်တွင်ကွယ်လွန်သွားပါ၍ ၂၁-၁၂-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**

## ဦးဗိုလ်ဝင်း

**(တော်လတဲ့၊ ညောင်ဝိုင်း)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၂၁ လမ်း၊ အမှတ် ၄၆၅နေ (ဦးမြ-ဒေါ်လှတင်)တို့၏သားကြီး၊ ဦးစိန်မြင့်(စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း) - ဒေါ်တင်တင်စိန်၊ (ဦးကျော်ညွန့်)-ဒေါ်စန်းစန်းလွင်တို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၃ယောက်တို့၏ ဘကြီး၊ မြေး ၁၈ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၃-၁၂-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၆း၁၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့် (ခနေဖြူ)

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊မုန့်/တောင်ရပ်ကွက်၊ ဓညဝတီလမ်း၊ အမှတ် ၁၁နေ (ဦးသိန်းမောင်-ဒေါ်မကြေး)တို့၏သမီး၊ ဦးထွန်းသင် (ကပရ၊ ငြိမ်း)၏ဇနီး၊ ဦးအောင်သင်း-ဒေါ်သီတာအုန်း(ကပရ၊ ရုံးချုပ်၊ နေပြည်တော်)၊ (ဦးရဲလင်းလှိုင်)-ဒေါ်သန်းသန်းအေး(တရားလွှတ်တော်ရှေ့နေ)၊ဦးမြတ်သူ-ဒေါ်သင်းသင်းမိုးတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည်၂၃-၁၂-၂၀၁၄ရက် (အင်္ဂါနေ့)ညနေ ၆း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ဝင်း

**(အင်းလေး)**

**အသက်(၆၆)နှစ်**

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေး၊ ဟဲယာရွာမနေ ဦးဝင်းဆွေ (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ညောင်ရွှေမဲဆန္ဒနယ်)၏ဇနီး၊ ဦးခိုင်လင်းမောင်-ဒေါ်စံပယ်နှင်း၊ ဦးဝင်းအောင်-ဒေါ်စုဝါဝါခင်၊ ဦးတင့်ဇော်-ဒေါ်စုနန္ဒာထွေးတို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၂၃-၁၂-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁း၃၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အင်းလေး ဟဲယာရွာမသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၁၄ရက် (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီး

## ဝင်းညွန့်မောင်ထွေး (ငြိမ်း)

**D.S.A အပတ်စဉ်(၄၇)**

**ကြည်း-၄၀၂၃၅**

**အသက်(၃၀)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၁၈၂နေ ဦးညွန့်မောင်-ဒေါ်သန်းတင်တို့၏သား၊ မောင်ကျော်ဇေယျာမင်း၊ မမို့မို့ဝင့်တို့၏ညီ/မောင်၊ မဝင်းသန္တာထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မဆုလာဘ်နဒီ၏ဖခင်သည် ၂၄-၁၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁၂-၂၀၁၄ ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေးဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်(မအူပင်) B.A, B.Ed

**(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)၊ လှည်းကူး၊ အထက(ကျုံဒိုး၊ မော်ဘီ)**

**ကျိုက္ခမီအသင်း(ကန်တော့ခံ)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ် ၂၆ (ငါးလွှာ-B)နေ (ဦးအေးချို-ဒေါ်ထားငွေ)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်သိန်းရင်)တို့၏သားသမက်၊ ဒေါ်မြရီ၏ခင်ပွန်း၊ဒေါ်ခင်တိုး၏အစ်ကို၊ ဦးရွှေမိုး-ဒေါ်ခင်အေးနွယ်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ ပဲခူးခရိုင်၊ ပညာ)၊ ဒုတိယဗိုလ်မှူးကြီးထွန်းမြင့်(ငြိမ်း) (စက်မှုဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်သီင်္ဂီမော် (ရန်ကုန် တိုင်းဒေသကြီး၊ စိုက်ပျိုးရေး)၊ ဦးကျော်ထူးအောင်-ဒေါ်ခင်မျိုးအေး(ခ) ဒေါ်သင်းသင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၃-၁၂-၂၀၁၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဉာဏ်သိန်း(ခ)ဦးလှသန်း (ဖျာပုံ)

**(MOGE) ရေနံသယ်/ပို့စက်ပြင်(ငြိမ်း)**

**အသက်(၇၁)နှစ်**

ဖျာပုံမြို့နေ (ဦးဉာဏ်တင်-ဒေါ်မြကြည်)တို့၏သား၊ တောင်တွင်းကြီး၊ အုန်းတော်ရပ်နေ (ဦးသာလှ-ဒေါ်တင်ညို)တို့၏သားသမက်၊ (ဒေါ်လှမြင့်)၏ခင်ပွန်း၊ ဒေါ်တင်အေး၏မောင်၊(ဦးလှမြင့်-ဒေါ်အမာစိန်)တို့၏အစ်ကို၊ ဦးမောင်မောင်လွင်-ဒေါ်တင်ထားမူ၊ ဦးမြင့်နိုင်-ဒေါ်မြမြအေး၊ ဦးဝင်းယုနိုင်-ဒေါ်ယဉ်မိုးလှိုင်၊ ဦးဟန်ဝင့်အောင်-ဒေါ်ခင်ဥမ္မာတင်(ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၃-၁၂-၂၀၁၄ရက် မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမြတ်သာ

**အသက်(၆၇)နှစ်**

(GEOLOGY 72/73) သူငယ်ချင်း ဦးမြတ်သာ(စစ်တွေ) ၂၃-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၂၊ ၁၉၇၃ ရန်ကုန်တက္ကသိုလ်**

**ဘူမိဗေဒ ကျောင်းသား/ကျောင်းသူများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဇော်ဝင်း (ပြင်ဦးလွင်)

**အသက်(၆၅)နှစ်**

(ဦးတင်-ဒေါ်ဝိုင်း)တို့၏သား၊ (ဦးထွန်းရွှေ-ဒေါ်သောင်း)တို့၏သားသမက်၊ ဗိုလ်ကြီးဝေဖြိုးသန်း(ငြိမ်း)-ဒေါ်မြတ်ချိုဝင်း၊ ဒေါ်ဝေမာဇော်၊ ဗိုလ်မှူးကျော်ဝင်းမြင့်-ဒေါ်နန်းမွန်မွန်ထွန်း၊ ဒေါ်မြတ်ငြိမ်းအေးတို့၏ဖခင်၊ မခင်မြတ်နိုးဝေ (Grade-8, အထက-၅၊ ဗိုလ်တထောင်)၊ မခင်မြတ်စုဝေ (Grade-3, အထက-၅၊ ဗိုလ်တထောင်)တို့၏အဘိုး၊ ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ရတနာလမ်း၊ အမှတ် (ပ-၆၁)နေ ဦးဇော်ဝင်းသည် ၂၄-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်တင့်

**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခလောင်ကျေးရွာနေ (ဦးပု-ဒေါ်ညွန့်)တို့၏သမီး၊(ဦးမြင့်ဆွေ-ဒေါ်သန်းကြည်)တို့၏သမီးချွေးမ၊ ဒေါ်လေဒီ၊ ဒေါ်ခင်လေးတို့၏ညီမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၁၉လမ်း၊ အမှတ် ၇၃၅နေ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း) ဥက္ကဋ္ဌ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ(တောင်ဥက္ကလာပမြို့နယ်)၏ဇနီး၊ ဦးကျော်လင်းဦး-ဒေါ်ဇင်မာကျော်၊ ဗိုလ်မှူးဝေလင်းအောင်-ဒေါ်လွင်လွင်မော်တို့၏မိခင်၊ မမိုးအေးနှင်းဆီ၊ မောင်ရဲရင့်မိုးထက်တို့၏ချစ်လှစွာသောအဘွားသည် ၂၃-၁၂-၂၀၁၄ ရက် (အင်္ဂါနေ့) ည ၁၁း၀၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၄ရက် နံနက် ၇း၃၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ညိုညိုလှိုင် (မြိတ်)

**ဦးစီးမှူး၊ လသာ(သ/မ)ဦးစီးဌာန**

**အသက်(၅၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ဒေါပုံမြို့နယ်၊ ယမုံနာ (၂)ရပ်ကွက်၊ ယမုံနာအိမ်ရာ၊ အခန်းအမှတ် AII-61နေ (ဦးဘလှိုင်-ဒေါ်ခင်အေး)တို့၏သမီး၊ ဦးတင်အောင်-ဒေါ်စန်းရီတို့၏ချွေးမ၊ (ဦးဝင်းလှိုင်)၏ညီမ၊(ဦးလွင်ဦး)၏ဇနီး၊ မပြည့်ပြည့်ငြိမ်းချမ်း (ဒုတိယနှစ်၊ သန်လျင်နည်းပညာတက္ကသိုလ်)၏ မိခင်သည် ၂၃- ၁၂-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်သိန်း

**(မောင်တော)**

**အသက်(၆၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ် ၁၁၈၆၊ လေးလွှာ (B)နေ (ဦးမောင်နှောင်း - ဒေါ်လှမသာ)တို့၏ သား၊ (ဦးထွန်းကျော့သာ) - ဒေါ်ပန်းမခိုင်တို့၏သားသမက်၊ ဒေါ်အေးကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းနိုင်-ဒေါ်နီနီဦး၊ ဦးမောင်မောင်စိုး-ဒေါ်ဌေးမေ၊ ဦးအောင်နိုင်စိုး-ဒေါ်ယမုံ၊ ဒေါ်နှင်းအေးစိုးတို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးရှင်သည် ၂၃-၁၂-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၅း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးညွန့်ဖေ ထွန်း လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနား အကြိုလေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဗိုလ်ရှုခံအခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ဖေ ထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်၌ ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုလေ့ကျင့်နေမှုနှင့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးညွန့်ဖေ ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအေးမြင့်ကြူ၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ တာဝန်ရှိသူများနှင့်အတူ နံနက် ၈ နာရီခွဲတွင် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားကျင်းပမည့် ဗိုလ်ရှုခံမဏ္ဍပ်သို့ရောက်ရှိပြီး အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လုံခြုံရေးနှင့် သတင်းထုတ်ပြန်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားအစီအစဉ်များဖြစ်သည့် အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ စုရပ်ကွင်းသို့ ချီတက်နေရာယူခြင်း၊ နိုင်ငံတော်သမ္မတအား အလေးပြုခြင်းနှင့် တပ်စစ်ဆေးခံခြင်း၊ နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုခြင်းနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ■

**ဒုတိယသမ္မတ ဦးညွန့်ဖေ ထွန်း ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားအကြိုလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** ဓာတ်ပုံ-သန်းဦး(လေးမျက်နှာ)

## ယနေ့ » မာတိကာ


**မဏ္ဍိုင်များအကြား ဆက်ဆံရေးနှင့် အမေရိကန်နိုင်ငံရေးစနစ်** ဆောင်းပါး စာ » ၆

**ဆီဘောက်ဆာယာဉ်မှ ကားဆီပီပါသို့ ဆီပလုယ်စဉ် မီးလောင်မှုဖြစ်ပွား** စာ » ၁၁


**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။


**သတိပေးနှိုးဆော်ချက်**

